
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၁၂၆၃၀၅၁၀ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၀၁၈၀၆၀၁ ]

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဧပြီလ၊ ၂၀၀၆ ခုနှစ်။

ထုတ်ဝေသူ
ဦးအောင်ခိုင် (ယာယီ-၁၀၇၄) ရွှေအိမ်မှူးစာပေ
အမှတ် (၂၂၁)၊ (၃၁) လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)
အမှတ် (၈၇)၊ (၅၆) လမ်းတို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင် - ဦးအောင်တင်အေးနှင့်သမီးများ
စာအုပ်ချုပ် - စွယ်တော်
မျက်နှာဖုံးဒီဇိုင်း - ကိုဥက္ကာ (ATOMIC Digital Art)
ကွန်ပျူတာစာစီ - သူသူ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀၀ ကျပ်

# သတိုးဇော်

## ကိုယ့် လက် ခုပ် ထဲ က နတ် ဆိုး

(ပထမဆုံးလုံးချင်းဝတ္ထု)

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စာရေးသူ၏အမှာ

'သတိုးတေဇ' ဆိုတာ မင်းခိုက်စိုးစန်ရဲ့ ကလောင်ခွဲတစ်ခုပါ။ ... ခုနှစ်လောက်က သရဖူမဂ္ဂဇင်းမှာ ရေးခဲ့တဲ့အမည်တစ်ခုပေါ့။ ...ယ်ရေးဝတ္ထုတွေ ဆောင်းပါးတွေ ပို့စ်မော်ဒန်အယူအဆတွေကို ...စိုးစန်' အမည်နဲ့ ရေးသားခဲ့ပြီး ဘာသာပြန်နဲ့ မှိုင်းပြမ်းစာတွေကို ... 'သတိုးတေဇ' နာမည်နဲ့ ရေးခဲ့တာဖြစ်ပါတယ်။

ကလောင်အမည်ခွဲရတဲ့ ရည်ရွယ်ချက်က (မှိုင်းပြမ်းစာတွေကြောင့် ...စိုးစန်' ဆိုတဲ့ နာမည်ကို ထိခိုက်မှာ စိုးရိမ်တာပါသလို) သီးခြား ...ရသာနဲ့ သီးခြားစာရေးဟန်တစ်ခု လိုင်းတစ်ခု ကွဲကွဲပြားပြား ...င် အားထုတ်ချင်လို့ပါ။ ဒါကြောင့် သတိုးတေဇ နာမည်နဲ့ ရေး ...စွာ မင်းခိုက်စိုးစန်ရဲ့ အရိပ်အငွေ့နဲ့ အရသာကို တွေ့ရမှာ ...ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အခု ဒီဝတ္ထုဟာလည်း R.L. STINE ရဲ့ SAY CHEESE AND DIE ကို မှီငြမ်းပြီး 'သတိုးတေဇ' အမည်နဲ့ ရေးသားခဲ့တာ ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဘယ်မဂ္ဂဇင်း ဘယ်စာမျက်နှာမှာမှ မဖော်ပြဖြစ်ခဲ့ပါဘူး။ မှီတယ်ဆိုပေမယ့် မူရင်းဝတ္ထုထဲက အားလုံးကို ယူတာ မဟုတ်ပါဘူး။ နောက်ပိုင်းမှာ မူရင်းဇာတ်လမ်းနဲ့ လုံးဝမတူအောင် ခွဲထွက်ပစ်လိုက်ပြီး ကိုယ်ပိုင်အတွေးအခေါ်နဲ့ ဇာတ်လမ်းကို ဆက်လက် တည်ဆောက် တင်ပြထားတာဖြစ်ပါတယ်။

ဟိုးတစ်ချိန်က (၁၉၉၇ ခုနှစ်) မင်းခိုက်စိုးစန် ရဲ့ စိတ်ကူးယဉ်မှုလက်ရာတစ်ပိုင်းတစ်စကို ခံစားကြည့်ကြဖို့ ရည်ရွယ်ပါတယ်။

❑

မင်းခိုက်စိုးစန်
(သတိုးတေဇ)

BURMESE CLASSIC

# အခန်း (၁)

ကွေ့ကောက်သောမြေနီလမ်းကလေးအတိုင်း သူတို့ လျှောက် ခဲ့ကြသည်။ မြို့ကလေး၏ အစွန်အဖျားကျသော လူနေကျဲပါးရာ ဝန်း ကျင်ဖြစ်သောကြောင့် ငှက်အော်သံ သစ်ရွက်ကိုလေတိုးသံမှအပ တိတ် ဆိတ်နေသည်။

သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့အကြားမှ စိမ့်ကျနေသည့် နေရောင်ခြည်သည် အလင်းအား သိပ်မရှိလှ။ ဝန်းကျင်အရာခပ်သိမ်း ဉ် ညို့ညို့မှိုင်းသော အစိမ်းရောင်အဖြစ် အုပ်ဆိုင်းနေလေသည်။

တိုးခန့်က. . .

"မင်းပြောတဲ့နေရာက မရောက်သေးဘူးလား၊ ငါတို့သွက်လာ လာ အတော်ဝေးနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်တော့မှာပါ၊ ငါးမိနစ်စာလောက်ပဲ လျှောက်ရတော့မယ်" ဟု ဇော်ရာက ပြန်ဖြေ၏။

"ဒီလောက်ဝေးမှန်းသိရင် မလာပါဘူးဟယ်၊ အခုတောင် မြို့ပြင်ကို တော်တော်ရောက်လာပြီ၊ အပြန်ကျရင်လည်း ဒီအတိုင်း တမျှော်တခေါ်ကြီး ပြန်လျှောက်ရဦးမှာ"

မားသဲက မိန်းကလေးပီပီ ညည်းညည်းညူညူပြော၏။ 'မားသဲ' ဆိုသည်မှာ မီဇို ချင်းဘာသာစကားဖြင့် အငယ်လေး၊ အထွေးလေးဟု ချစ်စနိုးခေါ်သော နာမည်ဖြစ်လေသည်၊ သူမ၏စကားကြောင့် ဇော်ရာက. . .

"နင်ကလည်း ညည်းမနေစမ်းနဲ့ဟာ၊ ဒီလိုလျှောက်မလာရင်လည်း တစ်ချိန်လုံး ငုတ်တုတ်ထိုင်ပြီး ဘာလုပ်နေရမှာလဲ၊ ပျင်းစရာကြီး သွားစရာမရှိ၊ လာစရာမရှိနဲ့"

တစ်ချိန်လုံးငြိမ်နေသော လက်ျာအောင်ကဝင်ပြီး. . .

"အဲဒီတော့လည်း ဘယ်လောက်ပျင်းစရာကောင်းတယ်ဆိုတာကို ထိုင်ပြောရင်း အပျင်းဖြေရတာပေါ့ကွာ၊ အဲဒါဆိုရင် ပိုပြီး ပျင်းစရာကောင်းလာမယ်ထင်တယ်"

သူ့စကားကြောင့် အားလုံးက နှာခေါင်းရှုံ့လိုက်ကြ၏။ တကယ်လည်း သူတို့သူငယ်ချင်းလေးယောက်အတွက် ဒီလိုအားလပ်ရက်မျိုးတွေမှာ ဘယ်ကိုမှ ထူးထူးခြားခြား သွားစရာ၊ လာစရာမရှိ၊ ခြောက်တပ်ကပ်နိုင်လှ၏။



ယခု ဟိုစပ်စပ်၊ ဒီစပ်စပ် သွားတတ်သူ ဇော်ရာက မြို့စွန်တွင် စိတ်ဝင်စားစရာကောင်းသော အိမ်အိုပျက်ကြီးတစ်လုံးရှိသည်ဟု ပြောသဖြင့် သူတို့အားလုံး အတူသွားကြည့်ရန် လမ်းလျှောက်ထွက်လာခဲ့ခြင်းဖြစ်သည်၊

ယခုတော့ အဝေးကြီးလျှောက်ရလွန်းသဖြင့် အားလုံးက ပူညံပူညံအပြစ်တင်စပြုလာကြသည်။ လက်ျာအောင်တစ်ယောက်တည်းသာ နှုတ်ဆိတ်ရင်း ထိုထူးဆန်းသောအိမ်ကြီးအကြောင်း တွေးနေမိ၏။

သစ်ပင်ကြီးများ ထူထပ်ရာကို လွန်သောအခါ မြေနီလမ်းကလေးက ကုန်းမြင့်ပြေပြေလျှောလျှောကလေး၏ အစပ်တွင် ဆုံးသွား၏။

သူတို့သူငယ်ချင်းလေးယောက်စလုံး ထိုနေရာတွင် ရပ်ပြီး ကုန်းမြင့်တလေးဆီ မော့ကြည့်လိုက်ကြသည်။

နှစ်ပေါင်းများစွာ မခုတ်ထွင်မရှင်းလင်းဘဲပစ်ထားသော မြက်ဝင်များ၊ ပိန်းပိတ်အောင် ရှုပ်ထွေးနေသည့် ခြုံနွယ်ပင်များအကြားတွင် ကြီးမားလှသော အိမ်အိုပျက်ကြီးတစ်လုံးကို တွေ့ရလေသည်။

အဝေးမှ လှမ်းကြည့်ပြီး မြင်ရုံနှင့်ပင် ထိုအိမ်ကြီးသည် တစ်ချိန်က အလွန်ခမ်းနားကြီးကျယ်ခဲ့လိမ့်မည်ဖြစ်ကြောင်း တပ်အပ်ပြောနိုင်သည်၊ နီညိုရင့်ရောင် ရွှေအုတ်သားများဖြင့် ဆောက်ထားသည့် နှစ်ထပ်အဆောက်အဦးကြီးဖြစ်သည်။ သစ်သားတိုင်လုံးကြီးများကပင် ရှေးကြီးဝါ မဲမှောင်နေသည့် အိမ်ရှေ့ဆင်ဝင် ထုတ်ထားပုံက မဟာဆန်လှသည်။ အမိုးစွန်းများတွင် ခိုနန်းချိုးများ၊ ကနုတ်ပန်းများ ထုဆစ်ပုံဖော်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်မိုးကို အုတ်ကြွပ်အနီရောင်ဖြင့် မိုးထားပြီး ရှည်လျားသည့် မီးခိုးခေါင်းတိုင်တစ်ခုကိုလည်း တွေ့ရသည်။ အမိုးအုတ်ကြွပ်တို့ကား ကွဲသည့်နေရာတွင် ကွဲကြေ၊ ဟောင်းလောင်းပေါက်သည့်နေရာတွင် ပေါက်ကာ တချို့နေရာများတွင် ရေညှိတက်ရုံသာမက အပင်ငယ်ကလေးများပင် ပေါက်နေသည်ကို တွေ့ရ၏။

ပြတင်းပေါက်မှန်တော်တော်များများကလည်း ကွဲအက်နေလေပြီ။ အကောင်းပကတိ ကျန်ရှိနေသေးသော မှန်ချပ်များကလည်း ဖုန်အလိမ်းလိမ်းနှင့်၊ ဒီအိမ်ကို ပိုင်ဆိုင်သူကင်းမဲ့နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ချေပြီတည်း။

ဇော်ရာပြောပြပုံအရဆိုလျှင်တော့ ဒီအိမ်အိုဟောင်းကြီးနှင့် ပတ်သက်ပြီး လူတွေက အကောင်းမပြောချင်ကြဟုဆို၏။ အကြောင်းကြီးငယ်မရှိဘဲ၊ ဒီအိမ်ကြီး၏ အနီးတဝိုက်သို့ ဘယ်သူမှ မလာချင်ကြ။ မလွှဲမကင်းသာ၍ ဒီအနီးအနားမှ ဖြတ်သန်းသွားရသည့်တိုင် အိမ်ကြီးရှိရာဆီသို့ တည့်တည့် မကြည့်ရဲဘဲ မျက်နှာလွှဲသွားကြလေ့ရှိသည်။

လူတွေကြားတွင် အပြောများနေသည့်အချက်မှာ ဒီအိမ်ကြီးသည် သရဲခြောက်သောအိမ်ကြီးဖြစ်သည် ဆိုခြင်းပင်။

ထိုကောလဟာလစကားသည် မမှန်ကန်ဖို့များသော်လည်း လူတွေက အလိုလိုနေရင်း ရွံ့ကာ ရှောင်ဖယ်ကြသဖြင့် အိမ်ကြီးသည် ပြုပြင်စောင့်ရှောက်မည့်သူမရှိဘဲ အခြေအနေဆိုးသထက်ဆိုးလာခြင်း



ဖြစ်သည်။

ဇော်ရာက အိမ်ကြီးကို လှမ်းကြည့်ရင်း . . .

"အင်း . . . ငါတို့လာရကျိုးနပ်ပါတယ်။ အပျင်းပြေလောက်အောင် ရင်ခုန်စရာတစ်ခုခုနဲ့တော့ တွေ့မယ်ထင်တာပဲ"

"ဘာ . . . ဟေ့ကောင်ဇော်ရာ၊ မင်းဘာတွေပြောနေတာလဲ"

လက်ျာအောင်၏ အမေးစကားကို ဇော်ရာက ချက်ချင်း ပြန်မဖြေ။ သူက ရှည်လျားသောမြက်ပင်များကြားမှ တိုးဝှေ့ကာ အိမ်ပျက်ကြီးဆီ လှမ်းလျှောက်သွားရင်း . . .

"ငါတို့ ဒီအိမ်ကြီးထဲ ဝင်ကြည့်ကြမယ်လေ"

"ဘာ . . . မင်းရူးနေသလား၊ ဘာလုပ်ဖို့လဲ"

လက်ျာအောင်က ပြောပြောဆိုဆိုဖြင့် ဇော်ရာ့ကို မှီအောင် ပြေးလိုက်သွားပြီး လက်မောင်းကို လှမ်းဆွဲသည်။

ဇော်ရာက . . .

"ဘာလုပ်ဖို့လဲ ဟုတ်လား၊ ဘာလုပ်ဖို့မှ မဟုတ်ဘူးလေ၊ ငါတို့ ပျင်းနေကြတယ်။ ဟော . . . အခု ဝင်ကြည့်စရာ တံခါးပေါက်တစ်ခု တွေ့တယ်၊ အထဲမှာ တစ်ခုခုရှိရင်လည်းရှိမယ် မရှိရင်လည်း ခရှိဘူး။ ဘာပဲဖြစ်ဖြစ် ဒါဟာ ငါတို့အတွက် အပျင်းပြေစွန့်စားခန်းတစ်ခုပဲ။ ကဲ . . . လာ"

လက်ျာအောင်ကတော့ တွန့်ဆုတ်နေသည်။ သူက အိမ်အိုပျက်ကြီးကို ထပ်ပြီး လှမ်းကြည့်လိုက်၏။ အေးစိမ့်သော ခံစားမှုတစ်ခုက သူ့

www.burmeseclassic.com

www.burmeseclassic.com



•
တစ်ကိုယ်လုံးကို လွှမ်းခြုံသွားပြီး ကြက်သီးဖြန်းဖြန်းထသွားလေသည်။

သူ စကားပြန်မပြောနိုင်ခင်မှာပင်. . .

မြက်ပင်ရှည်တွေကြားထဲမှ အရိပ်မဲမဲတစ်ခု၊ ဝုန်းခနဲ ခုန်ထွက်လာပြီး သူ့ထံသို့ တည့်တည့်ပြေးလာလေရာ. . .

"အား. . ."

သူအော်ဟစ်လိုက်မိသည်။

* * *



လက်ျာအောင်သည် အော်ဟစ်ရင်း မြေကြီးပေါ် ထိုင်လျက်သား ထဲကျသွား၏။

"လုပ်ကြပါဦး"

အော်ဟစ်၍ပြီးသည်နှင့်တစ်ချိန်တည်းမှာပင် အခြားသူများက သူ့ကိုကြည့်ကာ ရယ်မောနေကြကြောင်း သူသတိထားလိုက်မိသည်။ သော်တာ. . .

"ခွေးကလေးတစ်ကောင်ပါဟ၊ ခြုံထဲက ပြေးထွက်လာတာလေ၊ မင်းလည်း ကြောက်တတ်လိုက်တာ လွန်ပါရော"

"ဟဲ့. . . ခွေး. . . ရှူး. . . ရှူး"

တိုးခန့်က ခွေးကလေးကို မောင်းထုတ်နေ၏။ ခွေးကလေးက

www.burmeseclassic.com

www.burmeseclassic.com



သူတို့အနီးတွင် တစ်ပတ်၊ နှစ်ပတ်မျှ ချာချာလည်နေပြီး အတင်းမောင်းထုတ်လိုက်တော့မှ အမြီးကို ဒေါသတကြီး ဝှေ့ယမ်းရင်း သူတို့လေးဦးသားဘက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြင့် ပြေးထွက်သွား၏။

လက်ျာအောင်ကတော့ တော်တော်ရှက်သွားသည်။ မြေပြင်ပေါ်မှ လူးလဲထရင်း သူ့ကို သူငယ်ချင်းတွေ ဝိုင်းပြီး နောက်ကြ၊ ပြောင်ကြမည်ကို တွေးဆာ စိတ်ထဲတွင် ထူပူနေမိသည်။ သို့သော် သူ့သူငယ်ချင်းများက သူ့ကို ဂရုမစိုက်နိုင်အားကြပါ။ ဇော်ရာ၊ တိုးခန့်နှင့် မားသဲတို့ သုံးယောက်စလုံးက သရဲခြောက်သောအိမ်ကြီးဆီသို့ မမှိတ်မသုန် စိုက်ကြည့်နေကြသည်။

"တုတ်တယ်... ဇော်ရာပြောတာ မှန်တယ်ကွ"

တိုးခန့်က ပြောပြောဆိုဆိုဖြင့် ဇော်ရာ့ကျောကို လက်ဝါးဖြင့် ပုတ်လိုက်လေသည်။ ဖြန်းကနဲ အသံမြည်သည်အထိ ရိုက်ချက်ကအားပြင်းလွန်းသွားသောကြောင့် ဇော်ရာက မျက်နှာရှုံ့မဲ့ပြီး ပြန်လှည့်ကြည့်၏။

တိုးခန့်က...

"ကဲ... ဇော်ရာပြောသလိုပဲ အိမ်ကြီးထဲကို ဝင်ကြည့်ရအောင်၊ ဘာများရင်ခုန်စရာတွေ့မလဲပေါ့"

"ဘာမှ ရင်ခုန်စရာမရှိဘူး"

လက်ျာအောင်က ဝင်ပြောလိုက်သည်။ သူကပင် ဆက်၍...

"ဒီလိုလေ ငါဆိုလိုတာက ဘာမှ ထူးထူးခြားခြား ရင်ခုန်ရမှာ မဟုတ်ဘူး၊ ကြောက်စရာကောင်းတာပဲရှိမယ်၊ ဒီအိမ်ကြီးကို ကြည့်ရတာ



ကြောက်စရာကောင်းတယ်လို့ မင်းတို့မထင်ဘူးလား"

"အဲဒီတော့ ဘာဖြစ်သလဲ"

မားသဲက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ သူမ၏ လေသံကလည်း လက်ျာအောင်ကို စိန်ခေါ်နေသလိုမျိုး။

"ကဲ... ပြောလေ လက်ျာ၊ အဲဒီတော့ ဘာဖြစ်သလဲလို့"

"အဲဒီတော့... ဘာဖြစ်သလဲ ငါလည်း မသိဘူး"

လက်ျာအောင်က အူကြောင်ကြောင်ဖြင့် ပြန်ဖြေလိုက်သည်။ သူ့သူငယ်ချင်းသုံးယောက်ကတစ်ဖက် သူက တစ်ယောက်တည်း သင်းကွဲဖြစ်နေချင်ပါ။ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ လူဆိုသည်က အများနှင့်မတူသော သင်းကွဲတစ်ယောက်ကိုတွေ့လျှင် အရူးဟု သတ်မှတ်ချင်ကြသည်။

ရံဖန်ရံခါတွင် လူတို့သည် အရူးဟု သတ်မှတ်ခံရမည်စိုးသောကြောင့် အချို့ကိစ္စများကို မိုက်မဲမှန်းသိလျက်နှင့် ဖွတ်လုပ်ရသည် မဟုတ်ပါလော။

ထိုအကြောင်းကို သိလျက်နှင့်ပင် လက်ျာအောင်က သူငယ်ချင်းများကို စောဒကတက်ကြည့်လိုက်သည်။

"ဒီအိမ်ထဲကို ဝင်မကြည့်သင့်ဘူးလို့ ငါတော့ထင်တယ်"

"မင်းကြောက်သလား လက်ျာ"

တိုးခန့်က ခပ်ထေ့ထေ့ပြုံးရင်း ပြောလိုက်၏။ ဇော်ရာတကလည်း...

www.burmeseclassic.com

www.burmeseclassic.com



“ဒီကောင် ကြောက်ပါကွာ”

မားသဲက သူမ၏ ပါးစပ်ကို လက်ဝါးဖြင့်ပိတ်ပြီး ရယ်မောလိုက်သည်။ တိုးခန့်နှင့်ဇော်ရာတို့ကလည်း လိုက်ပြီးရယ်မောကြ၏။ မရယ်နိုင်သူက လကျ်ာအောင်တစ်ယောက်တည်း။ သူမှာ ရွေးချယ်စရာမရှိတော့ပါ။ ထို့ကြောင့် သူက ကြောင်တက်တက်ဖြစ်မနေစေရန် အများနည်းတူ ရယ်မောလိုက်ရင်း. . .

“အလကားပြောတာပါကွာ၊ မင်းတို့သွားချင်လည်းသွားလေ၊ ငါက ဘာဖြစ်လို့ မလိုက်ရဲရမှာလဲ”

မားသဲက. . .

“ဟိုမှာကြည့်စမ်း၊ အိမ်ရှေ့တံခါးမကြီးရဲ့ဘေးက ပြတင်းပေါက်မှာ မှန်တစ်ချပ်ကွဲနေတာ တွေ့လား၊ အဲဒီပြတင်းပေါက်ကနေ လက်လျှိုဖွင့်ပြီး အထဲကို ဝင်လို့ရတယ်၊ တစ်ယောက်က အဲဒီအပေါက်ကနေ ဝင်သွားပြီးတော့ အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပေးပေါ့”

“အေး. . . အဲဒီအကြံကောင်းတယ်”

ဟု ဇော်ရာက ပြောလိုက်၏။ လကျ်ာအောင်က. . .

“ငါတို့ တကယ်ပဲ အဲဒီအတိုင်း လုပ်ကြတော့မှာလား၊ မတော်တဆ ဒီအိမ်နဲ့ပတ်သက်တဲ့လူတစ်ယောက်ယောက်လာရင် ဘယ်လိုလုပ်မလဲ”

“ဒီအိမ်နဲ့ပတ်သက်တဲ့လူဟုတ်လား၊ ဘယ်သူလာမှာလဲကွာ၊ မင်းကလည်း မကြောင်စမ်းပါနဲ့”



တိုးခန့်က ပြောလိုက်စဉ် ဇော်ရာက ခေါင်းကို ခါယမ်းပြီး. . .

“မဟုတ်သေးဘူး တိုးခန့်ရ၊ ရောက်လာနိုင်တဲ့သူ တစ်ယောက်[illegible]တော့ ရှိသေးတယ်”

“ဟင်. . . ဟုတ်လား၊ ဘယ်သူလဲ”

“ငါတို့ ရပ်ကွက်နားမှာ အမြဲတမ်း တွေ့တွေ့နေတဲ့ အရူးကြီး[illegible]သေတာ၊ သူက နေစရာမရှိတော့ ညအိပ်တဲ့အခါ ဒီအိမ်မှာ လာလာ[illegible]တယ်လို့ အချို့က ပြောကြတာပဲ ဟား. . . ဟား”

တိုးခန့်ကလည်း ရယ်မောလိုက်ရင်း. . .

“မင်း. . . အဲဒါဆိုရင်တော့ မင်းစဉ်းစားဦးနော် လကျ်ာ၊ ဒီ[illegible]ထဲဝင်လို့ အရူးက ပိုင်နက်ကျူးကျော်မှုနဲ့ တရားစွဲရင် မင်းဘဝမှာ [illegible]မကောင်း၊ ကြားမကောင်း ဖြစ်နေဦးမယ် ဟဲ. . . ဟဲ”

လကျ်ာအောင်က ဘာပြန်ပြောရမှန်း မသိတော့။ သူငိုင်တွေနေ[illegible]အချိန်မှာပင် မားသဲက ပြတင်းပေါက်မှ ကျော်ဝင်ပြီး အိမ်ရှေ့တံခါး[illegible] အထဲမှ မင်းတုန်းဖြုတ်ကာ ဆွဲဖွင့်လိုက်သည်။

အိုမင်းဟောင်းနွမ်းပြီး စီးကြပ်နေသော တံခါးမကြီး၏ ကျွီကနဲ[illegible]သံက ချောက်ချားဖွယ်ရာ ထွက်ပေါ်လာသည်။ ဇော်ရာနှင့်တိုးခန့်[illegible] ခန်းမကြီးထဲသို့ ဝင်လိုက်ကြ၏။ လကျ်ာအောင်က နောက်ဆုံးမှ[illegible] တွန့်ဆုတ်တွန့်ဆုတ်ဖြင့် လိုက်ပါသွား၏။

အိမ်ထဲတွင် မှောင်မိုက်နေ၏။ ပြိုပျက်ကျိုးပဲ့နေသော နံရံများ[illegible]နေသော ပြတင်းမှန်များမှ ကျလာသည့် နေရောင်ခြည်သည် စုတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ဟောင်းနွမ်းနေသော ကော်ဇောပေါ်တွင် ဟိုနားတစ်ကွက်၊ ဒီနား တစ်ကွက်။

သူတို့နင်းလျှောက်လိုက်တိုင်း ကြမ်းပြင်က တကျွီကျွီမြည်နေသည်။ ညှော်ခန်းထဲမှ ဖြတ်လျှောက်လာခဲ့ကြစဉ် ကြမ်းခင်းကော်ဇောပေါ်ရှိ နီညိုရောင်ညစ်ထေးနေသော အကွက်ကြီးတစ်ကွက်ကို လက်ျာအောင်က သတိပြုလိုက်မိ၏။ သူနှင့်တပြိုင်တည်းလိုလိုပင် တိုးခန့်ကလည်း သတိထားမိဟန်ဖြင့် ငုံ့ကြည့်လိုက်သည်။

ဘာတွေစွန်းထင်းထားတဲ့ အကွက်ကြီးပါလိမ့်။

တိုးခန့်က. . .

"ဒါ. . . သွေးကွက်ကြီးဖြစ်မယ်ထင်တယ်ကွ"

ဟု လက်ျာအောင်ကို ပြောလိုက်ရာ. . .

"ဟင်. . . ဟုတ်. . . ဟုတ်ပါ့မလား"

"ဟား. . . ဟား. . . ဟား"

တုန်လှုပ်သွားသော လက်ျာအောင်၏ မျက်နှာကိုကြည့်ပြီး တိုးခန့်က အော်ဟာစ်ရယ်မောလိုက်သည်။ ထို့နောက် လက်ျာအောင်၏ ကျောပြင်ကို လက်ဝါးဖြင့် ဖြန်းကနဲ ခပ်ပြင်းပြင်း ရိုက်လိုက်၏။ လက်ျာအောင်ကတော့ အောင့်သက်သက်ဖြစ်သွားသည်။

ထိုအချိန်တွင် ဇော်ရာနှင့် မားသဲတို့ကတော့ မီးဖိုချောင်ထဲတွင် လှုန်လှော်မွှေနှောက်နေကြပြီဖြစ်သည်။ မီးဖိုချောင်ထဲ၌ ဖုန်တသော်သော ဖြစ်နေသည့် ပန်းကန်ခွက်ယောက်များ၊ သုံးပေခန့်ရှည်လျားသော မီးဆွ



ညှို့ သံချောင်းရှည်ရှည်ချွန်ချွန်တစ်ချောင်းနှင့် ကြီးမားလှသော ကြွက်ကြီးများမှတစ်ပါး ဘာမှမရှိ။

လက်ျာအောင်က. . .

"ဟေ့ကောင် ဇော်ရာ၊ အရှုးဖိုးငိုက ဒီအိမ်မှာ လာလာနေတယ် ဆိုတာ တကယ်လား"

"ဒါတော့ ငါလည်း သေချာမသိဘူးလေကွာ၊ သူများတွေပြောသံကြားတာပဲ၊ တကယ်ဖြစ်ဖို့များပါတယ်"

"အင်း. . . တကယ်နေတယ်ဆိုရင်လည်း အဲဒီအရှုးက ဒီမီးဖိုချောင်တို့တော့ သုံးပုံမပေါ်ဘူးကွ"

"မင်းကလည်း ကြောင်ပြန်ပြီကွာ၊ အရှုးပါဆိုမှ ထမင်းတွေ ဟင်းတွေ ကျကျနန ချက်စားနေမှာတဲ့လား ဟား. . . ဟား"

တိုးခန့်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ပြောပြောဆိုဆိုနှင့်ပင် ကျောပြင်ကိုရိုက်ရန် လက်ဝါးရွယ်လာပြန်သောကြောင့် ကမန်းကတန်း ရှောင်လိုက်ရသည်။

ထိုအချိန်တွင် မားသဲက ပင့်ကူမျှင်များပြည့်နှက်နေသည့် ချောင်ကျားလမ်းကြားငယ်ကလေးထဲမှ ထွက်လာပြီး. . .

"တကယ်ပဲ သရဲခြောက်တဲ့အိမ်ကြီးနဲ့တူတယ်ဟ"

သူမ၏ စကားကြောင့် လက်ျာအောင်က စိတ်ထဲတွင် တစ်မျိုး ကြီး အေးစက်စက် ခံစားလိုက်ရသည်။ ထို့ကြောင့်. . .

"တဲ. . . မြန်မြန်ကြည့်ပြီး မြန်မြန်ပြန်ရအောင်ကွာ၊ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



ညစ်ပတ်နေတဲ့အိမ်ထဲမှာ ဖုန်နဲ့ကြွက်တွေကလွဲပြီး ဘာမှလည်း ကြည့်စရာ မရှိပါဘူး"

ပြောပြောဆိုဆိုနှင့် လှည့်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျယ်လောင်လှသော ကျွီကနဲမြည်သံတစ်ခုကြောင့် သူလန့်ပြီး ခုန်လိုက်မိ၏။

"ဟင်. . . ဘာသံလဲ၊ ဘယ်ကမြည်တာလဲ"

တုန်လှုပ်စွာမေးနေသည့် သူ့လေသံကြောင့် မားသဲက ပြုံးလိုက်ပြီး. . .

"နင်ကလည်းဟာ ကြောက်စရာမရှိ ကြမ်းတွေကြောက်နေပြီ ပြီ၊ ဒီလို အိမ်အိုအိမ်ဟောင်းကြီးတွေဟာ ဒီလိုပဲ ဟိုနားကမြည်လိုက် ဒီနားကမြည်လိုက်နဲ့ အသံပေါင်းစုံထွက်နေကြပဲဥစ္စာ"

"ဘာပဲဖြစ်ဖြစ်ဟာ၊ ငါတို့ဒီအိမ်ထဲကနေ သွားကြရအောင် ဟိုဒင်း. . . ငါက ဒီမှာနေရတာ ပျင်းလို့ပြောတာပါ"

လကျ်ာအောင်က ရှက်ရှက်ဖြင့်ပြောလိုက်၏။ မားသဲက. . .

"ဘာမှပျင်းဖို့မကောင်းဘူး၊ ဒီလိုအိမ်မျိုးကို နေရာတကာတိုင်းမှာ တွေ့ချင်ပါတယ်ဆိုတာတောင် တွေ့လို့ရတာ မဟုတ်ဘူးဟ၊ ဟော ဟိုဘက်အခန်းက ဘာအခန်းများလဲ မသိဘူး၊ စာကြည့်ခန်းဖြစ်မယ်ထင်တယ်"

"ဟုတ်မှာပေါ့"

သူတို့က မှောင်မိုက်နေသော အခန်းကျဉ်းကလေးထဲသို့ ဝင်လိုက်သောအခါ မှောင်ရိပ်ထဲမှ ဇော်ရာနှင့် ဝင်တိုက်လိုက်မိကြသည်။



မားသဲက ဇော်ရာ့ကို မေးလိုက်သည်။

"နင်တစ်ယောက်တည်းလား၊ တိုးခန့်ကော ဘယ်ရောက်သွား [illegible]"

"ဒီကောင် မြေအောက်ခန်းထဲ ဆင်းသွားတယ်ထင်တယ်"

"ဘာ. . . မြေအောက်ခန်းဟုတ်လား ဘယ်မှာလဲ"

ဇော်ရာက စကြံလမ်း၏ ညာဘက်အခြမ်းတွင်ရှိသော ပွင့်ဟ [illegible]သည့် တံခါးပေါက်ငယ်တစ်ခုဆီသို့ လက်ညှိုးထိုးပြလိုက်ရင်း. . .

"ဟို. . . တံခါးပေါက်က မြေအောက်ခန်းဆီဆင်းတဲ့ လှေ [illegible]ပေါ့"

သူတို့သုံးယောက်သား တံခါးပေါက်ဆီသို့ လျှောက်သွားပြီး [illegible]တ်သို့ငုံ့ကြည့်လိုက်သည်။ နိမ့်ဆင်းသွားသောလှေကားထစ်များသည် [illegible]မှောင်ထဲတွင် ပျောက်ကွယ်နေကြ၏။ မြေတိုက်ခန်းအောက်ခြေဆီကို [illegible]သဲတွဲတွဲ မမြင်ရ။

မားသဲက အမှောင်ထုထဲသို့ ငုံ့ကြည့်ပြီး ခေါ်ဝင်လိုက်သည်။

"တိုးခန့်. . . တိုးခန့်. . . နင်ဘယ်မှာလဲ"

အမှောင်ထုထဲမှ တိုးခန့်၏ တုန့်ပြန်သံက သွေးပျက်ချောက် [illegible]ယ်ရာ။

"လာ. . . လာကြပါဦး၊ ဒီမှာ ဘာကောင်ကြီးလဲ မသိဘူး၊ ငါ့ [illegible]. . . ငါ့ကို. . . အား"

* * *

www.burmeseclassic.com



"အား. . . သေပါပြီ ကယ်ကြပါဦး"

နာကျင်ကြောက်ရွံ့စွာအော်ဟစ်လိုက်သည့် တိုးခန့်၏အ
ကြောင့် ဖော်ရာနှင့် မားသဲတို့နှစ်ယောက်စလုံး ပါးစပ်အဟောင်းသ
ပွင့်ကာ ကြက်သေသေနေကြသည်။

ထိုစဉ် လက်ျာအောင်က သူတို့နှစ်ယောက်ကို တွန်းတိုက်ဖြ
ကျော်ပြီး လှေကားအတိုင်း တဟုန်ထိုးပြေးဆင်းကာ. . .

"ငါလာပြီ. . . ငါလာပြီ တိုးခန့်၊ ဘာဖြစ်တာလဲ"

လှေကားထစ်များပေါ်မှ မြေအောက်ခန်းကြမ်းပြင်ပေါ် ခုန်ဆ
လိုက်သည့်အချိန်တွင် သူ့နှလုံးသားတွေ ပေါက်ကွဲထွက်တော့မလို တုန်
နေသည်၊ ဒူးတွေက ကြောက်ရွံ့စိတ်ကြောင့် ခွေညွတ်ကျတော့မလို



။ လက်ျာအောင်က စိတ်ကို တင်းထားလိုက်ပြီး အခန်းထဲသို့ လှည့်
ကြည့်လိုက်၏။

ကြောခင်မှာပင် သူ့မျက်စိက အလင်းရောင် အားနည်းသော
ခန်းထဲမှာ ကျင့်သားရသွားပြီး အရာရာကို သဲသဲကွဲကွဲမြင်လာ

"တိုးခန့်"

တိုးခန့်က နံရံနှင့်ကပ်လျက်ရှိသော ခနော်နီခနော်နဲ့ ခုံကလေး
ပေါ်၌ ခြေနှစ်ဖက်ကို ဒူးချိတ်လျက် အေးအေးဆေးဆေးပင် ထိုင်
ည်။ သူ့မျက်နှာကလည်း စပ်ဖြီးဖြီး။

"ဟား. . . ဟား၊ မင်းကတော့ ငါလိုမ့်တိုင်း ခံရတာပဲ လက်ျာ
ယ်ရယ်ရတယ်ကွာ ဟား. . . ဟား"

တိုးခန့်က ပြောပြောဆိုဆိုဖြင့် လက်ျာအောင်၏ ကျောပြင်ကို
ည်အောင် ရိုက်ထည့်လိုက်ပြန်သည်။

"ဘာဖြစ်တာလဲဟင်. . . ဘာဖြစ်တာလဲ"

ထုမှပင် သတိရပြီး ဒရောသောပါး ပြေးဆင်းလာကြသော
နှင့် မားသဲတို့က အလောတကြီးမေးလိုက်ကြသည်။

လက်ျာအောင်က ဘာပြန်ဖြေရမည်မှန်း မသိ။ ပခုံးကိုသာ တွန့်
ည်။ တိုးခန့်ကတော့ တဟားဟား အော်ရယ်နေ၏။

တွန့်ဝိုင်းအတွင်းမှာပင် ဖော်ရာနှင့် မားသဲတို့လည်း သဘော
ပြီး စိတ်ဆိုးမာန်ဆိုးဖြင့် တိုးခန့်ကို ဝိုင်းအပြစ်တင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . . တိုးခန့်၊ မင်းကလည်းကွာ ဒါနောက်စရာ များ မှတ်နေသလား"

"အေးလေဟယ် ငါဖြင့် တစ်ခုခုဖြစ်ပြီအောက်မေ့ပြီး ရင်တွေ တုန်သွားတာပဲ"

တိုးခန့်က မျက်နှာစပ်ဖြီးဖြီးဖြစ်နေလျက်ကပင်။

"မင်းတို့ကိုက အသည်းငယ်နေကြတာပါကွာ"

မားသဲက ဒေါပွပွဖြင့်. . .

"အမယ်. . . နင် ဒီလိုမပြောနဲ့ တိုးခန့်၊ ဟို ပုံပြင်ကို ကြားဖူး တယ် မဟုတ်လား၊ 'ကျား. . . ကျား' လို့အော်ပြီး လူတွေကို လှန့်တ တဲ့ နွားကျောင်းသားလေးလေ၊ သူက အဲဒီလို နောက်ပါများတော့ တကယ် ကျားလာလို့ အော်ပြီး အကူအညီတောင်းတဲ့အခါ လူတွေက နောက် တယ်ပဲထင်ပြီး လာမကူညီကြလို့ ကျားကိုက်ခံလိုက်ရတာလေ၊ နင်လည်း အဲဒီလို ကြပ်ကြပ်နောက် သိလား၊ တကယ်ဒုက္ခရောက်မှ ခက်နေမယ်"

"အောင်မာ. . . ဘာဒုက္ခရောက်စရာရှိလို့လဲ၊ ဒီအိမ်ထဲမှာ ဖု တွေရယ်၊ ပင့်ကူမျှင်တွေရယ်၊ ပရိဘောဂအကျိုးအပျက်တွေပဲ ရှိတယ် အလကား ဘာသရဲမှ မရှိဘူး"

ဒီတစ်ချက်တော့ တိုးခန့်ပြောတာ မှန်သည်ဟု လက်ျာအောင် က စိတ်ထဲမှ တွေးနေမိ၏။ သူက မြေအောက်ခန်းတစ်ခုလုံးကို လှည့် ပတ်ကြည့်လိုက်သည်။

တိုးခန့်ထိုင်နေသည့် ခုံ၏နဘေးတွင် ကြီးမားလှသော အဝတ် ဗီရိုကြီးတစ်လုံးရှိသည်၊ ကျွန်းသစ်အကောင်းစားဖြင့် လုပ်ထားဟန်ရှိ သော ရှေးခေတ်လက်ရာပုံစံ ဗီရိုဟောင်းကြီးဖြစ်၏။



အတက်အဆင်းလှေကားနှင့်ဝေးရာ အခန်းနံရံဘက်တွင်ကား ထောင်းနွမ်းစုတ်ပြတ်နေသော မွေ့ယာပါးပါးတစ်ထည်ကို ကြမ်းပြင်ပေါ် ချထားကြောင်း တွေ့ရ၏။ မွေ့ယာက နေရာအနှံ့ ပေါက်ပြဲနေပြီး အထဲ မှ လဲမှို့များ အန်ထွက်နေကြသည်။ မွေ့ယာတစ်ခုလုံးမှာလည်း အစွန်း တွေ၊ အကွက်တွေနှင့် ညစ်ထေးလှ၏။

မွေ့ယာခြေရင်းဘက်တွင်တော့ စုတ်ပြတ်နံစော်နေသည့် စောင် အဟောင်းတစ်ထည်ကို လုံးထွေးလျက်သား တွေ့ရသည်။

သေချာသည်ကတော့ ဒီနေရာတွင် တစ်စုံတစ်ယောက် အိပ် စက်လေ့ရှိပုံရ၏။

"ဟော့ကောင် ဇော်ရာ၊ အရူးဖိုးငို ဒီမှာနေတယ်ဆိုတာ ဖြစ်နိုင် လောက်တယ်ကွ"

ဇော်ရာက ဘာမျှပြန်မဖြေဘဲ မားသဲနှင့်အတူ အဝတ်ဗီရိုကြီး ကို ဆွဲဖွင့်ဖို့ကြိုးစားနေသည်။ ဗီရိုတံခါးပွင့်သွားသောအခါ. . .

"ဟာ. . . ဒီမှာကြည့်စမ်း"

မားသဲ၏ အသံကြောင့် သူတို့အားလုံး အာရုံစိုက်သွားကြသည်၊ ဗီရိုထဲတွင် များပြားလှသော ရောင်စုံအဝတ်အစားများ။

မားသဲက လောင်းကုတ်အင်္ကျီတစ်ထည်ကို ဆွဲထုတ်ယူပြီး ကိုယ် မှာ ဝတ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မိုက်တယ်ဟေ့"

ဇော်ရာနှင့် တိုးခန့်တို့ကလည်း အထဲမှ အဝတ်အစားများကို အလုအယက်ဆွဲထုတ်ပြီး ကြမ်းပြင်ပေါ် ပစ်ချကာ စိတ်တိုင်းကျ မွှေနှောက်နေကြသည်။ အဝတ်အစားများက ခေတ်မမီတော့သည့် ရှေးဟောင်းပုံစံများဖြစ်ကြသော်လည်း တန်ဖိုးကြီးမားသည့် အကောင်းစားများ ဖြစ်ကြသည်။

အတော်များများကတော့ ပိုးကိုက်ရာများဖြင့် ပြည့်နေလေပြီ။

"ဒီအဝတ်အစားတွေရဲ့ ပိုင်ရှင်က အရှူးဖိုးငို မဟုတ်တာတော့ သေချာတယ်"

"ပိုင်ရှင်က ဘာဖြစ်လို့ ဒီလောက်တန်ဖိုးကြီးတဲ့ အဝတ်အစားတွေကို မြေအောက်ခန်းထဲမှာ ထားပစ်ခဲ့ရတာလဲ၊ အဲဒါ စဉ်းစားစရာပဲ"

မားသဲနှင့် တိုးခန့်တို့ ငြင်းခုန်နေကြသည့်စကားများကို နားထောင်ရင်း. . .

"ဒီပစ္စည်းတွေကို ပြန်ယူဖို့အတွက် တစ်စုံတစ်ယောက်ဟာ ဒီအိမ်ကြီးဆီကို ပြန်လာကောင်းလာနိုင်လိမ့်မယ် မဟုတ်လား"

ဟု လကျ်ာအောင်က တွေးနေမိ၏။

သူ့သူငယ်ချင်းများက အဝတ်စားပီရို့ကို မွှေနှောက်နေကြသည့် အချိန်တွင် လကျ်ာအောင်က ခပ်လှမ်းလှမ်းတွင်ရှိသော စားရေးစားပွဲဟောင်းတစ်ခုဆီသို့ လျှောက်လာခဲ့၏။

စားပွဲက ဘယ်လိုသစ်သားမျိုးဖြင့် ပြုလုပ်ထားသည် မသိရ။



မည်းနက်နေ၏။ စားပွဲ၏ ခြေထောက်လေးချောင်းမှာ ရိုးရိုးပွတ်လုံးတိုင်များ မဟုတ်ကြဘဲ မြွေတစ်ကောင်စီ ပတ်နေသည့်ပုံ ထွင်းထုထားသည်။

စားပွဲပေါ်မှာတော့ လက်ဆွဲမှန်အိမ်ငယ်တစ်လုံး။ စားပွဲမျက်နှာပြင်အထက် နှစ်ပေခန့်မြင့်သောနံရံတွင် လေးထောင့်ပတ်လည် ထွင်းထုထားသော ကနုတ်ပန်းလက်ရာတစ်ခု။ ဘာပုံထွင်းထုထားသည်တော့ မပြောတတ်။

ပင့်ကူမျှင်များက ထူထပ်စွာ ဖုံးအုပ်ထားခြင်းကြောင့် သဲသဲကွဲကွဲ မမြင်ရချေ။

စားပွဲဆီသို့လျှောက်သွားစဉ် အမှောင်ထောင့်ချိုး၌ ကွယ်နေသော ခပ်ဟဟပွင့်နေသည့် တံခါးတစ်ချပ်ကို မြင်ရသေးသည်။ တံခါးနောက်ကွယ်တွင် လှေကားထစ်များကို တစေ့တစောင်းတွေ့ရခြင်းကြောင့် အပြင်သို့ထွက်သည့် အရေးပေါ်တံခါးပေါက်ဖြစ်မည်ဟု သူတွေးလိုက်မိ၏၊ သေသေချာချာတော့ မကြည့်မိ။

လကျ်ာအောင်က စားပွဲဆီသို့သွားပြီး နံရံတွင်ထွင်းထားသည့် ပန်းပုလက်ရာကို ကြည့်ဖို့ကြိုးစားသည်။ ပင့်ကူမျှင်တွေက ထူလွန်းသောကြောင့် ဘယ်လိုမှ မမြင်ရ။

ပင့်ကူမျှင်တွေကို လက်ဖြင့် ဖယ်ရှားဖို့ကလည်း စိတ်က မသတီသလို ခံစားရသည်။ ထို့ကြောင့် မကြည့်တော့ပါဘူးဟု စိတ်လျှော့လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့အကြည့်က စားပွဲပေါ်မှ မီးအိမ်ငယ်လေးဆီသို့ ရောက်သွားသည်။ ဘာရယ်မဟုတ်ဘဲ မီးအိမ်ကလေး၏အောက်ခြေတွင် တပ်ထားသည့် ခလုတ်ကလေးကို လက်ဖြင့် နှိပ်ကြည့်လိုက်သည်။

"ဖျောက်"

သူ အံ့အားသင့်သွားသည်။ 'ဖျောက်' ကနဲ မြည်သံနှင့်အတူ မီးကတော့ လင်းမလာချေ။ သို့သော် စောစောက သူစိတ်ဝင်စားနေသည့် ကနုတ်ပန်း လေးထောင့်ကွက်ကလေးသည် တံခါးတစ်ချပ်လို ပွင့်ဟသွားသည်ကို မြင်ရလေသည်။

လက်စသတ်တော့ ထိုလေးထောင့်ကနုတ်ဘောင်လေးသည် အလှသက်သက် ထွင်းထုထားခြင်း မဟုတ်ဘဲ အံဝှက်တံခါးတစ်ချပ်ပါလားဟု သူ အံ့ဩစွာ နားလည်လိုက်ရတော့၏။

သူသိလိုစိတ်ကို မတားဆီးနိုင်တော့။ အံဝှက်တံခါးလေးကို အဆုံးထိ ဆွဲဖွင့်ပြီး အထဲမှာ ဘာရှိသလဲဟု ကြည့်လိုက်သည်။

အထဲတွင်ကား. . .။

ကင်မရာတစ်လုံး။

* * *



အချိန်အတန်ကြာသည်အထိ ထိုကင်မရာလေးကို သူငေးစိုက်ကြည့်နေမိသည်။

ဒီကင်မရာကို သည်လိုလျှို့ဝှက်အခန်းငယ်လေးထဲတွင် သိမ်းဆည်းထားခြင်းသည် အရေးကြီးသော အကြောင်းတစ်ခုခုရှိ၍သာ ဖြစ်ကြောင်း သူ့ကို တစ်စုံတစ်ရာက ပြောပြနေသလို ခံစားရသည်။

ထို့ပြင် ထိုကင်မရာကို သူ့လက်ဖျားနှင့်ပင် မထိသင့်ကြောင်း သူ့စိတ်ထဲမှ တစ်စုံတစ်ရာက သတိပေးနေသည်။

တကယ်ဆိုလျှင် သူ့အနေဖြင့် အံဝှက်တံခါးငယ်လေးကို အသာ ပြန်ပိတ်ပြီး ဒီအတိုင်းလှည့်ထွက်သွားဖို့ကောင်းပါသည်။

သို့သော် ကလေးငယ်လေးတစ်ယောက်လို သူ့စိတ်ဆန္ဒကို

www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေးလိုက်မိသည်။

လျှို့ဝှက်အကန့်ကလေးထဲသို့ သူ့လက်ကို လျှိုသွင်းပြီး ကင်မရာကို လှမ်းကိုင်လိုက်သည်။

သူ လက်ကို ပြန်ဆွဲထုတ်လိုက်သောအခါ ကင်မရာက လွယ်လင့်တကူပင် သူ့လက်ထဲ၌ အလိုက်သင့်ပါလာသည်။

'ထူးဆန်းတယ်' ဟု လက်ျာအောင်တစ်ယောက်တည်း တွေးနေမိ၏။ ဒီနေရာမှာ ဘာကြောင့်များ ကင်မရာကို လာဖွက်ထားရတာလဲ၊ ဖွက်ထားရလောက်အောင် တန်ဖိုးကြီးတယ်ဆိုရင်လည်း ဒီအိမ်ကို စွန့်ခွာတဲ့အခါ ကင်မရာကို တစ်ပါတည်း ယူမသွားဘဲ ထားခဲ့ရတာလဲ။

လက်ျာအောင်က ကင်မရာကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ သာမန်ကင်မရာတစ်လုံး၏ အရွယ်အစားအတိုင်းပင်ဖြစ်သော်လည်း ဒီကင်မရာကတော့ ထူးထူးခြားခြား လေးလံနေသလို ခံစားရသည်။ နောက်ပြီး ရှည်လျားသော အဝေးရိုက်တယ်လီမှန်ဘီလူးကိုလည်း တပ်ဆင်ထား၏။

သူက ကင်မရာများကို စိတ်ဝင်စားသူတစ်ယောက်ဖြစ်သည်။ သူ့ကို အဖေဝယ်ပေးထားသော အော်တိုကင်မရာလေးတစ်လုံးဖြင့် အပျော်တမ်းဓာတ်ပုံလိုက်ရိုက်တတ်သော ဝါသနာရှင်တစ်ယောက်လည်း ဖြစ်သည်။

သူ့မုန့်ဖိုးထဲမှ ပိုက်ဆံစုပြီး တစ်နေ့နေ့ကျလျှင် တင်မရာအကောင်းစားတစ်လုံးဝယ်မည်ဟု စိတ်ကူးထားသော်လည်း ယခုအချိန်



အတောင်အထည်မပေါ်နိုင်သေး။ သည်လိုနှင့်သူသည် ဓာတ်ပုံပညာအကြောင်းရေးသားသည့် မဂ္ဂဇင်းဆောင်းပါးများ၊ နောက်ဆုံးပေါ် ကင်မရာ ဓာတ်စွဲနည်းပညာ ကတ်တလောက်များကို ဖတ်ရင်းဖြင့်သာ အာသာဖြေနေခဲ့ရသည်။

အိပ်မက်တွေထဲမှာတော့ သူသည် ကမ္ဘာကျော်ဓာတ်ပုံဆရာတစ်ယောက်ဖြစ်နေပြီး နာမည်ကျော်မော်ဒယ်များ၊ ရုပ်ရှင်မင်းသမီးများ ...န်းခဲ့လျက် ပိရမစ်ကြီးတွေလို၊ တပ်ဂျ်မဟာလို နေရာမျိုးမှာ၊ နှောက် ...ပြီး တောနက်ကြီးတွေထဲမှာ အံ့မခန်းပြောင်မြောက်သော ဓာတ်ပုံများကို ရိုက်ကူးလျက်။

လောလောဆယ်တွင် အဖေဝယ်ပေးထားသည့် အပေါစား ...စ်တိုကင်မရာလေးနှင့်ကတော့ ဒီလိုအိပ်မက်တွေက အလှမ်းဝေးလွန်းသည်။ သူ့ကင်မရာလေးက ရိုက်လိုက်သောပုံတိုင်းသည် အလင်းများလျှင် ...များ မှောင်လျှင် မှောင်မဲနေတတ်သည်။ နောက်ပြီး လူပုံများကို ရိုက်လျှင် ...သည်း မျက်ဆန်နေရာတွင် အနီရောင်အစက်ကလေးတွေ ပါနေလေ့ရှိသည်။

အဲဒါကို သူစိတ်ကုန်နေသည်မှာ အတော်ကြာပြီ။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှ ကင်မရာကို အသာဆွဲကြည့်ရင်း . . .

"အင်း . . . ဒီကင်မရာကတော့ တကယ့်ဝါရင့်သတင်းထောက်တွေ ဓာတ်ပုံဆရာတွေကိုင်တဲ့ အမျိုးအစားပဲ"

ဟု တွေးလိုက်သည်။ ကင်မရာက အခုချက်ချင်း ရိုက်ပြီးသည်နှင့်တပြိုင်နက် စက္ကန့်သုံးဆယ်အတွင်း ကူးပြီးသား ဓာတ်ပုံအချော ထွက်လာတတ်သည့် ပိုလာရိုက် (Polaroid) အမျိုးအစားဖြစ်သည်။ လက်ကျန်ဖလင်ကွက် အရေအတွက်ကို ဒိုင်ခွက်မှာကြည့်သောအခါ (၁၉)ကွက်ဟု ပြနေ၏။

လကျ်ာအောင်က ကင်မရာချောင်းကြည့်ပေါက်ကို သူ့မျက်လုံးဆီသို့တပ်ကာ ကြည့်ရင်း အခန်းပတ်ပတ်လည်သို့ ရွှေ့လျားချိန်ရွယ်



သည်။

သူ့မြင်ကွင်းထဲတွင်ပေါ်လာသူက ဇော်ရာ။

ဇော်ရာက ဗီရိုကြီးထဲမှတွေ့ရသော ရှေးခေတ်ပုံစံ ကုတ်အင်္ကျီ ောင်းတစ်ထည်ကိုဝတ်ပြီး သက္ကလတ်ဦးထုပ်ကိုဆောင်းလျက် ခေတ် ောင်းမင်းသားကြီး ခင်မောင်ရင်၏ စတိုင်မျိုးဖြင့် အိုက်တင်ပေးကာ နေ၏။

သူ့ပုံစံကရယ်စရာကောင်းနေသည်။ ထို့ကြောင့် လကျ်ာအောင် . . .

"နေဦး . . . နေဦး ဇော်ရာ၊ အဲဒီအတိုင်း ခဏလောက် ငြိမ် ရပ်နေလိုက်ဦး၊ မင်းကို ငါ ဓာတ်ပုံရိုက်ထားလိုက်ချင်လို့"

"အဲဒီကင်မရာကို မင်း ဘယ်ကရတာလဲ"

တိုးခန့်က လှမ်းမေးသည်။ ဇော်ရာကလည်း . . .

"မင်း ကင်မရာက အထဲမှာ ဖလင်ရော ရှိလို့လား"

"ဖလင်ရှိမရှိ ငါလည်း မသိသေးဘူးလေ၊ အခု ရိုက်ကြည့် ရင် သိရမှာပေါ့၊ ကဲ . . . လုပ်စမ်းပါ မင်းရဲ့စောစောက အိုက်တင် "

ဇော်ရာက မြေအောက်လမ်းအဆင်းအတက် သစ်သားလှေ ပေါ် ခြေထောက်တစ်ဖက်တင်ကာ ကိုယ်တစောင်းလှည့်ထားပြီး ောင်ဒင်လို မဒိုးမခန့် ပြုံးနေလိုက်သည်။

လကျ်ာအောင်က မြင်ကွင်းပြတ်သားအောင် မှန်ဘီလူးကို လှည့်

www.burmeseclassic.com

www.burmeseclassic.com



၌ ချိန်ညှိလိုက်ပြီး ခလုတ်ပေါ်လက်ညှိုးတင်ရင်း. . .

"ကဲ. . . ရိုက်မယ်နော်၊ ရယ်ဒီ. . . ပြုံးပါ"

"ဖျောက်"

ခလုတ်နှိပ်သံနှင့်အတူ ကင်မရာဖလပ်ရှ် မီးက ဝင်းကနဲလက်သွား၏။ ကင်မရာထဲမှ ဖလင်ရစ်သည့် မော်တာသံသဲ့သဲ့ကို ကြားရလေသည်။

"ဟာ. . . ဖလင်ရှိသေးတယ်ကွ"

လက်ျာအောင်ပြောသည့်စကားမှ မဆုံးသေးခင် ကင်မရာထဲမှ အဖြူရောင်လေးထောင့်ပုံသဏ္ဌာန် ဓာတ်ပုံစက္ကူသားတစ်ရွက် ထွက်လာသည်၊ လက်ျာအောင်က ထိုစက္ကူကဒ်ပြားကို ဆွဲထုတ်လိုက်၏။

သူကြည့်နေရင်းမှာပင် အဖြူရောင်စက္ကူလွှတ်ပေါ်၌ စောစောက သူရိုက်ထားသောပုံသည် မှိုင်းတဝါးနှင့် တဖြည်းဖြည်း ရုပ်ပုံပေါ်စပြုလာသည်။

"ဟာ. . . ဒီမှာ မင်းပုံပေါ်လာတော့မယ်ကွ"

သူ့စကားကို ဇော်ရာက ယုံကြည်ပုံမပြ။

"သွားစမ်းပါကွာ၊ ငါ့ကိုများ မင်းလိုငတုံးမှတ်လို့လား"

ဇော်ရာက ပြောပြောဆိုဆိုဖြင့် လှေကားထစ်များပေါ် ဆက်တက်သွားသည်။ ခြေချစရာလှေကားထစ်များက သေးငယ်နေသည့် အပြင် မခိုင့်တခိုင်ဖြစ်နေသောကြောင့် လက်နှစ်ဖက်ဖြင့် ထိန်းကိုင်ပြီး တက်နေရခြင်းဖြစ်၏။ လှေကားထစ်များနောက်မှ ပိတ်ထားသော အကာ



...သောကြောင့် အဆင်မသင့်လျှင် လှေကားထစ်နှစ်ထစ်ကြား ခြေကျွံပြီး ...သွားမည်ကို ဇော်ရာက စိုးရိမ်နေပုံပေါ်သည်။

လက်ျာအောင်က သူ့လက်ထဲမှ ပုံသဏ္ဌာန် ရှီးတိုးရိပ်တိတ် ...ပြနေပြီဖြစ်သည့် စက္ကူအဖြူချပ်ကို ကိုင်မြှောက်ပြရင်း. . .

"ဒီမှာလေကွာ၊ မင်းမယုံရင်လာကြည့်ပါလား"

ထိုအခါကျမှ ဇော်ရာက စိတ်ဝင်စားသွားပြီး။

"ဟင်. . . တကယ်လား၊ ပြစမ်း. . . ငါကြည့်မယ်"

ပြောပြောဆိုဆိုနှင့် ဇော်ရာက လှေကားပေါ်မှ ပြန်လှည့်ပြီး ...လိုက်သည်။ ထိုစဉ်မှာပင် ကျယ်လောင်လှသော. . .

"ဖျောင်း. . ."

ခနဲမြည်သံကို သူတို့အားလုံး ကြားလိုက်ရခြင်းဖြစ်သည်။ ထို...ကြောင့် သူတို့ပြိုင်တူလှမ်းကြည့်လိုက်ရာ. . .

လှေကားထစ်ကျိုးပြီး ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာသည့် ...ရာကို တွေ့လိုက်ရသည်။

"အား"

"ဘုန်း"

ဇော်ရာက လက်များကို လေထဲတွင် ဝှေ့ယမ်းရင်း ကြမ်းပြင်...သို့ ခြေကားယား၊ လက်ကားယား ပြုတ်ကျလာ၏။

"ဟာ"

ကြမ်းပြင်တွင် သူ့တစ်ကိုယ်လုံး ဆောင့်တိုက်လိုက်မိသတ

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်လွန်းလှသောကြောင့် လက်ျာအောင်တို့သုံးယောက်စလုံး 'ဟာ' ခနဲ ဝိုင်းအော်လိုက်မိကြ၏။

"အား... ကျွတ်... ကျွတ်၊ ငါ့ခြေထောက်... ငါ့ခြေထောက်"

ဇော်ရာကတော့ ကြမ်းပြင်ပေါ်တွင် လူးလွန့်ရင်း သွေညာဘက်ခြေကျင်းဝတ်ကို လက်ဖြင့် ဖွဖွဆုပ်ကိုင်ကာ ညည်းညူနေသည်။ ကျန်သူများအားလုံး အံ့အားသင့်နေကြသည်။

လက်ျာအောင်ကလည်း ကင်မရာနှင့် ပုံပေါ်စပြုနေပြီဖြစ်သောဓာတ်ပုံကိုကိုင်လျက်သား။ တိုးခန့်နှင့်မားသဲတို့ကလည်း ပါးစပ်အဟောင်းသားဟလျက်။

နောက်မှ သူတို့အားလုံး ပြိုင်တူသတိဝင်လာကြပြီး။

"ဇော်ရာ... ဇော်ရာ၊ မင်းဘာဖြစ်သွားသေးလဲ"

အော်ဟစ်ရင်း ဇော်ရာဆီသို့ ပြေးသွားကြ၏။ ဇော်ရာကတော့ ခြေထောက်ကိုကိုင်ကာ ညည်းညူရင်း...

"အား... ကျွတ်... ကျွတ်၊ ငါ့ခြေထောက်ကျိုးသွားပြီလား မသိဘူး"

သူတို့အားလုံး ဘာလုပ်ရမည်မှန်းမသိ ဖြစ်နေကြ၏။

ထိုစဉ်မှာပင် သူတို့ ဦးခေါင်းပေါ်ရှိ ကြမ်းပြင်ကို တစ်စုံတစ်ယောက်က နင်းလိုက်သည့်အသံ ကျွီကနဲ ကြားရသည်။

"ဟင်"



ခြေသံများ...။ အိမ်ထဲသို့ တစ်စုံတစ်ယောက် ဝင်လာလေပြီ။

ခြေသံများသည် သူတို့ရှိရာ မြေအောက်ခန်းတံခါးဝဆီသို့ ဦးတည်ရင်း လျှောက်လာနေခြင်းဖြစ်၏။

မကြာခင် သူတို့ကို တွေ့သွားပေတော့မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ခြေသံများသည် တစ်စထက်တစ်စ ကျယ်လောင်လာ၏။

သူတို့သူငယ်ချင်းလေးဦးသား ထိတ်လန့်တုန်လှုပ်စွာဖြင့် တစ်ဦးကိုတစ်ဦး ကြည့်လိုက်မိသည်။

"ငါတို့ ဒီနေရာက အမြန်ထွက်မှဖြစ်မယ်"

မားသဲက လေသံသဲ့သဲ့ဖြင့် ပြောလိုက်၏။

"ကျွိ"

ခြေသံက နီးလာလေပြီ။ ဇော်ရာက...

"မင်းတို့ ငါ့ကို မထားခဲ့ကြနဲ့နော်လေကွာ"

ဟုပြောရင်း လူးလဲထဖို့ ကြိုးစားသည်။ မားသဲက...

"ထ... ဇော်ရာ၊ မြန်မြန်ထ"



"ငါ ဒီဘက်ခြေထောက်ပေါ် အားပြုပြီး ရပ်လို့မရဘူးဟ"

"ကိစ္စမရှိဘူး၊ လာ... ငါ့ကိုတွဲ၊ တိုးခန့် နင်က ဟိုဘက်က ထွဲလေဟာ"

တိုးခန့်က ဇော်ရာ့ကို ဆွဲထူပြီး လက်တစ်ဖက်ကို သူ့ပခုံးပေါ် ဆိုင်းဖက်ဆွဲယူလိုက်သည်။

"ကဲ... လာ၊ သွားကြစို့"

မားသဲက တစ်ဖက်မှတွဲရင်း တိုးတိုးပြောသည်။ တိုးခန့်က...

"နေစမ်းပါဦး၊ ဘယ်အပေါက်က ထွက်မှာလဲ"

တိုးခန့်အသံက အသက်ပင်မရှူနိုင်သလို အမောတကော နိုင်ရှာသည်။

"ငါတို့ ဒီလှေကားအတိုင်း ပြန်တက်လို့တော့ မဖြစ်ဘူး။ အပေါ် ရောက်ရင် တည့်တည့်တိုးမှာ"

ဇော်ရာက နာကျင်နေသည့်ကြားမှ တုန်တုန်ရင်ရင်ဖြင့် ဝင်ပြော ဆီ ကြမ်းပြင်ပေါ်မှ တကျွိကျွိနှင့် နင်းလျှောက်လာသော ခြေသံကလည်း ထသထက်နီးလာလေပြီ။

လကျာ်အောင်က ကင်မရာနှင့် ဓာတ်ပုံကိုကိုင်ထားရင်း...

"စောစောတုန်းက စားပွဲရဲ့ဟိုဘက်နားမှာ တံခါးပေါက် တစ်ခေါက်တွေ့မိတယ်"

"အပြင်ကိုထွက်တဲ့ တံခါးလား"

"ဟုတ်မယ်ထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ၊ အချိန်မရှိတော့ဘူး လာ. . . သွားကြစို့"

မားသဲက ပြောပြောဆိုဆိုနှင့် ဇော်ရာ့ကိုတွဲရင်း အခန်းတစ်ဘက်စွန်းဆီသို့ ဒရွတ်တိုက်ပြေးသည်။ စားပွဲဘေးနံရံရှိ ခပ်ဟဟဖြစ်နေသော တံခါးကို တွန်းဖွင့်လိုက်သောအခါ လှေကားထစ်များကို တွေ့ရ၏။

သူတို့ဘာမှစဉ်းစားမနေနိုင်တော့။ လှေကားထစ်များအတိုင်း ပြေးတက်ခဲ့ကြတော့သည်။

"ဟင်"

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် သူတို့အားလုံး ရင်ဆို့သွားရ၏။

လှေကားထစ်များအဆုံးတွင် ပိတ်ထားသောတံခါးတစ်ချပ်။

* * *



"လက်ျာ. . .၊ တံခါးကိုဖွင့်လေဟာ မြန်မြန်ဖွင့်ပါဟ"

မားသဲက တတွတ်တွတ်နှင့် အလောတကြီးပြောနေသည်။ လက်ျာအောင်က လက်ထဲမှ ကင်မရာကို လှေကားထစ်များပေါ်သို့ ခဏချထားလိုက်ပြီး တံခါးလက်ကိုင်ဘုကို လှည့်သည်။ မရ။

"အတင်းဆောင့်တွန်းပြီး ဖွင့်ကြည့်စမ်း"

မားသဲ၏ စကားကြောင့် လက်ျာအောင်က တံခါးကို ခြေထောက်ဖြင့် ဆောင့်ကန်သည်။ နောက် ပခုံးဖြင့် အရှိန်ပြင်းပြင်း ဆောင့်တိုက်ပစ်လိုက်သည်။ မပွင့်။

"တံခါးကို အပြင်ကနေ သော့ခတ်ထားတယ်"

လက်ျာအောင်က စိတ်ပျက်အားလျော့စွာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။
သူတို့ချောင်ပိတ်မိနေကြလေပြီ။

* * *



"ဘယ်. . . ဘယ်လိုလုပ်ကြမလဲ"

ဇော်ရာ၏ မျက်နှာပေါ်တွင် ချွေးတွေရွဲနစ်နေသည်။ မားသဲက တော့ စကားပင်မပြောနိုင်တော့၊ တိုးခန့်က. . .

"မင်းနဲ့ငါ ပြိုင်တူ ပခုံးနဲ့ပြေးဆောင့်ကြည့်ရအောင်"

လက်ျာအောင်နှင့်တိုးခန့်တို့နှစ်ယောက်သား လှေကားတံခါးထစ်နှစ်ထစ်စာမျှ နောက်သို့ဆုတ်ပြီး အရှိန်ယူလိုက်ကြသည်။

"ကဲ. . . တစ်. . . နှစ်. . . သုံး"

"ဝုန်း"

တစ်ကိုယ်လုံး ရှိရှိသမျှ အင်အားဖြင့် အနာခံပြီး ပင့်ဆောင့်လိုက်ရာ တံခါးပွင့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထေး. . ."

"အမလေး. . . တော်ပါသေးရဲ့"

မားသဲက မြူးတူးစွာဖြင့် ရေရွတ်လိုက်၏။

လက်ျာအောင်က လှေကားထစ်ပေါ် ချထားသော ကင်မရာကို ကောက်ကိုင်ပြီး ရှေ့ဆုံးမှနေ၍ ပြေးထွက်လာခဲ့သည်။

ရှည်လျားသော မြက်ပင်များနှင့် ခြုံနွယ်ပိတ်ပေါင်းများကို မြင်လိုက်ရခြင်းကြောင့် ခြံကွက်လပ်ထဲသို့ ရောက်လာခြင်းဖြစ်မှန်း သူတို့ သိလိုက်ကြ၏။ သူတို့ဝင်လာခဲ့သော ခြံဝင်းအရှေ့ဘက်ခြမ်းတော့ မဟုတ်။ ဒီနေရာက အိမ်ကြီး၏ ခြေရင်းဘက်ဖြစ်သည်။ ခြုံနွယ်ပိတ်ပေါင်းများ ပိုထူထပ်ပြီး တစ်ဝက်တစ်ပျက် ပြိုလဲကျနေသည့် သစ်ပင်ကြီးများကိုလည်း မြင်ရသည်။

လဲကျနေသော သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့နှင့် လွတ်အောင် ငုံ့လျှိုးပြေးလွှားလာကြပြီးသောအခါ ပြေပြစ်သော ဆင်ခြေလျှောအစပ်သို့ ရောက်လာကြ၏။ မြက်ခင်းပြင်ပေါ်တွင် သူတို့ ခေတ္တရပ်နားလိုက်ကြသည်။

မားသဲနှင့်တိုးခန့်တို့ကို တွဲ၍ လိုက်လာရသော ဇော်ရာက ယောင်နင်းယောင်နင်းနှင့် ခြေတစ်ဖက်ကို ဒရွတ်ဆွဲ၍ ပါလာ၏။ မားသဲက. . .

"ဘယ်လိုလဲ. . . ဇော်ရာ၊ နင်လမ်းလျှောက်နိုင်ပါ့မလား"

"ဖြည်းဖြည်းချင်းတော့ လျှောက်လို့ရမယ်ထင်တာပဲ၊ စောစော



အလောက်တော့ မနာတော့ဘူး"

တိုးခန့်က. . .

"ဒါဆို စမ်းလျှောက်ကြည့်ပါလား"

ဇော်ရာက တွဲထားသောလက်များကို လွှတ်ပြီး စမ်းလျှောက်ကြည့်သည်။ အကောင်းပကတိမဟုတ်သော်လည်း ထော့နဲ့ထော့နဲ့နှင့် ဖြည်းဖြည်းချင်းတော့ သွားနိုင်ကြောင်းတွေ့ရ၏။

"ဒီလောက်ဆို မဆိုးပါဘူး၊ အိမ်ကြွေမပျက် ဖြည်းဖြည်းချင်း လျှောက်ပြီး အိမ်ပြန်ကြတာပေါ့၊ လာ. . . သွားစို့"

တိုးခန့်၏ စကားအဆုံးတွင် ဆင်ခြေလျှောကလေးအတိုင်း မြေနီလမ်းဆီသို့ သူတို့ဆင်းလာခဲ့ကြသည်။ လမ်းပေါ်သို့ရောက်သောအခါ တိုင်ပင်မထားကြဘဲနှင့် သူတို့အားလုံး ပြိုင်တူလိုလို အိမ်ကြီးဆီသို့ တစ်ချက် ပြန်လှည့်ကြည့်မိကြ၏။

"ဟင်. . . ဟိုမှာ"

မားသဲ ညွှန်ပြသောအရာကို သူတို့အားလုံးလည်း မြင်လိုက်ကြသည်။

အိမ်ကြီးအပေါ်ထပ် မှန်ပြတင်းတံခါးနောက်ကွယ်မှ အရိပ်မည်းမည်းတစ်ခု၊

ထိုအရိပ်မည်းမည်း၏ အသွင်အပြင်က လူတစ်ယောက်၏ သဏ္ဌာန်ကောက်ကြောင်းအတိုင်း ပီပီသသ၊

"အဲဒါ ဘယ်သူများလဲ မသိဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"အမှူး ဖိုးငိုပဲ ဖြစ်မှာပေါ့ပါဟာ၊ နင်ကလည်း ကြည့်မနေပါနဲ့တော့၊ လာ. . . သွားကြစို့"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ ဟိုမှာမြင်နေရတာက မိန်းမတစ်ယောက်ပဲဥစ္စာ"

မားသဲ၏စကားကြောင့် ကျန်သုံးယောက်စလုံး မျက်လုံးများကို ပွတ်သပ်ပြီး သေချာအောင် ထပ်ကြည့်လိုက်ကြပြန်သည်။ ထို့နောက်. . .

"နင် မျက်စိကန်းနေသလား မားသဲ၊ ဘယ်ကလာ မိန်းမရမှာလဲ၊ ယောက်ျားတစ်ယောက်ပါဟာ၊ သေသေချာချာကြည့်ပါဦး"

"မိန်းမပါဆိုနေဟာ"

သုံးယောက်နှင့်တစ်ယောက်ဖြစ်သော်လည်း မားသဲက အလျှော့မပေးဘဲ ငြင်းနေသည်။

မြို့အဝင်လမ်းပေါ်ထိရောက်သည့်တိုင် သူတို့ အငြင်းအခုန်က မပြီးသေး။

* * *



သူတို့အားလုံး ဇော်ရာ့အိမ်သို့ ရောက်သောအခါမှပင် စိတ်[illegible]ပေါ့ပါးသွားပြီး သက်ပြင်းချနိုင်ကြတော့၏။

"မင်းခြေထောက် ဘယ်လိုနေသေးလဲ"

လက်ျာအောင်က မေးလိုက်သည်။ ဇော်ရာက. . .

"သိပ်မနာတော့ဘူးကွ၊ ဖြစ်ခါစနဲ့စာရင် အများကြီးသက်သာသွားပြီ"

တိုးခန့်က သူ့နဖူးမှ ချွေးများကို အင်္ကျီလက်ဖြင့် သုတ်လိုက်ရင်း. . .

"တကယ်ဆို မင်းကို အဲဒီအိမ်ထဲမှာပဲ ပစ်ထားခဲ့ဖို့ကောင်းတာသိလား. . . ဇော်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ. . . ငါ့ကို ဒီလောက်တောင် မေတ္တာထားတာ ကျေးဇူးပါပဲ၊ ဘယ်လိုလဲ မင်းတို့ကော နောက်ထပ်ရင်ခုန်စရာ စွန့်စားခန်း တလေများ ကြုံချင်ကြသေးလား"

"တော်စမ်းပါ ဇော်ရာရယ်၊ ငါတော့ ခုထက်ထိ ဟိုပြတင်းပေါက်က လှမ်းကြည့်နေတဲ့လူကို စိတ်ထဲက တွေးပြီး ကြောက်နေတုန်းပဲ"

မားသဲက ရယ်မောသံဖြင့်ပြောသည်။ တိုးခန့်ကတော့. . .

"နင်ကလည်းဟာ အရူးပါဆိုနေမှ"

"သူ့ပုံစံက အရူးမဟုတ်ဘူးထင်တယ်ဟ၊ ငါတို့ကို စူးစူးစိုက်စိုက် ကြည့်နေတာ။ ငါတို့တစ်ယောက်ချင်းစီကို သူ သေသေချာချာ မြင်သွားပုံပဲ"

လကျ်ာအောင်က ဝင်၍. . .

"အရူးဆိုရင်လည်း အန္တရာယ်ရှိတာပဲ၊ ငါတို့ကို သူဘာလုပ်မလဲဆိုတာ ဘယ်သူမှ တပ်အပ်မပြောနိုင်ဘူး"

"အဲဒါ. . . ဘာဖြစ်လဲ၊ ငါတို့က သူ့အိမ်ထဲဝင်တာမှ မဟုတ်တာ၊ သူကသာ ပိုင်ရှင်မဲ့အိမ်ထဲ ဘယ်သူမှ ခွင့်မပြုဘဲ ဝင်နေနေတာ။ တစ်ခုခုဖြစ်လာရင် ရဲကိုတိုင်လိုက်ရုံပေါ့"

ဟု တိုးခန့်က မထေမဲ့မြင်လေသံဖြင့်ပြော၏။

မားသဲကတော့. . .

"ဘာပဲဖြစ်ဖြစ်ဟာ ငါတို့ အဲဒီအိမ်ဘက် ထပ်မသွားကြရင် ကောင်းမယ်၊ အလကားနေရင်း ပြဿနာ မရှာချင်ဘူး"



"တုတ်တယ်၊ မားသဲပြောတာ ငါလက်ခံတယ်"

ဇော်ရာက သူ့ခြေကျင်းဝတ်ကို နှိပ်နယ်နေရင်းက ဝင်ပြောလိုက်ပြီးနောက် သူက တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် လကျ်ာအောင်ဘက်သို့လှည့်ပြီး. . .

"ဟေ့ကောင်. . . လကျ်ာ၊ ငါ့ပုံကော"

"ဘာ. . ."

"ဓာတ်ပုံလေ၊ ဟိုအိမ်ကြီးထဲမှာတုန်းက မင်း ငါ့ကို ရိုက်လိုက်တဲ့ဓာတ်ပုံကိုပြောတာ"

"ဪ. . . အဲဒါလား"

ထိုအခါကျမှပင် လကျ်ာအောင်က သတိရသွားပြီး သူယူလာသော ကင်မရာကို အောက်သို့ ခဏချကာ သူ့ကျောင်းဘောင်းဘီနောက်ဘက် အိတ်ကို စမ်းလိုက်သည်။

"ငါလည်း ပြေးရင်းလွှားရင်းနဲ့ ဓာတ်ပုံကို ဘောင်းဘီအိတ်ထဲ ထည့်ထားပြီး မေ့နေလိုက်တာ"

လကျ်ာအောင်က ပြောပြောဆိုဆိုဖြင့် ဓာတ်ပုံကို ဆွဲထုတ်လိုက်ပြီးနောက် သူ့လက်ထဲမှ ဓာတ်ပုံကို ငုံ့ကြည့်လိုက်သည်။

"တင်. . ."

မယုံကြည်နိုင်သော ထိတ်လန့်အံ့သြမှုဖြင့် သူ ကြက်သေသေ သွားပြီး ထို့နောက် သူက ကြောက်လန့်တကြားဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"နေဦး. . . ဒီ. . . ဒီပုံမှာ တစ်ခုခုတော့ မှားနေပြီ၊ ဒီမှာ ကြည့်စမ်း ဘယ်လိုပုံကြီးလဲ"

❋ ❋ ❋



သူတို့သူငယ်ချင်းလေးယောက်စလုံး ဓာတ်ပုံကို ဝိုင်းအုံကြည့် ...ပြီးနောက် အံ့ဩတုန်လှုပ်စွာဖြင့် ပါးစပ်အဟောင်းသား ပွင့်သွား...

ဓာတ်ပုံထဲတွင် မြင်ရသည်က. . .

လှေကားပေါ်မှ ပြုတ်ကျလာပြီး ကြမ်းပြင်နှင့် မထိခင် လေထဲ ...တ်ထိုးဖြစ်နေသော ဇော်ရာ၏ ပုံ။

"ဒါ. . . ဒါ မဖြစ်နိုင်တာပဲ"

...သံတ တုန်ရင်နေသောလေသံဖြင့် ရေရွတ်လိုက်၏။ ဇော်ရာ ..

"မင်း. . . မင်း ဓာတ်ပုံရိုက်ပြီးမှ ငါက ပြုတ်ကျသွားတာပဲ . .

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်လို့ ဒီ. . . ဒီပုံ"

သူတို့ နားမလည်နိုင်ကြတော့။

တိုးခန့်ကတော့ သူတို့ကို မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီး. . .

"မင်းတို့ အမှတ်မှားနေကြတာဖြစ်မယ်၊ ဇော်ရာ ပြုတ်ကျတော့မှ လျှပ်တပြက် ရိုက်လိုက်တာ မဟုတ်ဘူးလား"

"မဟုတ်. . ."

"ဟုတ်ပါတယ်ကွ၊ လျှပ်တပြက်လှမ်းရိုက်လိုက်တာတောင် ဒီလောက်ပုံကောင်းကောင်းထွက်ရင် မင်းနိုးလာတဲ့ ကင်မရာက ဘယ်ဆိုးလို့တုန်းကွ"

တိုးခန့်ကတော့ ဖွတ်ပင်ပြောနေသည်။ လကျ်ာအောင်က. . .

"ငါ နိုးလာတာ မဟုတ်ပါဘူး၊ တကယ်ဆို ငါမသိ. . ."

ဇော်ရာကတော့ သူတို့နှစ်ယောက်အကြား စကားကို ဝင်လုပြီး ပြောသည်။

"မဟုတ်ဘူးကွ၊ ငါ သေသေချာချာမှတ်မိတယ်၊ ဓာတ်ပုံရိုက်တုန်းက ငါ ပြုတ်မကျသေးဘူး၊ ငါ အိုက်တင်ပေးနေတာ မင်း မှတ်မိတယ် မဟုတ်လား လကျ်ာ၊ ငါ ပြုံးပြုံးကြီး လုပ်နေတာလေ"

တိုးခန့်က. . .

"မင်းအိုက်တင်ကလည်း ပြုံးပြုံးကြီးလုပ်တာကလွဲရင် တစ်ခြားဟာများ ပြောင်ပြောင်မြောက်မြောက် လုပ်တတ်သေးလို့လဲ၊ အားလုံး ... နေကြတာပဲဥစ္စာ"



"ဟော့ကောင်. . . တိုးခန့်၊ နောက်မနေနဲ့ကွ ဒါ တကယ် ထူးဆန်းလို့ ပြောနေတာ"

ဇော်ရာက ခပ်ဆတ်ဆတ်ပြောလိုက်သည်။ လကျ်ာအောင်က လည်း. . .

"ဟုတ်တယ်. . . ထူးဆန်းတယ်"

သူ သည်မျှသာ ပြောနိုင်တော့သည်။ ဘာကြောင့်လဲဟူသည့် အကြောင်းတိုကား ရှာမရပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများနှင့်ခွဲပြီး သူတစ်ယောက်တည်း အိမ်ကို ပြန်လာ

သည့်အချိန်တွင်ကား မိုးချုပ်စပင် ပြုနေလေပြီ။

"ဒုက္ခပဲ. . . အမေတော့ ငါ့ကို ဆူနေဦးမလား မသိဘူး"

ဟု လကျာ်အောင် စိတ်ထဲတွင် တွေးမိသည်။ သူက အိမ်မှ မထွက်ခင်တုန်းကတော့ ညနေ လေးနာရီအမီပြန်လာခဲ့မည်ဟု အမေ့ကို ကတိပေးခဲ့သောကြောင့် ဖြစ်သည်။

ခြံဝင်းတံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်စဉ်မှာပင် အိမ်ရှေ့ကွက်လပ်ထဲ၌ ရပ်ထားသော ကားအသစ်တစ်စီးကို တွေ့လိုက်ရသည်။

"ဟင်. . . ဘယ်သူ့ကားပါလိမ့်"

အိမ်ထဲသို့ လှမ်းကြည့်လိုက်တော့လည်း ဧည့်သည်ရောက်နေ



သည့် အရိပ်အယောင်ကိုပင် မမြင်ရ။

သူက ကားသစ်ကလေးကို သေသေချာချာထပ်ကြည့်လိုက်ပြန်သည်။ အပြာရောင် စတေရှင်ဝက်ဂွန် အမျိုးအစား ကားအသစ်ချပ်ချွတ်တစ်စီး ဖြစ်သည်။ သစ်လိုက်သည်မှ မှန်ပေါ်တွင်ရေးခြစ်ထားသော ပို့ကုန်အမျိုးအစားနံပါတ်နှင့်စာတမ်းများကိုပင် မဖျက်ရသေး။ ကုမ္ပဏီတံဆိပ်များကိုလည်း မခွာရသေး။

ယခုမှ မြေကြီးပေါ်နင်းကာစ အသစ်စက်စက်ဖြစ်သည်။

*ဒါ. . . ဒါဟာ ဖေဖေ ဒီနေ့မှ ဝယ်လာတဲ့ ကားသစ်ပဲ၊*

သူ အရမ်းပျော်သွားသည်။ ဒရိုင်ဘာထိုင်ခုံဘေးမှ တံခါးကို ဖွင့်လိုက်သည်။ ကားအသစ်များတွင် ရလေ့ရှိသော ဗင်နိုင်းရနံ့လတ်ဆတ်ဆတ်ကို သူရှူရှိုက်လိုက်ရ၏။

"ဟား. . . မွှေးလိုက်တာ"

သူ့ရင်ထဲတွင် လတ်ဆတ်သင်းပျံ့သွားသည်။ ကားတံခါးကို ပြန်ပိတ်လိုက်သောအခါ ချပ်ခနဲမြည်သွားသည့်အသံတိုးတိုးကို သာယာစွာကြားရလေသည်။

သူက ကင်မရာကို မျက်လုံးနှင့်တစ်တန်းတည်းဖြစ်အောင် ချိန်လိုက်ပြီး နောက်သို့ခြေလှမ်းအနည်းငယ် ဆုတ်လိုက်သည်။

'ဒီကားသစ်ကလေးကို တစ်ပုံလောက် အမှတ်တရ ရိုက်ယူထားလိုက်ဦးမှပဲ' ဟု လကျာ်အောင်က တွေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခိုက်အတန့်သည် သူ့အတွေ့အကြုံမှာ ထူးခြားပြီး ရတော
ရခဲ့သည့်အချိန်ကာလလေးတစ်ခုပင် မဟုတ်ပါလား။

လက်ျာအောင်က ကားအသစ်လေး၏ ပုံကိုကြည်လင်ပြတ်သာ
စွာ မြင်ရသည်အထိ မှန်ဘီလူးဆုံတာ (focus)ကို ဖြည်းဖြည်းချင်း လှည့်
ချိန်သည်၊ စိတ်ကြိုက်ရသည်ဆိုသည့်အခါတွင်မှ ခလုတ်ကို နှိပ်လိုက်၏

"ဖျောက်"

ကင်မရာ ဖလက်ရှ် မီးလင်းသွားသည်နှင့်အတူ ဖလင်ရစ်
သံ့သံ့ကိုပါ ကြားရသည်။

တခဏချင်းမှာပင် ဓာတ်ပုံအိမ်ထဲမှ ပုံသဏ္ဌာန်မပီပြင်သေ
သော လေးထောင့်စက္ကူဖြူတစ်ချပ် ထွက်လာသည်။

လက်ျာအောင်က ဓာတ်ပုံအနားစွန်းကို ဖွဖွကိုင်ပြီး ညင်သာ
စွာ ဆယ့်လေးငါးကြိမ်ခန့် ခါရမ်းပေးလိုက်သောအခါ ဓာတ်ပုံစက္ကူပေါ်
တွင် မီးခိုးရောင်နှင့်အစိုရောင် စတင်သန်းလာသည်။

ထိုစဉ်မှာပင်. . .

"သား ပြန်လာပြီလားဟေ့၊ လက်ျာရေ၊ မင်းဖေဖေတော
ရောက်နေပြီ"

သူ့မိခင်က လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။လက်ျာအောင်က. . .

"ဟုတ်ကဲ့၊ လာပြီ မေမေ ခဏလေး"

ပြောပြောဆိုဆိုနှင့် သူက အတွေ့မခံဘဲ အိမ်အပေါ်ထပ်
သူ့အခန်းဆီသို့ တဟုန်ထိုးပြေးလာခဲ့တော့သည်။



လောလောဆယ်တွင် အရေးကြီးနေသည်က ဒီကင်မရာကို သူ့
အခန်းထဲက တစ်နေရာရာမှာ ဖွက်ထားဖို့ပင်ဖြစ်သည်။

အကယ်၍ အဖေနှင့်အမေသာ မြင်သွားခဲ့ပါက 'ဒါ ဘယ်သူ့
ကင်မရာလဲ၊ ဘယ်ကရလာတာလဲ' စသဖြင့် မေးခွန်းများစွာ မေးနေပေ
လိမ့်ဦးမည်။

အဲဒီလိုမေးခွန်းမျိုးတွေကို သူမဖြေချင်။

"သားရေ. . . ဘာလုပ်နေတာလဲ၊ ဆင်းခဲ့တော့လေ မင်းဖေ
ဖေ ဝယ်လာတဲ့ ကားသစ်ကလေးကို မြင်ပြီးသွားပြီလား"

အောက်ထပ်မှ လှမ်းအော်လိုက်သော သူ့မိခင်၏ လေသံက
စိတ်မရှည်သံ ပါနေ၏။ ထို့ကြောင့် လက်ျာအောင်က. . .

"ဟုတ်ကဲ့ မေမေ လာပြီ"

ပြန်ဖြေရင်း သူ့အခန်းတစ်ခုလုံးတွင် ကင်မရာဖွက်ဖို့ ကောင်း
မည့်နေရာကို ကမန်းကတန်းအကြည့်ဖြင့် ရှာဖွေလိုက်သည်။

ကုတင်အောက်မှာဆိုလျှင်ကော။

ဟင့်အင်း. . . မဖြစ်သေး။ မေမေက ကုတင်အောက်ကို
မကြာခဏ သန့်ရှင်းရေးလုပ်တတ်သည်။ အဲဒီမှာထားလျှင် တွေ့သွားမှာ
သေချာ၏။

"ဪ. . . ဟုတ်ပြီ"

သူ့စာအုပ်စဉ်နောက်ဘက်မှ ဖိုင်တွဲများထားရာ အကာန့်ကလေး
ကို သူသတိရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာဆိုရင်တော့ လုံခြုံလောက်တယ်' ဟုတွေးကာ ကင်မရာတို ထိုးထည့်ပြီး စာအုပ်များဖြင့် ပြန်ကွယ်ထားလိုက်သည်။

ထို့နောက် မသပ်မရပ်ဖြစ်နေသောဆံပင်ကို တစ်ချက်၊ နှစ်ချက်ဖြီးလိုက်ပြီး အခန်းထဲမှ ပြေးထွက်ခဲ့တော့၏။

တံခါးဝသို့အရောက်တွင် သူ့ခြေလှမ်းတွေ တုန့်ခနဲရပ်သွားသည်။ စောစောက သူရိုက်ခဲ့သော ကားသစ်လေး၏ ဓာတ်ပုံကို သတိရလိုက်သောကြောင့်ဖြစ်သည်။

အဲဒီဓာတ်ပုံကို ငါဘယ်မှာထားလိုက်မိပါလိမ့်။

ခဏမျှ စဉ်းစားလိုက်သောအခါ ထိုဓာတ်ပုံကို ကုတင်ပေါ် ပစ်တင်ခဲ့မိကြောင်း သတိရလာသည်။ ထို့ကြောင့် သူက အခန်းထဲ ပြန်ဝင်ပြီး ကုတင်ပေါ်မှ ဓာတ်ပုံကို ကောက်ယူလိုက်သည်။

ထို့နောက် သူတို့မိသားစုပိုင် ပထမဦးဆုံး ကားအသစ်ကလေး၏ အမှတ်တရဓာတ်ပုံကို ငုံ့ကြည့်လိုက်ရာ. . .

"ဟင်. . . မဟုတ်ဘူး၊ မဟုတ်ဘူး။ ဒါ. . . ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

သူ ဓာတ်ပုံကိုကြည့်ပြီး သွေးရူးသွေးတန်း အော်ဟစ်လိုက်မိလေသည်။

* * *



'ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ' ဟု လကျာ အောင်စိတ်ထဲက အကြိမ်ကြိမ်မေးနေမိ၏။ သေချာသထက် သေချာအောင် ဓာတ်ပုံကိုလည်း သူ့မျက်လုံးနှင့် ထိကပ်လုမတတ် အကြိမ်ကြိမ် ထပ်ကြည့်ခဲ့ပြီးဖြစ်သည်။

တစ်ခုခုတော့ မှားနေပေပြီ။

ဓာတ်ပုံထဲတွင်ကား အပြာရောင် စတေရှင်ဝက်ဂွန်ကားလေးသည် ရစရာမရှိအောင် စုတ်ပြတ်သတ်ကာ ကြေမွပျက်စီးနေ၏။ ဆိုးဆိုး ဝါးဝါး ကားတိုက်မှုတစ်စုံတစ်ရာကြောင့် ပျက်စီးနေသည့်ပုံမျိုး။

ကားရှေ့လေကာမှန်သည် တစ်စစီကျိုးပဲ့နေ၏။ ကော်ဖုံးရှေ့ ဘန်ဝါတစ်ခုလုံးလည်း တွန့်လိမ်ကောက်ကွေးနေသည်။ ကားမောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ဘက်အခြမ်းရှိ တံခါးသည်ကား ပုံပျက်ပန်းပျက် ချိုင့်ဝင်နေ၏။

"ဘုရားရေ. . . ဒါ မဖြစ်နိုင်တာ"

လက်ျာအောင်က ဘုရားတလိုက်မိသည်။ ထိုစဉ်မှာပင် သူ့မိခင်၏အသံက. . .

"လက်ျာရေ. . . မင်း ခုချိန်ထိ အောက်ဆင်းမလာသေးဘူးလား၊ ငါတို့အားလုံး ဗိုက်ဆာလှပြီ၊ ထမင်းစားဖို့ မင်းကိုစောင့်နေတယ်"

"လာပြီ. . . မေမေ"

လက်ျာအောင်က ဓာတ်ပုံကို ဗီရိုအံဆွဲထဲသို့ ကမန်းကတန်း ပစ်ထည့်ကာ ပိတ်လိုက်ပြီး အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။ သူ့အာရုံထဲတွင်တော့ ပုံပျက်ပန်းပျက် ကြေမွပျက်စီးနေသည့် စတေရှင်ဝက်ဂွန်ကားကလေး၏ ပုံရိပ်က ခြောက်လန့်လျက်။

သေချာသထက်သေချာအောင် အိမ်ရှေ့သို့ တစ်ခေါက်ပြေးပြီး ရပ်ထားသောကားသစ်ကလေးကို သူ လှမ်းကြည့်လိုက်သည်။ ဝင်လုဆဲဆဲ နေရောင်အောက်တွင် အပြာရောင်ကားကလေးက တောက်ပသစ်လွင်နေ၏။ ပကတိ စင်းလုံးချော အပြစ်အနာအဆာမရှိ။

လက်ျာအောင်က ထမင်းစားခန်းထဲသို့ လှည့်ဝင်ခဲ့သည်။ ဖခင်ဖြစ်သူက ဆီးကြိုပြီး. . .

"ဘယ်လိုလဲ သား၊ ဖေဖေ ဝယ်လာတဲ့ကားကို သဘောကျရဲ့လား"

"သဘောကျတယ် ဖေဖေ၊ အရမ်းမိုက်တာပဲ"



လက်ျာအောင်က သူ့အာရုံတွင် စွဲထင်နေသော ဓာတ်ပုံကို မေ့ပျောက်ရန် ကြိုးစားရင်း ပြောလိုက်သည်။ သို့သော်. . . မရ။

ဆိုးရွားစွာ ပုံပျက်ပန်းပျက် ချိုင့်ဝင်နေသည့် ဒရိုင်ဘာနေရာကို ပြန်မြင်ယောင်နေသည်။ ထိုစဉ် သူ့ဖခင်၏ ဝမ်းပန်းတသာ ပြောလိုက်သော စကားသံကို ကြားရ၏။

"အေး. . . အခု ညစာစားပြီးရင် ဖေဖေတို့တစ်မိသားစုလုံး အဲဒီကားလေးနဲ့ လျှောက်လည်ကြရအောင်"

* * *

www.burmeseclassic.com

www.burmeseclassic.com



လက်ျာအောင်၏ ရင်ထဲတွင် ပူလောင်တင်းကျပ်လာ၏။ သူ ချတ်ချင်းပင် အော်ဟစ်ပြီး တားပစ်လိုက်ချင်သည်၊ သို့သော် သူမှာ ပြောပြစရာစကားလုံး မရှိ။

"ကျွန်တော်. . . ကျွန်တော်တို့ သွားလို့မဖြစ်ဘူးထင်တယ် ဖေဖေ"

"ဘာဖြစ်လို့လဲ ညီလေးရ"

ထမင်းစားပွဲတွင် ရောက်နှင့်နေသည့် သူ့အစ်ကိုဖြစ်သူ ဗညားအောင်က လှမ်းမေးလိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲဆိုတော့. . . အဲ"

လက်ျာအောင်က အကြောင်းပြချက်ကောင်းကောင်းတစ်ခု



လောက်ပေးရန် အပြေးအလွှား ရှာဖွေစဉ်းစားလိုက်သည်။ သို့သော် သူ့ဦးခေါင်းထဲတွင် ဗလာဟင်းလင်းဖြစ်နေ၏။

အမှန်အတိုင်းတော့ သူပြောပြ၍မဖြစ်။

ဇော်ရာ့ကို သူဓာတ်ပုံရိုက်ခဲ့သည့်အကြောင်း ဓာတ်ပုံထဲတွင် ဇော်ရာလှေကားပေါ်မှ ပြုတ်ကျသည့်ပုံပေါ်နေပြီး နောက်မကြာခင်မှာပင် ဇော်ရာတစ်ယောက် တကယ်ပင် ပြုတ်ကျသွားခဲ့သည့်အကြောင်း အရင်ဆုံးပြောပြရဦးမည်။

ပြီးတော့မှ ကားအသစ်ကို သူ အမှတ်တရ ဓာတ်ပုံရိုက်ခဲ့ရာမှ ဓာတ်ပုံထဲတွင် ဆိုးဆိုးရွားရွား ပျက်စီးနေသော မော်တော်ကားပုံပေါ်နေသည့်အကြောင်း ပြောပြရပေလိမ့်မည်။

ဒါတွေကို သူဘယ်လိုလုပ်ပြီး ရှင်းပြရမည်နည်း။

မဖြစ်နိုင်ပါ။ ဒီအဖြစ်အပျက်တွေအားလုံး ဘယ်လိုအဓိပ္ပာယ်ဆောင်နေသလဲဆိုသည်ကို သူကိုယ်တိုင်လည်း သေသေချာချာ မသိသေးပါ။

သူသိသည်မှာ တစ်ခုတည်းသာရှိသည်။ ယင်းမှာ သူကြောက်ရွံ့တုန်လှုပ်နေသည်ဆိုသောအချက်ပင်ဖြစ်၏။

ဘာကိုကြောက်နေတာလဲ၊ ဒါကိုလည်း သူမသိချေ။

သူ့မိသားစုကိုလည်း အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြဖို့ မဖြစ်နိုင်မှန်း သူသိနေ၏။ ဒီအဖြစ်အပျက်တစ်ခုလုံးက ထူးဆန်းလွန်းလှသည်၊ သို့မဟုတ် ရူးကြောင်ကြောင်နိုင်လွန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေကွာ ဘာဖြစ်လို့လဲ"

သူ့အစ်ကိုက ထပ်မေးနေပြန်သည်။

"ကျွန်တော် ဇော်ရာနဲ့ တွေ့ဖို့ချိန်းထားလို့"

သူက အထစ်ထစ်အငေါ့ငေါ့ဖြင့် ပြန်ဖြေလိုက်သည်။

"ဒါလေများ သားရယ်၊ ဇော်ရာ့ဆီကို ဖုန်းဆက်ပြီး မနက်ဖြန်မှ တွေ့မယ်လို့ ပြောလိုက်ပေါ့ကွာ"

"မတုတ်. . . မဟုတ်သေးဘူး ဖေဖေ၊ ကျွန်တော်. . . ကျွန်တော် နည်းနည်းလည်း နေမကောင်းချင်သလိုလို ဖြစ်နေလို့ပါ"

ထိုအခါကျမှပင် သူ့မိခင်က မျာမျာသလဲဖြစ်သွားပြီး. . .

"ဘာဖြစ်လို့လဲ သား၊ ကိုယ်ပူနေသလား မှန်းစမ်း"

"မဟုတ်ဘူး မေမေ၊ ကိုယ်ပူတာ မဟုတ်ဘူး။ ဟို. . . ဘာခေါ်မလဲ၊ ပင်ပန်းလွန်းပြီး ကိုယ်တွေ၊ လက်တွေ မအီမသာဖြစ်နေတာပါ။ စားချင်သောက်ချင်စိတ်လည်း မရှိဘူး"

"မင်းမစားချင်ဘူးဆိုရင် မင်းပန်းကန်ထဲက ဟင်းကို ငါစားလိုက်မယ်လေ"

သူ့အစ်ကိုက ပြောပြောဆိုဆိုနှင့် သူ့ပန်းကန်ထဲမှ ကြက်သားဟင်းတုံးကို ခက်ရင်းဖြင့် ထိုးကော်ယူသွားသည်။ လကျ်ာအောင် ဘာမှ မတတ်နိုင်။ အောင့်သက်သက်ဖြင့် ကြည့်နေလိုက်ရ၏။

သူ့ဖခင်ကတော့ သူ့ကို မယုံသင်္ကာအကြည့်ဖြင့် ကြည့်ရင်း. . .

"ကိုယ်လက်မအီမသာဖြစ်နေရင်လည်း ဖေဖေတို့နဲ့အတူတူ



စားလိုက်စီးရင်း လေကောင်းလေသန့်လေး၊ ဘာလေး ရှူပါလား၊ ဒါမှ နေလို့ကောင်းသွားမှာပေါ့"

"မဟုတ်သေးဘူး ဖေဖေ၊ သား"

'ဘယ်လိုအကြောင်းပြချက်ပေးရမလဲ' ဟု သူ အပြင်းအထန် စဉ်းစားသည်။ 'စာကျက်စရာရှိသေးလို့' ဟု အကြောင်းပြလျှင်လည်း ဆုံးကြမည့်အပြင် ဝိုင်း၍ပင် ရယ်ကြလိမ့်ဦးမည်။ ဘယ်လိုပြောရပါ့မလဲ။

"ဟိုဒင်း. . . အဲ"

"ကဲ. . . ဘာမှပြောမနေနဲ့တော့၊ မင်း ဖေဖေတို့နဲ့အတူ လိုက်ခဲ့ရမယ်၊ ဒါပဲ"

သူ့ဖခင်က တစ်ချက်လွှတ် အမိန့်ပေးလိုက်သည်။ လကျ်ာအောင်က သက်ပြင်းချပြီး ခေါင်းကို ခါရမ်းလိုက်၏။

ငါ ဘာဖြစ်နေတာလဲ။ ဟို ရှုးကြောင်ကြောင် ကင်မရာကြောင့် စားစီးရမှာ ဒီလောက်တောင် ကြောက်နေစရာလား။

ချောက်ချားဖွယ်အတွေးများကို သူ့ဦးခေါင်းထဲမှ မောင်းထုတ်ပစ်ရန် ကြိုးစားကြည့်သော်လည်း မရ။

"မင်း. . . ဘာဖြစ်နေတာလဲ. . . သား။ ဖေဖေတော့ သားကို နားလည်တော့ဘူး"

ကျွန်တော့်ကိုယ် ကျွန်တော်လည်း နားမလည်တော့ပါဘူး ဟု လကျ်ာအောင် စိတ်ထဲက ပြောလိုက်သည်။ သို့သော် သူ့နှုတ်မှ ထွက်လာတာတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . . ဘာမှမဖြစ်ပါဘူး ဖေဖေ။ သားလိုက်ခဲ့ပါ့မယ်"

❑

## အခန်း (၂)

ကားမောင်းလာစဉ် လမ်းတစ်လျှောက်လုံး ဖေဖေက သူ့ကား ...ကြောင်း တတွတ်တွတ် ရှင်းပြလာခဲ့သည်။ ဗညားအောင်ကတော့ ...ပြောသမျှကို ဟုတ်ကဲ့ချည်း ခေါင်းညိတ်နေ၏။

မေမေကတော့ ဖေဖေနှင့် ယှဉ်လျက် ရှေ့ခန်းတွင် ထိုင်နေရာမှ ...ခဲမှ တက်ဆက်ကို တိုးတိုးဖွင့်ပြီး နားထောင်နေသည်။ ကားနောက် ...ခေါ် ထောင့်တွင် ငြိမ်ငြိမ်ကလေး ခွေခေါက်လိုက်ပါလာသူဟူ၍ လက်ဖျာ ...င်တစ်ယောက်သာ ရှိသည်။

ကားက အဝေးပြေးလမ်းမကြီးပေါ်သို့ တက်လိုက်သည့်အခါ ...မေမေက နောက်ခန်းသို့လှည့်ပြီး

"သားတို့ ထိုင်ခုံခါးပတ်တွေ သေသေချာချာ ပတ်ထားကြရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

"အရောင်းပြခန်းမှာ ကတည်းက ထိုင်ခုံခါးပတ်တွေကို သူတို့ သေသေချာချာ ဂရုစိုက်ပြီး စစ်ပေးလိုက်ကြသားပဲ၊ ကောင်းပါတယ်ကွ"

ဖေဖေကပြောရင်း လက်ဝဲဘက်လမ်းကြောကို ယူရန်အချက် ပြလိုက်သည်။ ထိုစဉ် ဝေါကနဲ မြည်ဟီးသံကြီးနှင့်အတူ ကြီးမားလှေး သော ထရပ်ကားကြီး တစ်စင်းက သူတို့ကားကို ကျော်တက်သွားသည် လက်ျာအောင်၏ ရင်ထဲတွင် အေးကနဲ ဖြစ်သွား၏။

ထရပ်ကား အိတ်ဇောပိုက်မှ မှုတ်ထုတ်လိုက်သော မဲမှောင် သည့် မီးခိုးငွေ့များ ပျယ်ချိန်တွင် ဖေဖေက လက်ဝဲဘက်လမ်းကြောထဲ ချိုးဝင်ပြီး ဂီယာပြောင်းလိုက်သည်။

ဗညားအောင်က. . .

"ဖေဖေ နည်းနည်းအရှိန်မြှင့်ပြီး မောင်းကြည့်ပါလား။ ဒီကား ဘယ်လောက်ဆွဲနိုင်သလဲ သိရတာပေါ့"

ဖခင်ဖြစ်သူက လီဗာပေါ်သို့ ခြေထောက်ကို ဖိနင်းလိုက်သည် ကားကလေးက ရိပ်ကနဲ၊ ရိပ်ကနဲ လျင်မြန်စွာ ပြေးလွှားသွား၏။

"ဒါ. . . ကီလို (၁၁၀) နှုန်းပဲကွ"

ဖေဖေ့စကားသံကြောင့် မေမေက ကက်ဆက်ကို လှမ်းပိတ် လိုက်ရင်း. . .

"အရှိန်လျှော့လိုက်ဦးလေ၊ အချက်ပေးခေါင်းလောင်းသံတော မြည်နေပြီ"



"သိပါတယ်ကွ၊ ကိုယ်က စမ်းကြည့်တာပါ"

ဖေဖေက အရှိန်ကို ထပ်မြှင့်လိုက်ပြန်သည်။ အမြန်နှုန်းပြဒိုင် ဆီသို့ လက်ျာအောင်က လှမ်းကြည့်လိုက်သည်။ သူတို့ကားသည် နာရီလျှင် (၁၃၀) ကီလိုမီတာနှုန်းနှင့် တရိပ်ရိပ်ပြေးလွှားနေလေပြီ။

"ရှင်ဟာလေ ပြောမရ၊ ဆိုမရနဲ့ ရှင့်ကိုယ်ရှင် လူပျိုပေါက် လေးများ မှတ်နေလား၊ အရှိန်လျှော့ပါလို့ ပြောနေတဲ့ဟာ၊ ညကြီးမင်း ကြီး ဒီအရှိန်နဲ့ မောင်းနေရင် ဒုက္ခရောက်လိမ့်မယ်"

မေမေပြောသည်မှာ မှန်၏။ နေဝင်သွားပြီဖြစ်သောကြောင့် အဝေးပြေးကားလမ်းမပေါ်တွင် မှောင်မိုက်နေသည်။ သူတို့ကားသည် ဘက်လမ်းကြောမှ မောင်းနှင်လာသော ကားငယ်ကလေးများကို ကနဲ၊ ရိပ်ကနဲ ဖြတ်ကျော်တက်လာခဲ့ကြ၏။

မျက်နှာချင်းဆိုင်ဘက်ဆီမှ မောင်းနှင်လာသော ကားမီးကြီး များ တည့်တည့်ထိုးလိုက်သည့်အခါများတွင် မျက်လုံးတွေ ပြာခနဲ ဖြစ် သွားရ၏။

"လက်ျာ. . . ဟဲ့. . . သား ငြိမ်လှချည်လား၊ နေလို့ကောင်းရဲ့ လား"

မေမေ့စကားသံကြောင့် သူက. . .

"ဟုတ်ကဲ့. . . ကောင်းပါတယ်"

ဟု ဖြေလိုက်ရသည်။ သူ့စိတ်ထဲကတော့ ဖေဖေ့ကို အရှိန်လျှော့ အောင်ပြောလိုက်ချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမြန်နှုန်းပြဒိုင်ခွက်ကို လှမ်းကြည့်လိုက်တော့ (၁၄၀) ကီလို

ထိုစဉ် ဖေဖေက လက်ျာအောင်ကို. . .

"ဘယ်လိုလဲ သားရဲ့၊ ဖေဖေဝယ်လာတဲ့ကားကို ကြိုက်ရဲ့လား"

ထိုသို့မေးနေစဉ်တွင် ဖေဖေက ကားစတီယာရင်ကို ညာဘက် လက်တစ်ဖက်တည်းဖြင့်သာ ထိန်းထားပြီး သူ့ဘက်ဖက်လက်က စီးကရက် ဗူးကို ဖွင့်ကာ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး နှုတ်ခမ်းဖျားမှာ တပ်၏

လက်ျာအောင်က. . .

"ဖေဖေ့ကားက ကောင်းပါတယ်"

ဟု ခပ်တိုးတိုးဖြေလိုက်၏။ ထိုအချိန်တွင် ဖေဖေက ဆေးလိပ် မီးညှိရန် ကားဒက်ရှ်ဘုတ်တွင် တပ်ဆင်ပေးထားလေ့ရှိသည့် Lighter ကို လက်တစ်ဖက်ဖြင့် စမ်းရင်း၊ စမ်းရင်း ရှာဖွေနေသည်။

"ဟ. . . Lighter က ဒီနားမှာပဲ ရှိရမယ့်ဥစ္စာ၊ ဘယ်ရောက်နေ ပါလိမ့်"

ဒီကားဒက်ရှ်ဘုတ်၏ ဖွဲ့စည်းပုံက သိပ်အကျွမ်းမဝင် အထာ မကျလှသေးသောကြောင့် ရှာ၍မတွေ့ဘဲ ဖြစ်နေ၏။ ထိုစဉ်မှာပင် လက်ျာ အောင်၏ စိတ်အာရုံထဲ၌ သူရိုက်ခဲ့သောဓာတ်ပုံကို ဖျတ်ခနဲ ပြန်မြင် ယောင်ပြီး ကြက်သီးထသွား၏။

"ဟင်. . . ဘယ်လိုလဲ၊ ဒီကား ဒက်ရှ်ဘုတ်မှာ Lighter မပါ ဘူးလား"

ဖေဖေက ပြောပြောဆိုဆိုနှင့် ဒက်ရှ်ဘုတ်ကို ငုံ့ကြည့်လိုက်



မော်တော်ကားက လက်ဝဲဘက် တစ်ဖက်ယာဉ်ကြောသို့ ယိမ်းထိုးပါ သွား၏။

ထိုစဉ် လက်ျာအောင်က တစ်စုံတစ်ရာကို လှမ်းမြင်လိုက်ပြီး အသံကုန် အော်ဟစ်လိုက်သည်။

"ဖေဖေ. . . သတိထား၊ ရှေ့မှာ. . . ရှေ့မှာ ထရပ်ကား ကြီး. . . အား"

* * *

www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံက ဆူညံကျယ်လောင်သွား၏။

ထရပ်ကားကြီးဆီမှ လေဟပ်လိုက်သည့်အရှိန်ဖြင့် စတေရှင်ဝက်ဂွန်ကားလေးသည် သဘော်ကြီးဘေးမှ ဖြတ်သန်းရင်း လှိုင်းပုတ်လိုက်ရသည့် လှေငယ်ကလေးလို ငြိမ့်ခနဲ ယိမ်းယိုင်သွားသည်။

ဖခင်ဖြစ်သူက ကားစတီယာရင်ကို ဆတ်ခနဲ ညာဖက်ကို လှည့်လိုက်ရင်း. . .

"ဘုရား. . . ဘုရား"

ထရပ်ကားကြီးက အရှိန်အဟုန်ပြင်းစွာဖြင့် ဝေါခနဲ ဖြတ်ကျော်သွား၏။ ကားတစ်စင်းနှင့်တစ်စင်း ပွတ်ခါသီခါလေး လွတ်သွားခြင်း ဖြစ်၏။



သူတို့အားလုံး အသည်းထဲတွင် အေးခနဲ ခံစားလိုက်ရသည်။ ခဏ်နဲ့အတော်ကြာသည်အထိ ကျောက်ရုပ်ကြီးတွေလို မလှုပ်မယှက် ငြိမ်ကျသွားကြ၏။

သတိပြန်ဝင်ဝင်လာချင်း မိခင်ဖြစ်သူ၏ အပြစ်တင်သံကို ကြားရသည်။

"ကျွန်မ ရှင့်ကို ပြောသားပဲ၊ အရှိန်လျှော့ပါလို့ ဆိုနေတဲ့ဟာ ။ တကောင်းလို့ အားလုံး မသေကုန်တာ"

"အေးပါကွာ၊ ဆောရီး. . . ဆောရီး"

ဖေဖေက သူ့နှုတ်ခမ်းဖျားမှ စီးကရက်ကို ဖြုတ်၍ လွှင့်ပစ်လိုက်ရင်း နောက်ကြည့်မှန်မှတစ်ဆင့် လက်ျာအောင်တို့ကို လှမ်းကြည့်ကာ. . .

"ဘယ်လိုလဲ သားတို့၊ အိုကေကြရဲ့လား"

"အိုကေပါတယ် ဖေဖေ"

ဇည်ားအောင်က တုန်ရင်နေသော အသံဖြင့် ပြန်ဖြေသည်။

လက်ျာအောင်ကတော့. . .

"အိုကေပါတယ် ဖေဖေ၊ ဒါပေမဲ့ ကျွန်တော်တို့ ပြန်ကြရင် ကောင်းမယ်ထင်တယ်"

သူ့စကားသံကြောင့် ဖေဖေ စိတ်ပျက်သွားပုံပေါ်၏။

"တော်ပြီလားကွ သားရဲ့၊ အခုမှ ဖေဖေတို့ ထွက်လာတာ ခုနှစ်ကီလောက်ပဲ ရှိသေးတယ်"

မေမေက ကြားထဲက ဝင်ဟန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လက်ျာပြောတာ မှန်တယ်၊ ကျွန်မတို့ ဒီညအဖို့ တော်လောက်ပြီ ကိုအောင်၊ အိမ်ပြန်ကြရအောင်"

"မင်းကလည်း ဒီလောက်ကြီး မစိုးရိမ်ပါနဲ့ကွာ"

ဖေဖေက ပြောမယ့်သာပြောသည်။ မေမေ့စကားကိုတော့ မလွန်ဆန်ဝံ့၊ ကားကို အိမ်ဘက်သို့ ပြန်ကွေ့လိုက်၏။

အပြန်လမ်းတွင်တော့ ဖေဖေက ကားကို ဖြည်းဖြည်းမှန်မှန်လေးသာ မောင်းနှင်လာခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ လက်ျာအောင်ကတော့ အိမ်ရှေ့တွင် ချောချောမောမော ကားထိုးရပ်လိုက်ပြီး သူ့အခန်းထဲသို့ ဘေးမသီရန်မခ ရောက်လာသောအခါတွင်မှ ဟင်းခနဲ သက်ပြင်းချနိုင်တော့သည်။

လက်ျာအောင်က အံဆွဲထဲမှ ဓာတ်ပုံကို ထုတ်ယူပြီး သေချာအောင် ထပ်မံကြည့်ရှုလိုက်သည်။ ဓာတ်ပုံထဲတွင်တော့ သူတို့မိသားစုပိုင် အပြာရောင် စတေရှင်ဝက်ဂွန်ကားလေးသည် ထရပ်ကားကြီးတစ်စင်း၏ ဝင်အတိုက်ခံထားရသလို ဆိုးဆိုးဝါးဝါး ပျက်စီးနေ၏။

"သိပ်ထူးဆန်းတာပဲ"

လက်ျာအောင်က တစ်ကိုယ်တည်း ရေရွတ်လိုက်ရင်း ကင်မရာကို သူဖွက်ထားသည့်နေရာမှ ဆွဲထုတ်လိုက်သည်။

'နောက်တစ်ပုံလောက် ထပ်ပြီး စမ်းရိုက်ကြည့်ရင်တောင်းမယ်' ဟု သူတွေးလိုက်သည်။

ထို့နောက် ကင်မရာကို ကိုင်ပြီး မှန်ရှေ့တွင် သူသွားရပ်လိုက်သည်။ မှန်ထဲတွင် မြင်နေရသော သူ၏ ပုံရိပ်ကို ကင်မရာဖြင့် ချိန်ရွယ်လိုက်၏။ ထို့နောက် ကင်မရာ ခလုတ်ပေါ်သို့ လက်ညှိုးကို ဖွဖွကလေးတင်လိုက်သည်။



သူ့ကိုယ်သူ ဓာတ်ပုံရိုက်ကြည့်လျှင် ဘာပုံများထွက်လာမလဲ။

ဟင့်အင်း. . . ဟင့်အင်း

သူစိတ်ပြောင်းသွားသည်။ အဖြေကို သူမသိချင်သေး။ သို့တည်းမဟုတ် တစ်ခုတစ်ခု ဆိုးဆိုးဝါးဝါး အဖြေထွက်လာမှာကို ရင်ဆိုင်ဖို့ရန် သူကြောက်ရွံ့နေခြင်းလည်း ဖြစ်နိုင်ပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူက ကင်မရာကိုကိုင်ပြီး သူ့အစ်ကို၏ အခန်းဘက်ဆီသို့ ကူး ခဲ့သည်။ အစ်ကိုဖြစ်သူ ဗညားအောင်ကို ကွန်ပျူတာရှေ့တွင်ထိုင်လျက် သား တွေ့ရလေသည်။

ကွန်ပျူတာဖန်သားပြင်၏ အပြာရောင်အလင်းက ဗညား အောင်၏ မျက်နှာကို ဟပ်နေ၏။ လကျ်ာအောင်က ကင်မရာကို တိုင် မြှောက်ချိန်ရွယ်လိုက်ပြီး. . .

"အစ်ကို. . .၊ အစ်ကို့ကို ကျွန်တော် ဓာတ်ပုံတစ်ပုံလောက် ရိုက်ချင်လို့"

ဗညားအောင်က ကွန်ပျူတာကီးဘုတ်မှ ခလုတ်များကို တို့ထိ နေရာမှ တစ်ချက်လှမ်းကြည့်ပြီး. . .



"မင်းက ကင်မရာအသစ်တွေဘာတွေနဲ့ပါလား၊ ဘယ်ကရလာ တာလဲ"

"ကျွန်တော် အဲ. . . ကျွန်တော် မားသဲဆီက ငှားလာတာ"

သူလိမ်တော့မလိမ်ချင်ပါ။ သို့သော် အမှန်အတိုင်းပြောပြဖို့ ...ည်း ခက်နေသည်။ ဗညားအောင်က ရယ်ရယ်မောမောဖြင့်. . .

"ငါ ရုပ်ဆိုးလွန်းလို့ မင်းကင်မရာပျက်သွားပါဦးမယ်ကွာ" ဟု ...တ်၏။ လကျ်ာအောင်က. . .

"အခုလည်း ပျက်နေတယ်ထင်တာပဲ၊ ဒါကြောင့် သေချာ ...င် အစ်ကို့ပုံကိုစမ်းပြီး ရိုက်ကြည့်ချင်လို့"

"ဒါဆိုလည်း ရိုက်လေ"

"ကဲ. . . ရယ်ဒီ. . . ရိုက်မယ်. . . ပြုံးပါ"

"ဖျောက်"

ကင်မရာခလုတ်ကို နှိပ်ချလိုက်ပြီးသည်နှင့် မော်တာလည်သံ ...တူ ဓာတ်ပုံစက္ကူအဖြူလေးက ထွက်လာ၏။ လကျ်ာအောင်က. . .

"သွားပြီ အစ်ကို၊ တာ့တာ"

"ဟေ့ကောင်နေဦးလေ၊ ငါ့ကိုလည်း ဓာတ်ပုံပြဦးမှပေါ့ကွ"

"ဓာတ်ပုံက ထင်ချင်မှထင်မှာ အစ်ကိုရ၊ ထင်ရင်တော့ လာပြ ...လေ"

လကျ်ာအောင်က သူ့အခန်းထဲသို့ရောက်သည်နှင့် ...ပြိုင်နက် ...ထဲမှ ဓာတ်ပုံကို ငုံ့ကြည့်လိုက်သည်။ စက္ကူအဖြူပေါ်တွင် ဆေးသား

www.burmeseclassic.com

www.burmeseclassic.com



အဝါရောင်က အရင်ဆုံးထင်သည်။ နောက်တဖြည်းဖြည်းနှင့် အနီရောင်၊ နောက် အပြာရောင် ထပ်ဖြည့်သည်။ နောက်ဆုံး အနက်ရောင်ပါ ဖြည့်ပြီးသောအခါ ဓာတ်ပုံက ကြည်လင်ပြတ်သားစွာ ပေါ်ထွက်လာလေတော့သည်။

ဓာတ်ပုံထဲတွင် ဗညားအောင်က ပြုံးမနေပါ။

"ဟင်. . . "

ဓာတ်ပုံထဲတွင် ဗညားအောင်၏ မျက်လုံးများက ပြူးကျယ်နေသည်။ သူ့မျက်နှာတစ်ခုလုံးက တစ်စုံတစ်ရာကို အလွန်အမင်း ကြောက်လန့်တုန်လှုပ်နေသည့် ပုံမျိုး။

"ဒါ. . . ဒါက ဘယ်လိုဖြစ်တာပါလိမ့်"

ဓာတ်ပုံ၏ နောက်ခံဝန်းကျင်ကလည်း ဗညားအောင်၏ အခန်းထဲတွင် မဟုတ်ဘဲ၊ ပြင်ပရှုခင်းတစ်ခုဖြစ်နေသည်။ သစ်ပင်များနှင့် အိမ်တစ်လုံးကို ဗညားအောင်၏ နောက်ခံမလှမ်းမကမ်းတွင် မြင်တွေ့နေရ၏။

ဓာတ်ပုံထဲမှ ကြောက်လန့်တုန်လှုပ်နေသော ဗညားအောင်၏ မျက်နှာကို သူတစ်ကြိမ်ထပ်ကြည့်လိုက်ပြန်သည်။

မဟုတ်သေးဘူး. . . မဟုတ်သေးဘူး။

သူ ဘယ်လိုမှ မစဉ်းစားတတ်တော့ပါ။ တကယ်တော့ ဒီကင်မရာသည် ပျက်နေခြင်းသာလျှင်ဖြစ်ပေလိမ့်မည်။ တခြားဘာမှ မဖြစ်နိုင်ပါ။

သူ အဲဒီလို တွေး၍ ကုတင်ပေါ်သို့ ပစ်လှဲချလိုက်သည်။



ကင်မရာအပျက်တစ်လုံးကြောင့် ဘာမှ စိတ်သောကရောက်နေစရာ မလိုပါ။

စိတ်ကို ဖြေလျှော့ချလိုက်သောအခါ သူမကြာခင်မှာပင် အိပ်ပျော်သွားလေတော့သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

နောက်တစ်ပတ် အင်္ဂါနေ့သည် တိုးခန့် ဦးဆောင်သော ပထဝီ ကျောင်းသားဘောလုံးအသင်းနှင့် သချ်ာမေဂျာမှ ကျောင်းသားများ ိုင်နယ်ကန်ရမည့်နေ့ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ် ဘောလုံး ရှိရာဆီသို့ နေ့လည်ကတည်းက သူထွက်ခဲ့၏။

ဘောလုံးကွင်းသို့ သူရောက်သွားသည့်အချိန်တွင် မားသဲက သူ့ ရောက်နှင့်နေကြောင်းကို တွေ့လိုက်ရသည်။ မားသဲက သူ့ကိုမြင် င့်တစ်ပြိုင်နက်. . .

"ဟဲ့. . . လကျ်ာ၊ နင့်ဆီမှာ ဟိုတစ်နေ့က ကင်မရာပါလား"

"အေး. . . ပါတယ်၊ ဘာလုပ်မလို့လဲ"

လကျ်ာအောင်က ကင်မရာကို ကိုင်မြှောက်ပြရင်း မေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



၏၊ မားသဲက ဝမ်းသာအားရဖြင့်. . .

"ပေး. . . ပေး၊ ငါ့ကိုခဏပေးစမ်းပါ၊ ငါ ဓာတ်ပုံရိုက်စရာရှိ

လက်ျာအောင်က ကင်မရာကိုမပေးဘဲ လက်ကို ရှန်းဖယ်လို

ရင်း. . .

"ကင်မရာက ပျက်နေတယ်ဟ၊ ငါရိုက်လိုက်တိုင်း ပုံကော

ကောင်း တစ်ပုံမှ မထွက်ဘူး"

"ကင်မရာက မကောင်းတာ မဟုတ်ဘဲ၊ ရိုက်တဲ့လူက မကော

တာဖြစ်မှာပေါ့၊ ပေးစမ်းပါဟာ တိုးခန့်ကို ဘောလုံးအသင်းဝတ်စုံနဲ့

ထားချင်လို့"

"ဟာ. . . မဖြစ်ဘူး၊ မဖြစ်ဘူး မရိုက်နဲ့"

လက်ျာအောင်က ရှန်းလေ မားသဲက ကင်မရာကိုလိုက်လု

နှင့် ရှုပ်ယှက်ခတ်နေသည်။ မားသဲက. . .

"နင်. . . ဘာသိလို့လဲ၊ တိုးခန့်က အသားမဲမဲ၊ ပိန်ပိန်

ရှည်၊ ခါးကိုင်းကိုင်းနဲ့ဆိုတော့ ဘောလုံးကန်ဝတ်စုံအဖြူရောင်ဝတ်

တဲ့အခါ သိပ်ရယ်ရတာဟ၊ အဲဒါကို ငါ ဓာတ်ပုံရိုက်ထားချင်လို့"

"ဟိတ်. . . ငါ့အကြောင်း ဘာတွေအတင်းပြောနေကြတာ

ငါကြားတယ်နော်"

ပြောပြောဆိုဆိုနှင့် သူတို့အနားသို့ ရောက်လာသူက တိုး

တကယ်လည်း တိုးခန့်၏ ပုံသဏ္ဍာန်သည် မားသဲပြောသလို ရယ်

ကောင်းနေ၏။ သို့သော် လက်ျာအောင်ကတော့ မရယ်နိုင်။



တိုးခန့်က. . .

"နှစ်ယောက်သား ဘာတွေဖြစ်နေကြတာလဲ"

"ဒီမှာလေ ငါက သူ့ကင်မရာကို ခဏငှားပါဆိုတာ မငှားဘူး

ပြည့်ပါဦး၊ အဖြစ်သည်းနေလိုက်တာ"

တိုးခန့်က လက်ျာအောင်၏ လက်ထဲမှ ကင်မရာကို ဖျတ်ခနဲ

ဆွဲယူလိုက်ပြီး. . .

"ဒီကင်မရာက ဟိုတစ်နေ့က ငါတို့အတူတူသွားရင်း ရလာတဲ့

ဟာ မဟုတ်လား၊ အေးလေ မင်းကလည်း ငါတို့အားလုံး အတူတူသွား

ရလာတဲ့ဥစ္စာ၊ အားလုံးနဲ့ဆိုင်တာပေါ့၊ ဟုတ်တယ်နော် မားသဲ"

"ဟုတ်တယ်. . . ဟုတ်တယ်"

လက်ျာအောင်က မျက်နှာငယ်လေးဖြင့်. . .

"ငါ တစ်ယောက်တည်း အပိုင်စီးချင်လို့ မဟုတ်ပါဘူးကွာ၊ ဒီ

ကင်မရာက ထူးဆန်းတယ်လေ၊ ဟိုတစ်နေ့ကတင် ဇော်ရာကို ရိုက်တုန်း

ဘယ်လိုဖြစ်သလဲဆိုတာ မင်းတို့အသိပဲ"

"ဘာပဲဖြစ်ဖြစ် ငါကတော့ တစ်ပုံလောက်ထပ်ပြီး စမ်းရိုက်

ကြည့်ချင်တယ်နော် တိုးခန့်၊ နင်က ဒီဘောလုံးကန်ဝတ်စုံနဲ့ဆိုရင် အရမ်း

ကြည့်ကောင်းတာဟ"

"အေး. . . ဟုတ်တယ်၊ ဟုတ်တယ် ငါ့ကို တစ်ပုံလောက် ရိုက်

ပေး"

ဘာကိုမှ အလေးအနက်မထား အယုံအကြည်မရှိသော တိုးခန့်

www.burmeseclassic.com

www.burmeseclassic.com



တ မားသဲ၏ လက်ထဲသို့ ကင်မရာကို ထည့်ပေးလိုက်၏။ မားသဲ ကင်မရာကို ချိန်ရွယ်လိုက်စဉ် တိုးခန့်က ဘောလုံးကန်ဝတ်စုံပြည့်ဖြ
အိုက်တင်ပေးနေ၏။ မားသဲက. . .

"ကဲ. . . ရိုက်မယ်၊ ပြုံးပြုံးလေးနေနော်"

"ဖျောက်"

လက်ျာအောင်က တားဖို့ဟန်ပြင်သော်လည်း မမှီလိုက်တော့

ဓာတ်ပုံစက္ကူသားပေါ်တွင် ပုံပေါ်လာပြီဆိုသည်နှင့် တစ်ပြိုင်နက်. . .

"ပြစမ်း၊ ပြစမ်း ငါ့ပုံလှရဲ့လား"

တိုးခန့်က ဓာတ်ပုံကို ဆွဲယူကြည့်လိုက်ပြီး။

"ဟင်. . ."

အံ့ဩတုန်လှုပ်စွာဖြင့် ပါးစပ်အဟောင်းသားပွင့်သွား၏။ လက် အောင်နှင့် မားသဲတို့ကလည်း သိလိုစိတ်ဖြင့်ဝိုင်းအုံကြည့်လိုက်ကြသည်

ဓာတ်ပုံထဲတွင်ကား. . .

တိုးခန့်သည် မြေပြင်ပေါ်တွင် လဲကျလျက်၊ မျက်လုံးတွေ ပိတ်နေသည်။ သေနေသည်လား၊ သတိလစ်နေသည်လား ခွဲခြားမရ၊ ပါးစပ်ထဲမှ သွေးတွေ စီးကျနေသည်၊ လည်ပင်းက ဇက်ကြိုးကာ ခေါင်း ငိုက်စိုက်ကျနေ၏။

* * *



"ဒါ. . . ဒါက ဘာအဓိပ္ပာယ်လဲ"

တိုးခန့်က ဓာတ်ပုံကိုကြည့်ရင်း ထိတ်လန့်တကြား မေးလိုက် သည်၊ လက်ျာအောင်က ခေါင်းကိုခါယမ်းလိုက်ပြီး. . .

"မသိဘူး၊ အစောကြီးကတည်းက ငါပြောသားပဲ၊ ဒီကင်မရာ ထူးဆန်းပါတယ်လို့"

သူတို့သုံးယောက်စလုံး ငိုင်နေမိကြသည်။ ထိုစဉ်မှာပင် ပထဝီ ဘောလုံးအသင်း အုပ်ချုပ်သည့်ဆရာက. . .

"တိုးခန့်ရေ ဘောလုံးပွဲစတော့မယ်ဟေ့"

"ဟုတ်ကဲ့၊ လာပြီဆရာ"

တိုးခန့်က သူတို့အနီးမှ ကမန်းကတန်း ပြေးထွက်သွားသည်၊

www.burmeseclassic.com

www.burmeseclassic.com



မားသဲက လက်ထဲမှဓာတ်ပုံကို ပြန်ငုံ့ကြည့်ရင်း. . .

"ကြောက်စရာကြီးနော်၊ ဓာတ်ပုံထဲမှာ တိုးခန့် ဇက်ကျိုးနေပုံက တကယ်သေနေတဲ့အတိုင်းပဲ"

လကျ်ာအောင်က ဘာတစ်ခွန်းမှ ပြန်မပြော။ သူ့စိတ်ထဲတွင် လေးလံသော ခံစားချက်တစ်မျိုး ဖိစီးနေ၏။ မားသဲက. . .

"ဒီကင်မရာက ဘာအမျိုးအစားလဲ မသိဘူးနော်"

"မသိဘူး၊ ကုမ္ပဏီနာမည်လည်း မပါဘူး၊ ဘာတံဆိပ်အမှတ်အသားမှလည်း မပါဘူး"

"အထဲမှာ ဖလင် ဘယ်လောက်ကျန်သေးလဲ"

မားသဲပြောမှပင် လကျ်ာအောင်လည်း ကင်မရာကိုယူပြီး စေ့စေ့စပ်စပ် ထပ်ကြည့်မိသည်။ လက်ကျန်ဖလင်ကွက် အရေအတွက်ကို ဖော်ပြသော ဒိုင်ခွက်၌ (၁၀) ဟူသော ဂဏန်းပေါ်နေသည်ကို တွေ့ရ၏။

"ဟင်. . . ဘယ်လိုဖြစ်တာလဲ"

ကင်မရာကို ရခါစတုန်းက လက်ကျန်ဖလင်ကွက်ပြ ဒိုင်ခွက်တွင် (၁၉) ဟူသော ဂဏန်းပေါ်နေခဲ့သည်ကို သူသေသေချာချာ မှတ်မိနေသေး၏။

သူ့လက်ထဲရောက်ပြီးကာမှ ဖော်ရှာ့ကိုတစ်ပုံ၊ မော်တော်ကားကို တစ်ပုံ၊ သူ့အစ်ကိုကို တစ်ပုံ၊ ယခု တိုးခန့်ကိုတစ်ပုံ စုစုပေါင်းမှ လေးပုံသာ ရိုက်ရသေးသည်။



တကယ်ဆိုလျှင် ဖလင်ဆယ့်ငါးကွက် ကျန်ရမည် မဟုတ်ပါ အခုတော့ (၅) ပုံက ဘယ်လိုဖြစ်ပြီး လျော့နေပါလိမ့်။

တစ်ယောက်ယောက်က သူမသိအောင် ယူပြီး ရိုက်ထားလို့ ဒါမှမဟုတ် သူ့အလိုလို လျော့သွားတာလား။

စဉ်းစား၍မရတော့။

ထိုအချိန်မှာပင် ကျယ်လောင်သော ဝီစီမှုတ်သံကို ကြားရသည်။ နဲ့တို့ဘောလုံးပွဲ စတင်နေလေပြီ။ ဆူညံပွက်လောရိုက်နေသော လက်တတ်ဝါးတီးသံများ၊ နာမည်ကိုအော်ပြီးအားပေးသံများ၊ အားမလိုဖြစ်တင် ဆဲဆိုသံများကိုလည်း ကြားရ၏။

မားသဲက. . .

"အဲဒီကင်မရာထဲကို ဖလင် ဘယ်ကနေ ထည့်ရသလဲ"

"ဟောဒီနောက်ဘက်က အဖုံးကိုဖွင့်လိုက်ရင် ရမယ်ထင်တာပဲ"

"ဟာ. . . ဟုတ်လို့လား၊ ဓာတ်ပုံချက်ချင်းထွက်တဲ့ ဒီလို ပိုလာ င်မရာမျိုးတွေက ဖလင်ကို ရှေ့ကနေ ထည့်ရတာ များပါတယ်"

"ငါလည်း မသိတော့ဘူး၊ အခုနေတော့ စမ်းပြီးဖွင့်ကြည့်လို့ ဖြစ်မလဲ၊ အထဲမှာ ကျန်နေသေးတဲ့ ဖလင်တွေ ပျက်ကုန်မှာပေါ့"

လကျ်ာအောင်က ညည်းညည်းညူညူပြောလိုက်သည်။ မားသဲ င်မရာကို အပြန်အလှန်ကြည့်ပြီးနောက် သူ့လက်ထဲသို့ ပြန်ထည့် . . .

"နင့်ကင်မရာကြီးက ဘာမှန်းလဲမသိဘူးဟာ၊ ဒါပေမဲ့ တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com



ရက်ကျရင်တော့ ငါ့ကိုငှားပါလား၊ ငါဘာသာငါစမ်းပြီး တစ်စီး ဖြ
ကြည့်ချင်လို့"

"မလုပ်ပါနဲ့ဟာ၊ ပျက်သွားဦးမယ်"

"အောင်မယ် ဖြစ်နေလိုက်တာ၊ ကင်မရာဖြုတ်တာ၊ တပ်
များ လွယ်လွယ်လေးပါ၊ နင့်ဥစ္စာ မပျက်စေရပါဘူး"

လက်ျာအောင်က မားသဲကို တစ်စုံတစ်ရာပြင်းဆိုရန် ဟန်ပြ
လိုက်စဉ်မှာပင် သူ့လည်ချောင်းထဲ၌ တစ်ဆို့ဆို့ဖြစ်သွားသောကြော
အသံထွက်မလာနိုင်တော့။

ထူးဆန်းသော အာရုံခံစားမှုတစ်ခုက နှိုးဆော်နေသည်။ ဘေ
လုံးပွဲဆီသို့ သူ့အကြည့်က အလိုလိုရောက်သွားရာ. . .

"ဟင်. . . ဟိုမှာ ဘာဖြစ်နေကြတာလဲမသိဘူး"

ဘောလုံးပွဲကား ရပ်တန့်နေလေပြီ။ ပွဲကြည့်ပရိသတ်တွေ
ရုတ်သဲသဲနှင့် ဆူညံစွာ အော်ဟစ်နေကြသည်။

လက်ျာအောင်နှင့်မားသဲတို့ လူတွေကို တိုးဝှေ့ပြီး ဘောလုံး
ထဲတွင် ဘာဖြစ်နေသလဲဆိုသည်ကို မြင်ရလောက်သည့်နေရာအထိ
သွားလိုက်ကြသည်။

သချၤာအသင်းဘက် ဂိုးတိုင်အနီးတွင် ကြက်ခြေနီများ ဘော
ယက်ခတ်နေကြ၏။

အနားအထိ တိုးဝင်သွားပြီး ကြည့်လိုက်သောအခါ မြေပြင်
တွင် လဲကျနေသူတစ်ယောက်ကို တွေ့ရသည်။ ထိုသူကား တိုးခ



တိုးခန့်သည် မြေပြင်ပေါ်တွင်လဲလျက်။ မျက်လုံးတွေက ပိတ်
နေသည်။ သေနေသည်လား၊ သတိလစ်နေသည်လား ခွဲခြားမရ။ သူ့
ဝါးစပ်ထဲမှ သွေးတွေ စီးကျနေသည်။ လည်ပင်းက ဇက်ကျိုးကာ ခေါင်း
ငိုက်စိုက်ကျနေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"တိုးခန့် . . . တိုးခန့်"

မားသဲက စိတ်ပူစွာဖြင့် အသံကုန်အော်ဟစ်နေသည်။ တိုးခန့်ကား မလှုပ်တော့၊ ခဏာတွင်းမှာပင် အသင်းအုပ်ချုပ်သူများနှင့် တာဝန်ရှိသော ဆရာ၊ ဆရာမများလည်း ရောက်လာကြသည်။

ကစားဖော်တစ်ယောက်က အဖြစ်အပျက်ကို ရှင်းပြနေသည်။

"ဒေါင့်ကန်ဘောကန်တင်လိုက်တဲ့ဘောလုံးကို ခေါင်းခုန်တိုက်ရင်းနဲ့ ဟိုဖက်က ဂိုးသမားက ဝင်ပြီး ထမ်းလိုက်သလို ဖြစ်သွားတော့ အရှိန်လွန်ကျပြီး ဂိုးတိုင်နဲ့ခေါင်းနဲ့ဆောင့်မိတာ"

လက်ျာအောင်ကတော့ သူရှင်းပြနေသည်ကို ဂရုမစိုက်အား။

"စိုးရိမ်ရလားဟင် . . . အသက်အန္တရာယ်စိုးရိမ်ရလား"



ဟူသော စကားတစ်ခွန်းတည်းကိုသာ ထပ်တလဲလဲ မေးနေမိသည်။ ကြက်ခြေနီတစ်ယောက်ကတော့ . . .

"အသက်အန္တရာယ်တော့ မရှိလောက်ပါဘူး၊ ဒါပေမဲ့ သတိလစ်နေတော့ ဆေးရုံမှာ နှစ်ဆယ့်လေးနာရီတော့ စောင့်ကြည့်ရမယ်ထင်တယ်"

မိနစ်ပိုင်းအတွင်းမှာပင် လူနာတင်ယာဉ်ရောက်လာပြီး တိုးခန့်ကို ကားပေါ်တင်ကာ တက္ကသိုလ်များဆေးရုံဆီသို့ မောင်းထွက်သွားကြသည်။

မားသဲက ခြေမြန်လက်မြန်ဖြင့် လူနာတင်ကားပေါ်တက်ကာ လိုက်ပါသွား၏။ ဘောလုံးပွဲကား ပြန်စနေလေပြီ။

လက်ျာအောင်က လူအုပ်ထဲမှ တိုး၍ ထွက်လာ၏။ ထိုစဉ် လူတစ်ယောက်က သူ့နာမည်ကို အော်ခေါ်ပြီး ပြေးလာနေသည်ကို တွေ့ရ၏။

"လက်ျာရေ . . . လက်ျာ . . . ညီလေး"

သူ လှမ်းကြည့်လိုက်တော့ အမောတကော ပြေးလာနေသူက သူ့အစ်ကို ဗညားအောင်ဖြစ်နေသည်။

ဗညားအောင်က လမ်းမကို ဖြတ်ကူးပြီး သူ့ထံသို့ တဟုန်ထိုး ပြေးလာ၏။ သူ့အစ်ကို၏ မျက်နှာကို သဲသဲကွဲကွဲ မြင်ရချိန်တွင် လက်ျာအောင် တုန်လှုပ်အံ့ဩသွားသည်။

ဗညားအောင်၏ မျက်လုံးများက ပြူးကျယ်နေသည်။ သူ့မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးက တစ်စုံတစ်ရာကို အလွန်အမင်း ကြောက်လန့်တုန်လှုပ်နေသည့်ပုံမျိုး။

"ဟင်. . . သူ့. . . သူ့မျက်နှာက ဓာတ်ပုံထဲကအတိုင်းပါလား"

လက်ျာအောင်က အထိတ်တလန့် ရေရွတ်လိုက်မိသည်။

သူ့အနီးသို့ရောက်ရောက်ချင်း ဗညားအောင်က ပခုံးကို ကိုင်လှုပ်လိုက်ပြီး။

"ညီလေး. . . ဟို. . . ဟိုလေ၊ အဖေ. . . အဖေ"

"ဖေဖေ ဘာဖြစ်လို့လဲဟင်"

"အဖေ ကားတိုက်မှုဖြစ်လို့"

"ဘာ. . ."

လက်ျာအောင်၏ ရင်ထဲတွင် မီးတောင်တစ်ခု ပေါက်ကွဲသလို ခံစားလိုက်ရသည်။ သူက အလောတကြီးဖြင့်. . .

"ကျွန်တော်တို့ ကားအသစ်ကို မောင်းရင်းဖြစ်တာလား"

မေးမယ့်သာမေးရသည်။ အဖြေကို သူ ကြိုသိနေ၏။ ဗညားအောင်က. . .

"ဟုတ်တယ် ညီလေး၊ ငါတို့ကားတစ်စင်းလုံးတော့ ရစရာမရှိအောင် ပျက်စီးသွားတာပဲ၊ ကားရှေ့ လေကာမှန်ကွဲပြီး ဘန်ပါတစ်ခုလုံးလည်း တွန့်လိမ့်ကောက်ကွေးသွားတယ်၊ အဖေထိုင်တဲ့ဘက်က တံခါးတစ်ခြမ်းလုံးလည်း ချိုင့်ဝင်သွားတာပဲ"



လက်ျာအောင်က အသံမထွက်ဘဲ စိတ်ထဲမှ ဘုရားတလိုက်မိသည်။ ဗညားအောင်က သူ့လက်ကို တင်းတင်းဆွဲပြီး. . .

"ကဲ. . . မြန်မြန်လာ ညီလေး၊ အဖေ့ကို ဆေးရုံမှာ သွားကြည့်ရအောင်"

လက်ျာအောင်က ပြေးထွက်ဖို့ ခြေလှမ်းပြင်လိုက်သည်။ သို့ရာတွင် ဘာကြောင့်မှန်းမသိဘဲ သူ့ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားရ၏။

ထူးထူးဆန်းဆန်းပင် သူ့ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသည်ဟူသော အာရုံနိုးကြားမှုတစ်မျိုး ခံစားလိုက်ရသည်။

သူ့နောက်ကျောဘက်ရှိ လူအုပ်ကြီးဆီသို့ သူ လှမ်းကြည့်လိုက်၏။

ဟော. . ဟိုမှာ သူ့ကိုလှမ်းကြည့်နေသည့် လူရိပ်တစ်ရိပ်။

အနက်ရောင် လူရိပ်တစ်ရိပ်။

ထိုလူရိပ်သည် (လက်ျာအောင် လှမ်းကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်) လူအုပ်ကြားထဲသို့ ဖျတ်ခနဲ တိုးဝင်ပုန်းကွယ်သွားသည်။

ဘာကိုမှ သဲသဲကွဲကွဲ မမြင်လိုက်ရသည့်တိုင် လက်ျာအောင်ကတော့ ထိုအရိပ်ကို ကောင်းစွာ မှတ်မိလိုက်သည်ဟု ထင်သည်။

ဟိုအိမ်ထဲမှ သူတို့ထွက်ပြေးလာခဲ့ကြစဉ်တုန်းက ပြတင်းပေါက်မှ ချောင်းကြည့်နေသူမှာ အဲဒီလူရိပ်ပင် မဟုတ်ပါလား။

သူ့လက်မောင်းကို ဗညားအောင်က ဆောင့်ဆွဲလိုက်ပြီး. . .

"မြန်မြန်လာလေ ညီလေး၊ ဘာငေးနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အစ်ကို"

ကြောက်ရွံ့စိတ်ဖြင့် သူ့ခြေထောက်တွေ တုန်ယင်နေကြသည်။

❋ ❋ ❋



ဆေးရုံနံရံများက အစိမ်းရောင်ဖျော့ဖျော့ သန်းနေကြသည်။ ဆရာဝန်များ၏ ဂျူတီကုတ်အဖြူရောင်၊ ခွဲစိတ်ခန်းဝတ်စုံ အစိမ်းရောင်၊ အပြာရောင်၊ သွေးပုလင်း အနီရောင်. . . အရောင်. . . အရောင်။

အရောင်တွေအားလုံး ရောထွေးကာ သူ့မျက်စိထဲမှာ ဝေဝါးနေကြသည်။ လက်ျာအောင်က မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ခေါင်းကို ခါရမ်းလိုက်သော်လည်း ဝေဝါးနေသော အမြင်အာရုံက လွင့်[illegible]ယ်မသွား။

သူ့ဖခင်ရှိရာ အခန်းထဲသို့ ဝင်လိုက်သောအခါ လူနာ[illegible]င် [illegible]းတွင်ထိုင်ရင်း တရှုံ့ရှုံ့ငိုနေသော သူတို့၏ မိခင်ကို တွေ့လိုက်ရ၏။ [illegible]မေက သူတို့နှစ်ယောက်ကို လှမ်းနှုတ်ဆက်သော်လည်း အသံက

www.burmeseclassic.com

www.burmeseclassic.com



မှိတ်သံဝါနေ၏။

လူနာကုတင်ပေါ်တွင် လဲလျောင်းနေသော သူတို့၏ ဖခင်တစ်ကိုယ်လုံးကို ပတ်တီးအထပ်ထပ်ဖုံးလွှမ်းလျက်သား တွေ့ရသည်။ ကုတင်ခေါင်းရင်းရှိ တိုင်မှာ ပုလင်းတစ်လုံးကို ဇောက်ထိုးချိတ်ဆွဲထားပြီး ဆေးရည်များက သွယ်တန်းထားသော ပိုက်မှတစ်ဆင့် လက်မောင်းထဲသို့ စီးဝင်နေသည်၊

သူတို့ကို မြင်သောအခါ ဖခင်ဖြစ်သူက အားယူပြုံးပြီး နှုတ်ဆက်၏၊

လက်ျာအောင်က. . .

"ဖေဖေ. . . ဘယ်လိုနေသေးလဲ"

"ဆရာဝန်ကြီးက ပြောတော့ မင်းဖေဖေရဲ့အခြေအနေက စိတ်ချရပါပြီတဲ့"

မိခင်ဖြစ်သူက ဝင်ပြောသည်။ ဖေဖေကလည်း. . .

"နေကောင်းပါတယ်ကွာ"

ဟု ပြော၏။ လက်ျာအောင်က. . .

"ဖေဖေ့ကိုကြည့်ရတာ နေကောင်းတဲ့ပုံမှ မပေါ်တာပဲ"

"တကယ်ပြောတာပါကွ ကောင်းပါတယ်၊ အရိုးနည်းနည်းဝင်ပါးတော့ ကျိုးသွားတာပေါ့၊ ဒါပေမဲ့ ကားတစ်စီးလုံး ရစရာမရှိအောင်ဖြစ်သွားတာနဲ့စာရင် လူက ဒီလောက်ပဲ ဒဏ်ရာရတာ ကံကောင်းတယ်လို့ပြောရမှာပေါ့"

ကံကောင်းတယ်. . . ဟုတ်လား၊ ဘာကံကောင်းတာလဲ ဟု



လက်ျာအောင်က တွေးလိုက်မိသည်။

သူ့အသိစိတ်ထဲသို့ နိမိတ်ဆိုးသော ဓာတ်ပုံက ဖျတ်ခနဲ ပြန်ရောက်လာသည်။ ဒီအကြောင်းကို ပြောပြလိုက်ရင် ကောင်းမလား။

သူ့စိတ်ထဲတွင် ဝေခွဲ၍ မရ။

ပြောပြလျှင်ကော သူတို့က ယုံမှာတဲ့လား။

"သား. . . ဘာငိုင်နေတာလဲ၊ ဒီလောက်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဖေဖေ တကယ်နေလို့ကောင်းပါတယ်ကွ"

"ဖေဖေ့ကို သားပြောစရာတစ်ခုရှိတယ်"

"ဟင်. . . ဘာလဲ"

"သားရိုက်ခဲ့တဲ့ဓာတ်ပုံအကြောင်းပါ၊ ဖေဖေ ကားအသစ်ဝယ်လာတဲ့နေ့က အဲဒီကားကို သားအမှတ်တရ ဓာတ်ပုံရိုက်ထားလိုက်တယ်လေ"

"သားရယ်. . . ဒီအချိန်မှာ အဲဒီဓာတ်ပုံကို ကြည့်ရရင်လည်း စိတ်မကောင်းဖြစ်ရုံပဲ ရှိတော့မှာပေါ့၊ ကားက ခုဆို တစ်စင်းလုံးမြင်ရက်စရာမရှိအောင်ကို ဖြစ်သွားပြီကွယ့် သိလား"

"မဟုတ်ဘူး မေမေ၊ အဲဒီဓာတ်ပုံ. . . "

"တော်စမ်းပါကွယ် မေမေ စိတ်ရှုပ်ရတဲ့အထဲ"

သူ့မိခင်က ငေါက်လိုက်သောကြောင့် လက်ျာအောင်၏ မျက်နှာသည် ရှက်စိတ်ဖြင့် ရဲခနဲဖြစ်သွား၏။

တော်ပြီ. . . မပြောတော့ဘူး။ ပြောလျှင်လည်း ဒီအကြောင်းကို သူမှ ယုံကြည်ကြလိမ့်မည် မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူဖခင်က. . .

"နည်းနည်း အိပ်ချင်သလိုပဲကွာ"

ဟု ညည်းသည်။ မိခင်ဖြစ်သူက. . .

"အင်း. . . ဆရာဝန်က မှာသွားတယ်၊ ရှင့်ကိုပေးထား အကိုက်အခဲပျောက်ဆေးတွေက အိပ်ငိုက်စေတတ်တယ်တဲ့၊ ကဲ. . . အားရှိသွားအောင် အိပ်လိုက်ဦး"

မေမေ့စကားကြောင့် သူတို့ညီအစ်ကိုက ဖခင်ဖြစ်သူကို အ သိစွာဖြင့် နှုတ်ဆက်ပြီး အိမ်ပြန်ဖို့ အခန်းထဲမှ ထွက်လာခဲ့ကြ သည်။

ဆေးရုံစကြံလမ်းပေါ် လျှောက်လာသည့်တစ်ချိန်လုံး လ အောင်၏ စိတ်ထဲတွင် သူကင်မရာအကြောင်းကိုသာ ထပ်တလဲလဲ နေမိသည်။

ပထမဆုံး. . . . ဇော်ရာ။ နောက်. . . သူအစ်ကို အောင်။ နောက်. . . တိုးခန့်။ အခု. . . သူဖခင်။

ဓာတ်ပုံလေးပုံစလုံးသည် ဆိုးဆိုးရွားရွား ဖြစ်လာမည့် အန အဖြစ်အပျက်များကို ကြိုတင်ပြီး နိမိတ်ပြခဲ့သည်။ နောက်ပြီး အဲဒီ အတိုင်း တကယ်လည်း ဖြစ်ပျက်လာခဲ့ကြသည်။

"ဒါ. . . ဘာအဓိပ္ပာယ်လဲ"

ဒီကင်မရာသည် တကယ်ပဲ အနာဂတ်ကို ကြိုတင်ပြီး သိ သည့်အစွမ်းရှိသလား။

❑

# အခန်း (၄)

"ဟယ်လို. . . ဩော် မားသဲလား၊ အေး. . . ငါ အခုပဲ နင့် ပွဲကို လာခဲ့တော့မလို့၊ တိုးခန့်ကိုလည်း ပြောထားပြီးပြီ၊ ဒီကောင် နေတာပဲ ဆေးရုံကဆင်းလာပြီလေ၊ ဘာမှ ဆိုးဆိုးရွားရွား မထိခိုက် သေးတယ်"

လက်ျာအောင်က သူ့ခေါင်းရင်းခြံတွင်ရှိသော မားသဲ၏ အိမ် ရန် ဟန်ပြင်နေစဉ်မှာပင် သူမထံမှ ဖုန်းလာခြင်းဖြစ်၏။

အိမ်ချင်းကပ်လျက်ဖြစ်သောကြောင့် အခုသွားလျှင် အခုရောက် မားသဲက ဖုန်းဆက်ပြီး စောစောလာဖို့ ခေါ်နေသည်။ ထို . . .

"ဩော်. . . ဒါနဲ့ လက်ျာ၊ နင်လာရင် ဟိုကင်မရာကိုပါ တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တည်း ယူလာခဲ့နော်"

"ဘာ. . . ဟိုကင်မရာ ဟုတ်လား၊ မယူချင်ပါဘူး ဒီလော
ဖြစ်ပြီးတာတောင် နင်မယုံသေးဘူးလား မားသဲ၊ ဒီကင်မရာဟာ ကော
ကျိုးမပေးပါဘူး"

"မဟုတ်သေးပါဘူးဟာ"

"နင် ခေါင်းမမာစမ်းပါနဲ့ မားသဲ၊ ငါ မနေ့ညက အဲဒီကင်မ
အကြောင်း အိပ်မက်မက်တာ ပြောပြရဦးမယ်"

"ဟင်. . . ဘယ်လိုအိပ်မက်မျိုးလဲ"

"အိပ်မက်ထဲမှာ ငါတို့တစ်မိသားစုလုံး ဖေဖေကော၊ မေ
ကော ငါ့အစ်ကို ဗညားအောင်ပါ ခြံထဲဆင်းပြီး အသားကင်လုပ်စား
ကြတယ်။ အဲဒါကို ငါက ကင်မရာနဲ့ လျှောက်ရိုက်တာ တစ်ယောက်
စီကို 'ကဲ. . . ရိုက်မယ်. . . ပြုံးပါ' လို့ ပြောလိုက်၊ ကင်မရာခလု
ကို နှိပ်လိုက်နဲ့ပေါ့။ ဓာတ်ပုံထွက်လာတော့ ဘာတွေ တွေ့ရသလဲ သိလ
ဓာတ်ပုံထဲမှာ သူတို့အားလုံးဟာ အရိုးစုတွေ ဖြစ်နေကြတယ်။ အဲဒါ. . .
အဲဒါ. . ."

လကျ်ာအောင်က ဆက်မပြောနိုင်တော့၊ အသံက တိမ်ဝင်သွ
၏။ တစ်ဖက်မှ ဖုန်းပြောနေသော မားသဲက ရယ်မောလိုက်ပြီး. . .

"နင်ကလည်းဟာ အလကား အဓိပ္ပာယ်မရှိတဲ့ အိပ်မက်
အယူသည်းမနေစမ်းပါနဲ့"

"ငါ. . . အယူသည်းတာ မဟုတ်ဘူး မားသဲ၊ နင့်အတွ



ရိမ်လို့ ပြောနေတာ"

"ဘာ. . .၊ ဘာကိုစိုးရိမ်တာလဲ. . . လကျ်ာ"

"ဒီ ကင်မရာက နိမိတ်ဖတ်တဲ့ အနာဂတ်တွေကိုလေ. . .၊
ဆိုရကော. . . တိုးခန့်ပါ နင့်မျက်စိရှေ့မှာတင် ဘယ်လိုဖြစ်သွားသလဲ
ဆိုတာ နင်အမြင်ပဲ မဟုတ်လား"

သူ့စကားကြောင့် မားသဲ၏ ရယ်သံသဲ့သဲ့ကြားရ၏။ ထို့နောက်
တ. . .

"ငါက အဲဒီလို ငါ့အနာဂတ်ကို တမင်ကြည့်ချင်တာ. . . လကျ်ာ
"

"ဘာ. . . နင် ရူးနေပြီလား မားသဲ"

"ဒီကိစ္စဟာ ဗေဒင်ကြည့်ရသလိုမျိုးပဲလေ. . .၊ ဟုတ်တယ်
ဟုတ်လား။ ကိုယ့်အနာဂတ်မှာ ဘာဖြစ်မလဲဆိုတာ ကြိုတင်သိထားရ
တော့ ကောင်းတာပေါ့"

"ဟာ. . . ဒီကင်မရာက နိမိတ်ဖတ်တဲ့ဟာတွေအားလုံးဟာ
ဆိုးတွေချည်းပဲဥစ္စာ"

မားသဲက. . .

"အဲဒါကို သိချင်တာပေါ့ဟဲ့. . .။ ကိုယ့်ရဲ့ အနာဂတ်မှာ ဘယ်
ရာယ်မျိုးနဲ့ ကြုံတွေ့ရမလဲဆိုတာ ကြိုသိထားရင် ဆင်ခြင်နိုင်မှာ
အဲဒါကို သတိထားပြီး ရှောင်ရှားနိုင်မှာပေါ့. . . မဟုတ်ဘူးလား။
ကားပေါ်က ပြုတ်ကျမယ်လို့ ကြိုသိထားရင် အမြင့်တွေဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



တောက်စီအောင် ရှောင်. . .၊ ကားတိုက်မယ်လို့ ခါတ်ပုံထဲမှာ ကြိုသိနေ ရင် တားမောင်းတာကို သတိနဲ့ဆင်ခြင်ရမှာပေါ့။ ဒါဟာ ကိုယ့်တို့ အန္တရာယ်မဖြစ်အောင် ကြိုသတိပေးမယ့် အကြားအမြင်ဆရာတစ် ယောက် ရထားသလိုပဲ"

"နင်တို့မိန်းကလေးတွေဟာ ဗေဒင်တို့. . . အကြားအမြင်တို့ဆို ရင် တော်တော် အရူးထကြတာပဲ. . . မားသဲ"

"အမယ်. . . အဲဒီနေ့ကျရင် ငါက တခြားသူငယ်ချင်းတွေကို အဲဒီကင်မရာနဲ့ ခါတ်ပုံလိုက်ရိုက်ပေးပြီး ဗေဒင်ဟောဦးမှာ. . . သိလား ကင်မရာကို ယူလာဖြစ်အောင် ယူလာခဲ့။ ဒါပဲ. . . ငါ ဖုန်းချလိုက်တော့ မယ်နော်"

"ဂလောက်"

လကျ်ာအောင်က စိတ်မောစွာဖြင့် ဖုန်းကို ချလိုက်သည်။ ထို့ နောက် လေးလံသော ခြေလှမ်းများဖြင့် သူ့အခန်းဆီသို့ ပြန်လျှောက်လာ ပြီး ကင်မရာကို သူဖွက်ထားသောနေရာမှ ထုတ်ယူလိုက်၏။

လက်ထဲသို့ ကင်မရာရောက်လာသည်နှင့်တစ်ပြိုင်နက် သူ့ကိုယ် သူ မကောင်းဆိုးဝါးတစ်ကောင်ဖြစ်သွားသလို ခံစားလိုက်ရ၏။

သူ နားလည်လိုက်သည်။

ဒီကင်မရာကို သူ ကြောက်လန့်နေသည်။

ငါ. . . ကင်မရာကို မယူသွားသင့်ဘူး၊ စိတ်ထဲက အလိုလို သိနေသော်လည်း သူဘာမှ မတတ်နိုင်ပါ။



ဒီကင်မရာသည် သူတစ်ယောက်တည်းပိုင်မဟုတ်။ သူငယ် ချင်းလေးယောက်စလုံးနှင့်ဆိုင်သည်။ နောက်ပြီး မွေးနေ့ပွဲကလည်း ဒီ ကင်မရာကို တစ်ဝက်တစ်ပျက် ပိုင်ဆိုင်သူ မားသဲ၏ မွေးနေ့ပွဲ မဟုတ်ပါ လား။

စိတ်တွေလေးလံနေလျက်နှင့်ပင် ကင်မရာကို သူယူလာခဲ့မိလေ သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မားသဲတို့ အိမ်နောက်ဘက်ခြံဝင်းမြေကွက်လပ်ထဲတွင် သူငယ်ချင်းများရောက်နှင့်နေကြပြီဖြစ်သည်။

"တိုးခန့်. . . မင်းဒဏ်ရာ ဘယ်လိုနေသေးလဲ"

လကျ်ာအောင်က တိုးခန့်ကိုတွေ့သောအခါ လှမ်းပြီး နှုတ်ဆက်လိုက်သည်။ တိုးခန့်က. . .

"အိုကေပါပဲကွ၊ လုံးဝကောင်းသွားပြီ၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ ငါ ခေါင်းမှာ ဒဏ်ရာရပြီးကတည်းက နာရီကြည့်စရာမလိုတော့ဘူး။ အချိန်တန်ရင် ငါ့ဘာသာငါ ထထတွန်တယ်။ အောက်အီးအီးအွတ်"

တိုးခန့်က မျက်နှာပြောင်းပြီး လက်နှစ်ဖက်ကို တံတောင်ဆစ်ကွေးကာ ကြက်တောင်ပံလိုခတ်ရင်း တွန်ပြနေသည်။ ထိုစဉ် အနီး



ရောက်လာသော ဇော်ရာက. . .

"မင်းဟာက ကြက်တော့ကြက်ပါပဲ၊ ဒါပေမဲ့ တိန်ညင်ကြက်ဖြစ်နေတယ်။ အမြီးက မြေကြီးနဲ့ သိပ်မလွတ်ချင်ဘူး ဟဲဟဲ"

သူတို့နှစ်ယောက်သား တိုးခန့်ကို ဝိုင်းပြီး နောက်ပြောင်နေကြစဉ် လကျ်ာအောင်ကို မြင်သွားသော မားသဲက ကမန်းကတန်း ပြေးလာပြီး. . .

"ကင်မရာပါလာတယ် မဟုတ်လား လကျ်ာ"

လကျ်ာအောင်က စိတ်မပါတပါဖြင့် ခေါင်းညိတ်လိုက်ပြီး လက်ထဲမှ ကင်မရာကို မြင်သာအောင် မြှောက်ပြလိုက်သည်။ မားသဲက ဝမ်းသာအားရဖြင့်. . .

"အေး. . . ဒီလိုမှပေါ့၊ နင်က သိပ်လိမ္မာတာပဲ"

"ဒါပေမဲ့ ငါ့သဘောကတော့ ဒါကို မလုပ်စေချင်. . ."

သူ့စကားမဆုံးသေးခင်မှာပင် မားသဲက ဖြတ်ပြီး. . .

"ဟုတ်ပြီ. . . ဟုတ်ပြီ၊ ဒီနေ့ ငါ့မွေးနေ့ဆိုတော့ မွေးနေ့လက်ဆောင်အဖြစ်နဲ့ နင်က ငါ့ကို အမှတ်တရ ရိုက်ပေး၊ ကဲ. . . လာ ဒီသစ်ပင်နားမှာ ရိုက်ကြရအောင်"

● မားသဲက ဦးခေါင်းနောက်တွင် လက်နှစ်ဖက်ကို ယှက်ကာ သစ်ပင်တို့ မှီရင်း ဓာတ်ပုံအရိုက်ခံရန် အိုက်တင်ပေးနေသည်။ လကျ်ာအောင်က စိတ်လေးလံစွာဖြင့် ကင်မရာကို ချိန်ရွယ်လိုက်ရင်း. . .

"နင် ဒီကင်မရာနဲ့ ဓာတ်ပုံအရိုက်ခံချင်တာ သေချာတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မားသဲက စိတ်မရှည်စွာဖြင့်. . .

"ဩော်. . . ရိုက်မှာဖြင့် ရိုက်တာမဟုတ်ဘူး၊ မြန်မြန်လုပ်ပါတ၊ တခြားလူတွေရဲ့ ပုံကိုပါ ငါလိုက်ရိုက်ဦးမှာ"

လကျ်ာအောင်က သက်ပြင်းကိုချလိုက်ပြီး ကင်မရာမှန်ဘီလူးတို ဖြည်းဖြည်းချင်းလှည့်ကာ ချိန်ဆလိုက်သည်။ သူ့မျက်လုံးထဲတွင် မြင်ကွင်းကား ထင်ရှားပြတ်သားစွာ ပေါ်လာ၏။

မားသဲ. . .။

နောက်ပြီးတော့ သူမ ကျောမှီထားသည့်သစ်ပင်။

မြင်ကွင်းက ကြည်လင်ပြတ်သားလှသည်။ သူက ကင်မရာခလုတ်ကို နှိပ်လိုက်သည်။

"ဖျောက်"

မော်တာရစ်သံသဲ့သဲ့နှင့်အတူ ဓာတ်ပုံသားစက္ကူအဖြူလေး ထွက်လာသည်။

ထိုစဉ် ဇော်ရာက လှမ်းမေးလိုက်၏။

"ဟဲ့. . . မားသဲ၊ နင့်မွေးနေ့ပွဲကလည်း ယောကျ်ားလေးဆိုလို့ ငါတို့သုံးယောက်ပဲရှိလား"

"အေးလေ ယောကျ်ားလေးတွေထဲမှာ နင်တို့ကိုပဲ ဖိတ်ထားတာ၊ ကျန်တာက မိန်းကလေးသူငယ်ချင်းတွေချည်းပဲ ကိုးယောက်တောင်"

"ကိုးယောက်တောင် ဟုတ်လား၊ ဟဲ. . . ဟဲ အများကြီးပါလား"



ဇော်ရာက စပ်ဖြဲဖြဲလုပ်နေသည်။ မားသဲက ကြည့်မရဟန်ဖြင့် နှာခေါင်းရှုံ့လိုက်ပြီး. . .

"လကျ်ာရေ. . . ဇော်ရာ စပ်ဖြဲဖြဲဖြစ်နေတဲ့ပုံလေးတစ်ပုံလောက် ရိုက်ပေးစမ်းပါ"

ဇော်ရာက ချက်ချင်းမျက်နှာပျက်သွားပြီး ခေါင်းတခါခါဖြင့်. . .

"ဟာ. . . မရိုက်ဘူး၊ မရိုက်ဘူး၊ ပြီးခဲ့တဲ့တစ်ခေါက် ဓာတ်ပုံရိုက်တုန်းက သေမလိုဖြစ်ခဲ့ပြီးပြီ၊ ဒီတစ်ခါတော့ ဆလံပါပဲ"

ဇော်ရာက ပြောပြောဆိုဆိုဖြင့် ကွေ့ပတ်ပြီး ရှောင်ပြေးနေသည်။ သူ့အမူအရာကိုကြည့်ပြီး ကျန်မိန်းကလေးများက ရယ်မောကြ၏။

တိုးခန့်က. . .

"နင့်မွေးနေ့က ထူးထူးခြားခြား ဘာအစီအစဉ်ရှိသေးလဲ"

"ဂိမ်းကစားဖို့ အဖွဲ့တစ်ဖွဲ့ကို ငှားထားတယ်ဟ၊ တော်တော်ကြာဆိုရင် သူတို့ရောက်လာကြတော့မယ်၊ အဲဒီအခါကျတော့မှ ကစားကြတာပေါ့"

မိန်းကလေး ကိုးယောက်နှင့် သူတို့သုံးဦးတည်း အတူတွဲပြီး ပျော်ပျော်ပါးပါးကြီး ကစားရမည့်အဖြစ်ကိုတွေးကာ တိုးခန့်၏ မျက်နှာက ပြုံးဖြစ်လာ၏။

ထိုအချိန်မှာပင် လကျ်ာအောင် ကိုင်ထားသော ဓာတ်ပုံက ရုပ်ပုံသာ ထင်လာပြီဖြစ်၏။ မားသဲက သူ့လက်ထဲမှ ဓာတ်ပုံကို ဆတ်ခနဲ သူကြည့်လိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"တင်. . . နင့်ဓာတ်ပုံထဲမှာ ငါလည်း မပါပါလား၊ နင် ဘယ်နေရာကို ချိန်ပြီး ရိုက်လိုက်တာလဲ၊ လူတစ်ယောက်လုံးကို ချိန်တာတောင် လွဲတယ်ဆိုတော့ တော်တော်တော်တဲ့ ဓာတ်ပုံဆရာပဲ"

မားသဲ၏ အပြစ်တင်သံကြောင့် လက်ျာအောင်က ဓာတ်ပုံကို ငုံ့ကြည့်လိုက်သည်၊ ဓာတ်ပုံထဲတွင် မားသဲ မှီပြီးရပ်နေခဲ့သော သစ်ပင်ကို ထင်ထင်ရှားရှား တွေ့ရ၏။ သို့ရာတွင် မားသဲကတော့ ပါမလာပါ။

"ဒါ. . . ဒါသိပ်ထူးဆန်းတယ်၊ ငါ နင့်ကို သေသေချာချာ ချိန်ပြီး ရိုက်လိုက်တာပဲ၊ ဘာဖြစ်လို့ နင်က ပျောက်နေရတာလဲ"

"ဘာပျောက်ရမှာလဲ၊ နင့်ဘာသာနင် တလွဲတချော်တွေ ချိန်ပြီး ရိုက်ရင်ရိုက်စာယ်ပေါ့၊ အခုတော့ နင်ပြောပုံက ငါကပဲ ကိုယ်ယောင်ဖျောက်ထားသလိုလို၊ ဘာလိုလိုနဲ့"

"မဟုတ်ဘူး မားသဲ သေသေချာချာကြည့်ပါဦး၊ ဒီသစ်ပင်က စောစောက နင်မှီပြီးရပ်နေတဲ့ သစ်ပင်ပဲလေ၊ ဟောဒီမှာ အပြင်ကနဲ့ယှဉ်ပြီး သေသေချာချာကြည့် တွေ့လား"

သူပြလိုက်တော့မှ မားသဲက ဓာတ်ပုံကို တစ်လှည့်၊ စောစောက သူမှီပြီးရပ်နေခဲ့သော သစ်ပင်ကိုတစ်လှည့်ကြည့်ကာ တွေဝေသွားသည်။

"ဒါဆို ငါက ပုံထဲမှာ ဘာလို့မပါရတာလဲ"

"အဲဒါကြောင့် ပြောတာပေါ့၊ ထူးဆန်းပါတယ်လို့"

"ကိစ္စမရှိဘူး၊ သေချာအောင် နောက်တစ်ပုံထပ်ရိုက်ဟာ"

မားသဲက စောစောက သစ်ပင်အောက်မှာပင် နောက်တစ်ကြိမ်



သွားရပ်သည်။ ဒီတစ်ခါတော့ လက်ျာအောင်က ငြင်းမနေတော့၊ သူ့ဘက်က အမှားမဖြစ်ရလေအောင် သေချာစွာ ချိန်ရွယ်လိုက်သည်။

"ဒီတစ်ခါ အနီးကပ်ရိုက်ဟာ"

လက်ျာအောင်က ရှေ့သို့ခြေသုံးလှမ်းခန့် တိုးလိုက်ပြီး ပြတ်သားသော ရုပ်ပုံပေါ်သည်အထိ စိတ်ရှည်စွာ ချိန်သည်။ ထို့နောက် ခလုတ်ကို နှိပ်လိုက်သည်။

မော်တာရစ်သံနှင့်အတူ ဓာတ်ပုံစက္ကူကလေး ထွက်လာပြန်သည်၊ ဒီတစ်ခါတော့ သူတို့ပုံပေါ်မလာမချင်း စိတ်ရှည်လက်ရှည် စောင့်ကြည့်ဖြစ်ကြ၏။

ပုံပေါ်လာသောအခါ လက်ျာအောင်က သူတစ်ယောက်တည်း အရင်ဆုံးကြည့်လိုက်ပြီး. . .

"နင်. . . ဒီကင်မရာနဲ့ အခြားလူတွေကို ရိုက်ချင်တယ်ဆိုတာ သေချာရဲ့လား"

ဟု မေးလိုက်သည်။ မားသဲက မျက်လုံးဝိုင်းသွားပြီး. . .

"ဘာဖြစ်လို့လဲ"

ဟု မေးကာ ဓာတ်ပုံကို လှမ်းယူကြည့်လိုက်သည်။

ဒီတစ်ခေါက်ရိုက်သောဓာတ်ပုံထဲတွင်လည်း မားသဲ၏ ပုံ ပါမလာပါ။

သစ်ပင်ချည်းသက်သက်ကိုသာ အံ့ဩဖွယ်ရာမြင်တွေ့ရလေသည်။ သူတို့အားလုံး ငိုင်သွားကြ၏။ ထိုစဉ်မှာပင်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဂိမ်း (Game) ကစားမယ့်အဖွဲ့ရောက်လာပြီဟေ့"

မိန်းကလေးသူငယ်ချင်းတစ်ဦး၏ ပျော်ရွှင်မြူးတူးစွာ အော်ဟစ်လိုက်သံကြောင့် မားသဲက အိမ်ရှေ့ဆီသို့ အပြေးကလေးသွားကြိုရသည်။

Game ကစားမည့်နေရာအဖြစ် ကျယ်ဝန်းသော နောက်ဖေးခြံဝင်းကွက်လပ်ကိုပင် ရွေးချယ်လိုက်ကြသည်။ သူတို့ ကစားသည့် ကစားနည်းများက စုံလှသည်။ ပေါင်ပေါ်တွင် တင်ထားသော ပူပေါင်းကို အပေါ်က တက်ထိုင်ချပြီး ပူပေါင်းပေါက်အောင် ဖောက်ရသည့်နည်းလည်း ပါသည်။

လူတစ်ယောက်ချင်းစီကို ဘူးသီး၊ ခရမ်းသီး၊ ကြက်သား အစရှိသဖြင့် နာမည်ပေးကာ ဝိုင်းထိုင်နိုင်းပြီး နောက်ဆုံးကျန်သည့်တစ်ယောက်က ထိုအဝိုင်းကို ပတ်ချာလည်လှည့်ကာ ဈေးဝယ်ထွက်ရသည့်ကစားနည်းမျိုးလည်း ပါသည်။

ကျားဗိုလ်ဆွဲကာ နိုင်သည်နှင့်ချက်ချင်း ကိုယ့်ကစားဘက်ကိုရေဖြင့် လှမ်းပက်ရသော ကစားနည်းမျိုးလည်း ပါသည်။

နှစ်နာရီခန့်ကြာအောင် ကစားပြီးသည့်နောက်တွင်တော့ သူတို့အားလုံး ရယ်မောရလွန်း၍ ဗိုက်များပင် နာနေကြလေပြီ။ တစ်ကိုယ်လုံးလည်း ရွှဲရွှဲစိုနေကြလေပြီ။

ထိုစဉ်မှာပင် မားသဲ၏ မိခင်က သူတို့ကို လှမ်းခေါ်လိုက်ခြင်းဖြစ်သည်။

"ကလေးတွေ လာကြတော့ဟေ့၊ မွေးနေ့ကိတ်မုန့်လှီးရအောင်"

"ဟေး"



သူတို့အားလုံး ပျော်ရွှင်စွာဖြင့် အိမ်ဆီသို့ ပြေးလာခဲ့ကြသည်။ မားသဲက Game အဖွဲ့ပြန်တော့မည်ဖြစ်သောကြောင့် နှုတ်ဆက်ရင်း ခြံဝသို့ လိုက်ပို့သည်။

သူတို့အားလုံး အိမ်ထဲသို့ရောက်သောအခါ မားသဲ၏ မိခင်က မွေးနေ့ကိတ်မုန့်ပေါ်တွင် ဖယောင်းတိုင်များ အသင့်ထွန်းထားပြီး စောင့်နေပြီဖြစ်သည်။

"ဘယ်လိုလဲ သမီးတို့ပျော်ကြရဲ့လား"

"အရမ်းပျော်စရာကောင်းတာပဲ အန်တီ၊ ရယ်ရလွန်းလို့ အူကိုနှိပ်နေရတော့တာပဲ"

"ရေတွေလည်း စိုလို့ပါလား ကလေးတို့ရဲ့၊ ကဲ. . . ကဲ တဘက်ယူပြီး ခြောက်သွားအောင် သုတ်လိုက်ကြဦး"

အဝတ်အစားများ သုတ်ပြီးနောက် သူတို့အားလုံးစားပွဲတွင် ဝိုင်းထိုင်လိုက်ကြသည်။ မားသဲ၏ မိခင်က ကိတ်မုန့်လှီးသည့် ဓားကိုယူပြီး. . .

"ကဲ. . . ကိတ်မုန့်လှီးရအောင်လေ၊ မားသဲကော ဘယ်မှာလဲ"

"သမီးတို့ အိမ်ထဲဝင်လာတုန်းက သူနောက်ကနေ ကပ်ပြီး ပါလာတယ်လေ"

"မားသဲရေ. . . မားသဲ"

"မားသဲရေ"

မည်သည့်နေရာတွင်ကမှ ပြန်ထူးသံ မကြားရချေ။

www.burmeseclassic.com

www.burmeseclassic.com



မားသဲ၏ အရိပ်အယောင်ကိုလည်း မမြင်ရ။

"အိမ်နောက်ဖေးဘက်ကိုများ ဝင်သွားတာလား"

လက်ျာအောင်က ပြောလိုက်သည်။ မားသဲ၏ မိခင်က ခေါင်းကို ခါရမ်းလိုက်ပြီး. . .

"ဟင့်အင်း. . . အန်တီတော့ သူအိမ်ထဲဝင်လာတာကို မတွေ့သေးဘူး"

"ဒါဆို ခြံနောက်ဘက်ကိုများ တစ်ခေါက်ပြန်သွားတာလား မသိဘူး၊ ကျွန်တော် သွားရှာကြည့်လိုက်ဦးမယ်"

တိုးခန့်က ပြောပြောဆိုဆိုဖြင့် အိမ်ထဲမှ ပြန်ထွက်ကာ မားသဲ၏ နာမည်ကို တကြော်ကြော်ခေါ်ရင်း စောစောက သူတို့ကစားရာနေရာဆီသို့ သွားပြန်ရှာ၏။

"မားသဲရေ. . . မားသဲ"

မိနစ်အတော်ကြာသောအခါ တိုးခန့်က ပြန်ထွက်လာပြီး သူ မတွေ့ခဲ့ကြောင်း ခေါင်းခါပြသည်။

မားသဲကို အရိပ်အယောင်မျှပင် မမြင်ရ။

သူတို့အားလုံး အိမ်ထဲမှာလည်း ရှာကြသည်၊ အိမ်ရှေ့ခြံဝင်းထဲမှာလည်း ရှာကြသည်။ ခြံနောက်ဘက်ကွက်လပ်မှာလည်း ရှာကြသည်။

သို့သော် မတွေ့။

မားသဲကား ပျောက်ခြင်းမလှ ပျောက်သွားချေပြီတည်း။

* * *



လက်ျာအောင်က ကင်မရာကို ဘေးမှာချပြီး မြေကြီးပေါ်တွင် ...စ်လက်ပစ်ထိုင်နေသည်။ သူ့ဦးနှောက်ထဲမှာ အားလုံး ရှုပ်ထွေးနေ...။

သူ့ငယ်ချင်းများအားလုံး ပြန်သွားကြပြီဖြစ်သော်လည်း သူ မပြန်...သေး၊ မားသဲ၏ မိခင်ကို သူ နှစ်သိမ့်အားပေးချင်သော်လည်း သူ ...တစပြီး ပြောရမည်မှန်းမသိဖြစ်နေသည်။ နောက်ပြီး ဒီကိစ္စမှာ သူ့...ကောင်းသလိုလည်း ဖြစ်နေ၏။

ထိုစဉ် မားသဲ၏ မိခင်က အိမ်ထဲမှ ထွက်လာပြီး. . .

"ဟင်. . . သားတစ်ယောက်တည်းလား၊ မပြန်သေးဘူးလား"

"ကျွန်တော် ဘာကူညီရမလဲ အန်တီ"

www.burmeseclassic.com

www.burmeseclassic.com



မားသဲ၏ မိခင်က ခေါင်းခါပြသည်။ သူမ၏ မျက်လုံးများထ
နီရဲမို့အစ်နေကြ၏။ ငိုထားပုံရသည်။ သူမက. . .

"အန်တီ Game ကစားတဲ့ အဖွဲ့ဆီကိုလည်း ဖုန်းဆက်မေးပြ
ပြီ၊ သူတို့ကပြောတော့ သူတို့ကို ပိုက်ဆံရှင်းပေးပြီးတာနဲ့ ချက်ချင်း လှည့
ပြီး မားသဲအိမ်ထဲဝင်သွားတာကို တွေ့လိုက်တယ်လို့ ပြောတာပဲ၊ အဲ
နောက် သူတို့လည်း ပြန်သွားတာပဲတဲ့၊ သမီးလေးတော့ ဒုက္ခပါပဲ၊ ဘာမျ
ဖြစ်နေပြီလဲ မသိဘူး"

လက်ျာအောင်က တံတွေးကို တစ်ချက်မြိုချလိုက်ပြီးနောက်. .

"အဲဒါ. . . အဲဒါ ဟောဒီကင်မရာကြောင့်ပဲ အန်တီ"

တုန့်ပြန်သံ မကြားရ။ မားသဲ၏ မိခင်က သူ့ကိုစိုက်ကြည့်နေ၏
လက်ျာအောင်က ဆက်ပြီး. . .

"မွေးနေ့ပွဲမစခင်တုန်းက မားသဲကို ကျွန်တော် ဓာတ်ပုံနှစ်
ရိုက်ပေးလိုက်တယ် အန်တီ၊ အဲဒီနှစ်ပုံစလုံးမှာ သူ့ပုံ ပါမလာဘူး
နောက်က သစ်ပင်ကြီးပဲ ပါလာတယ်၊ ပြီးတော့. . . ပြီးတော့ သူ ခု
ပျောက်သွားတော့တာပဲ အန်တီ"

လက်ျာအောင်က သူ့ဘောင်းဘီအိတ်ထဲမှ ဓာတ်ပုံနှစ်ပုံကို ထု
ယူပြီး မားသဲ၏ မိခင်လက်ထဲသို့ လှမ်းပေးလိုက်သည်။ သူမက ဓာတ်
များကို လှမ်းမယူ။ ကြည့်ပင်မကြည့်ချေ။

သူမက လက်ျာအောင်ကိုသာ စိုက်ကြည့်နေပြီး သူ့ဦးခေါင်း
ဖွဖွပုတ်လိုက်သည်။ ထို့နောက်. . .



"သား စိတ်တွေသိပ်လှုပ်ရှားနေတယ်၊ အိမ်ပြန်ပြီး နားလိုက်
တော့နော်၊ သမီးနဲ့ ပတ်သက်လို့ ထူးခြားတာတစ်ခုခုကို ပြန်သတိရရင်
အန်တီ့ဆီ ဖုန်းဆက်လိုက်ပေါ့ ဟုတ်ပြီလား"

လက်ျာအောင်က ခေါင်းကို ငုံ့ထားလိုက်သည်။ ရင်ထဲမှာ နာ
ကျင်နေ၏။ သူ့ကိုယ်သူလည်း အပြစ်တင်မိသည်။

သေစမ်းကွာ၊ ဒီအကြောင်းကို ပြောပြလို့ ဘယ်သူက ယုံမှာတဲ့
လဲ

"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

သူ နှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့သည်။

✳ ✳ ✳

www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ပြန်ရောက်သောအခါ ကင်မရာကို လက်ထဲမှာ ကိုင်

လေးတွဲသော ခြေလှမ်းများဖြင့် အပေါ်ထပ်ဆီသို့ တစ်လှမ်းချင်းတ

လေသည်။

သူအိပ်ခန်းရှေ့တွင်ရပ်ပြီး အခန်းတံခါးကို ဆွဲဖွင့်လိုက်

"ဟင်. . ."

ကြောက်ရွံ့တုန်လှုပ်စိတ်ဖြင့် သူအော်ဟစ်မိတော့မတတ်

သွားသည်။ သူ့အခန်းမှန်ပြတင်းအနီးမှ ရိပ်ခနဲ ပျောက်ကွယ်သွ

လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

သေသေချာချာ မမြင်လိုက်ရသော်လည်း ထိုအရိပ်ကို

ရင်းနှီးနှီး မှတ်မိနေသည်။



ဟိုအိမ်ကြီး၏ အပေါ်ထပ်မှနေပြီး သူ့ကို လှမ်းကြည့်နေခဲ့သော

အနက်ရောင်လူရိပ်ပင်ဖြစ်လေသည်။

သူ ပြတင်းပေါက်ဆီ ပြေးသွားပြီး တံခါးကိုတွန်းဖွင့်ကြည့်လိုက်

သည်။

ဘာမှရှိမနေ။

သူ ကြက်သီးတဖြန်းဖြန်းထသွား၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို တိုးခန့်လား၊ ငါပါကွ လကျ်ာပါ"

လကျ်ာအောင်က တယ်လီဖုန်းကို တစ်ဖက်က ကိုင်ထား
ကျန်လက်တစ်ဖက်က သူ့နဖူးပေါ်မှ စီးကျလာသောချွေးကို သုတ်
သည်။ သူ့ဘဝတွင် ဘယ်တုန်းကမှ ဒီလောက်အပြင်းအထန် စိတ်
ရှားခဲ့ဖူးချေ။

တစ်ဖက်မှ တိုးခန့်က. . .

"ဟယ်လို. . . လကျ်ာလား အခြေအနေဘယ်လိုလဲ သူ
ချင်း၊ သူတို့ မားသဲကို ရှာတွေ့ကြပြီလား"

"ခုထိတော့ ဘာသတင်းမှ မကြားသေးဘူး၊ မတွေ့ကြသေး
ထင်တယ်"



ပြောရင်းနှင့် လကျ်ာအောင်က သူ့အသံတည်ငြိမ်လာအောင်
ခဏမျှ စောင့်လိုက်သည်။ ထို့နောက်. . .

"ဒီမှာ တိုးခန့်၊ ငါ အခု ဖုန်းဆက်တာ မားသဲအကြောင်း ပြော
ချင်လို့မဟုတ်ဘူး၊ မင်းနဲ့ဇော်ရာကို ငါ့ဆီလာတွေ့ဖို့ ချိန်းချင်လို့ ငါတို့
ထမ်းထိပ်က ဘုရားကျောင်းရှေ့မှာ ဆုံရအောင်"

"ဟေ. . . ဘယ်တော့လဲ အခုလား"

"အေး. . . ဟုတ်တယ်၊ အခုချက်ချင်းတွေ့မှဖြစ်မယ်၊ အရမ်း
အရေးကြီးတယ်"

လကျ်ာအောင်က ခပ်လောလောပြောလိုက်၏။ သို့သော်
တိုးခန့်က. . .

"ဟာ. . . မင်းကလဲကွာ ညကြီးမင်းကြီး၊ အခုတောင် ညစာ
အချိန်နီးနေပြီ"

"အရေးကြီးလို့ ပြောတာပါကွာ၊ ငါ မင်းတို့နှစ်ယောက်စလုံးနဲ့
တွေ့ရမှဖြစ်မှာ"

တိုးခန့်က တွေဝေတုန့်ဆိုင်းနေပြီးမှ. . .

"အင်းလေ၊ ဒါဆိုရင်လည်း ငါ့အိမ်က မသိအောင် ခဏတဖြုတ်
ခိုးထွက်လို့ရရင်ထွက်ခဲ့မယ်. . . ဗျာ. . . မေမေ၊ ဘယ်သူမှ မဟုတ်ပါ
ဘူး၊ လကျ်ာအောင်နဲ့ပြောနေတာပါ၊ ဟုတ်ကဲ့. . . ဟုတ်ကဲ့ လာပြီ
. . . တောင် လကျ်ာ ဒါပဲနော်၊ ငါ့အမေက ထမင်းစားဖို့ ခေါ်နေပြီ ပြီးမှ
ခိုးထွက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"တော့ကောင် ဇော်ရာ့ကိုပါ ပါအောင်ခေါ်ခဲ့နော်"

"အိုကေ ဒါပဲ သူငယ်ချင်း"

လကျာ်အောင်က ဖုန်းကို ပြန်ချလိုက်သည်။ ထို့နောက် ...

တစ်အိမ်လုံးကို မျက်စိကစားလိုက်၏။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်...

မေမေလည်း ခုချိန်လောက်ဆို မားသဲပျောက်နေတဲ့သတင်း...

ကြားပြီးလောက်ရောပေါ့ဟု တွေးရင်း သူ့အခန်းရှိရာဆီသို့ ပြန်တက်...

သည်။

သူ့အခန်းပြတင်းပေါက်မှ လှမ်းကြည့်လိုက်လျှင် မားသဲတို့...

ကို အတိုင်းသားလှမ်းမြင်နေရသည်။

ညနေတုန်းက သူတို့ပါတီပွဲကျင်းပခဲ့သည့် ခြံနောက်ဘက်...

ခင်းပြင်သည် ယခုတော့ ချောက်ချားဖွယ်ရာကောင်းလောက်အော...

ခြောက်သွေ့တိတ်ဆိတ်နေလေပြီ။

ပြတင်းပေါက်မှတဆင့် မားသဲတို့အိမ်ရှေ့ကို လှမ်းကြည့်...

သောအခါ အခန်းတွင်းမှ မီးအလင်းရောင်ကြောင့် မွေးနေ့ကိတ်မု...

အတိုင်းသား လှမ်းမြင်နေရ၏။ 'Happy Birthday' ဟူသော စာတ...

လည်းကောင်း၊ ရောင်စုံမီးလုံးများကိုလည်းကောင်း မြင်နေရဆဲပင်။

ယခုတော့ ဒါတွေအားလုံးသည် ဘာမှ အဓိပ္ပာယ်မရှိတော့...

ကြည့်နေရင်းနှင့် သူ့ရင်ထဲမှာ နာကျင်လာ၏။

❑

## အခန်း (၅)

တိုးခန့်က ခါးခါးသီးသီး ငြင်းသည်။

"အဓိပ္ပာယ်မရှိတာကွာ မင်းရူးနေပြီလား လကျာ်"

လကျာ်အောင်က ကင်မရာကို ခပ်ဖွဖွကိုင်ရင်း ဇော်ရာ၏

မျက်နှာကို အားကိုးတကြီး လှမ်းကြည့်လိုက်၏။

ဇော်ရာက သူနှင့်အကြည့်ချင်း မဆုံမိအောင် တမင်မျက်နှာ

လွှဲသွားပြီး. . .

"ငါလည်း တိုးခန့်ပြောသလိုပဲ ထင်တယ်၊ ဒါ လုံးဝ အဓိပ္ပာယ်

မရှိဘူး"

ညအချိန်ဖြစ်သောကြောင့် ဘုရားကျောင်းရှေ့လမ်းမပေါ်တွင်

လူသူကင်းရှင်းနေသည်။ စက်ဘီးစီးသွားသော ချာတိတ်တစ်ယောက်...

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စကိုသာ တွေ့ရသည်။

လကျ်ာအောင်က မြက်ပင်များကြားမှ ခဲလုံးကို သူ့ဖိနပ်ဦးဖြင့် အသာအယာ ကန်ထုတ်လိုက်သည်။

"ငါက မင်းတို့နှစ်ယောက်စလုံး ငါနဲ့အတူတူ လိုက်ကြလိမ့်မယ်လို့ မျှော်လင့်ထားတာ"

သူ့အသံက စိတ်ပျက်ဝမ်းနည်းသံပါနေ၏။ သူက လက်ထဲမှ တင်မရာကို ကိုင်မြှောက်ပြလိုက်ရင်း. . .

"ငါ ဒီကင်မရာကို သူ့နေရာသူ သွားပြန်ထားချင်တယ်။ အဲဒီလို လုပ်မှဖြစ်တော့မယ်လို့ ငါတော့ထင်တယ်"

တိုးခန့်က ခေါင်းကို ခါရမ်းလိုက်ပြီး. . .

"ငါတော့ သဘောမတူဘူးကွာ၊ အဲဒီအိမ်ကြီးဆီ ငါတို့ ဘာအကြောင်းနဲ့မှ နောက်တစ်ခေါက် ထပ်မသွားသင့်တော့ဘူး။ တစ်ခေါက် သွားရုံနဲ့တင် တော်တော်လုံလောက်နေပြီ"

"မင်းကြောက်သလား တိုးခန့်"

လကျ်ာအောင်က ခပ်ရိရိမေးလိုက်၏။ တိုးခန့်က ခေါင်းကို ညိတ်ပြပြီး. . .

"ကြောက်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါစိုးရိမ်နေတယ် အဲဒီကိုသွားရင် အန္တရာယ်တစ်ခုခုနဲ့ တွေ့ရလိမ့်မယ်လို့ ငါ့စိတ်ထဲမှာ အလိုလို ထင်နေတယ်၊ ဘာကြောင့်လဲတော့ မသိဘူး"

တိုးခန့်၏စကားကြောင့် လကျ်ာအောင် အနည်းငယ် ငိုင်သွား၏။



တကယ်ဆိုလျှင် တိုးခန့်က ဘာကိုမှ အယုံအကြည်ရှိသူမဟုတ်၊ အစွဲအလမ်းအကြောက်အလန့်ရှိတတ်သူ မဟုတ်။ ယခု သူသည်ပင်လျှင် အဲဒီလို ပြောလာပြီဆိုတော့. . .

"ငါသိတယ်၊ မင်းစိတ်ထဲမှာ မင်းနောက်ကို လူရိပ်တစ်ရိပ် လိုက်ကြည့်နေသလို ခံစားရတယ် မဟုတ်လား"

ဟု ဇော်ရာက ဝင်ပြောလိုက်သည်။ တိုးခန့်က ခေါင်းကို ညိတ်လိုက်ပြီး. . .

"ဟုတ်တယ် ဟိုအိမ်ကြီးရဲ့ ပြတင်းပေါက်က လှမ်းကြည့်နေတဲ့ လူရိပ်ပဲ၊ ငါ့လိုပဲ ပိန်ပိန်ရှည်ရှည်နဲ့လေ"

"မင်းလိုမျိုး ပိန်ပိန်ရှည်ရှည်တော့ မဟုတ်ပါဘူးကွာ၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်းနဲ့ အရပ်လည်း သိပ်မရှည်ပါဘူး"

ဇော်ရာ့စကားအရဆိုလျှင် သူလည်း အဲဒီလူရိပ်၏ တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုခံနေရသလို ခံစားနေရသည်မှာ သေချာသည်။

တစ်ခုပဲရှိသည်။ သူတို့မြင်လိုက်ရသော အနက်ရောင် လူရိပ်၏ ပုံပန်းသဏ္ဌာန်က တစ်ယောက်နဲ့တစ်ယောက် မတူကြ။

ဒါဆိုလျှင် သူတို့နောက်ကို လူဘယ်နှစ်ယောက်တောင် လိုက်နေကြပြီလဲ။

လကျ်ာအောင်က သက်ပြင်းကို ရှိုက်ရင်း နဖူးမှချွေးများကို သုတ်လိုက်သည်။ ထိုစဉ် ဇော်ရာက. . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတင်မရာကို ဟိုအိမ်ထဲထိ သွားပြန်ထားစရာ မလိုပါဘူးကွာ"

"ဟင်. . . ဘာဖြစ်လို့လဲ"

"အဲဒီကင်မရာကို ရိုက်ခွဲလိုက်ရုံပေါ့၊ ဒါမှမဟုတ်ရင်လည်း လွှင့်ပစ်လိုက်ကွာ၊ ရေထဲပစ်ချလိုက်။ ပြီးရော"

ဇော်ရာက အကြံပေးသည်။ တိုးခန့်ကလည်း. . .

"ဟုတ်တယ် အဝေးကြီးသွားစရာတောင် မလိုဘူး၊ ဟောဒီဘုရားကျောင်းရှေ့မှာတင် ထားပစ်ခဲ့၊ တွေ့တဲ့သူ ယူပစေပေါ့"

လက်ျာအောင်က ခေါင်းကို ခါယမ်းရင်း ခါးခါးသီးသီး ငြင်းသည်။

"ဟာ. . . ဘယ်ဖြစ်မလဲကွ၊ ဒီကင်မရာကို လက်စဖျောက်ပစ်လိုက်ဖို့ လုံးဝမဖြစ်နိုင်ဘူး။ ငါတို့နောက်ကို လိုက်နေကြတဲ့လူတွေက ဒီကင်မရာကို ပြန်လိုချင်နေကြတာ။ ဒါကို ငါတို့က ဖျက်ဆီးပစ်လိုက်ရင် ပြဿနာတက်လိမ့်မယ်ထင်တယ်၊ နောက်ပြီး ဒီမှာထားခဲ့လို့ တစ်ယောက်ယောက်ယူသွားရင် အဲဒီလူအတွက်လည်း မကောင်းဘူး။ ငါတို့အတွက်လည်း မကောင်းဘူး"

"ဘာဆိုင်လို့လဲ"

"ဒီကင်မရာနောက်ကို လိုက်နေတဲ့လူတွေက ငါတို့ ဘယ်မှာနေသလဲဆိုတာ သိနေပြီ မဟုတ်လား၊ သူတို့ပစ္စည်း ပြန်မရမချင်း ပြဿနာရှာရင် ငါတို့ကိုပဲ လာရှာမှာ"



တိုးခန့်က စိတ်မရှည်ဟန်ဖြင့်. . .

"မင်း. . . အဲဒီလောက်ထိ တွေးပူမနေနဲ့ လက်ျာ၊ ငါပြောသလို လုပ်စမ်းပါ၊ ပေး. . . အဲဒီကင်မရာ"

"ဟာ. . . မလုပ်နဲ့"

တိုးခန့်က ကင်မရာကို လှမ်းဆွဲသည်။ လက်ျာအောင်က လက်ကို ဆတ်ခနဲ ရုတ်လိုက်သော်လည်း မလွတ်။ တိုးခန့်က ကင်မရာတစ်ဖက်စွန်းကို ဆုတ်ကိုင်မိသွားသည်။

လက်ျာအောင်က ကင်မရာကို လွှတ်မပေးဘဲ အတင်းပြန်ဆွဲယူရင်း. . .

"ဟေ့ကောင်. . . တိုးခန့်၊ မလုပ်ပါနဲ့ဆိုကွာ"

"ဟာ. . . ပေးစမ်းပါ"

ကင်မရာကို တစ်ယောက်တစ်ဘက် ကိုင်ကာ လုကြရင်း တိုးခန့်၏ လက်က ကင်မရာခလုတ်ပေါ်သို့ ဖိမိသွားရာ. . .

"ဖျောက်"

ကင်မရာမှန်ဘီလူးက လက်ျာအောင်၏ မျက်နှာနှင့်တည့်တည့် ချိန်ရွယ်ချက်သား။

စူးရှဖြူဖွေးတောက်ပသော ကင်မရာဖလက်ရှ်မီးရောင်ကြောင့် လက်ျာအောင်၏ မျက်လုံးများ ပြာဝေသွားကြ၏။

လက်ျာအောင်က အထိတ်တလန့် အော်ဟစ်လိုက်သည်။

"မင်း. . . မင်း ငါ့ကို ဓာတ်ပုံရိုက်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မော်တာရစ်သံသဲ့သဲ့နှင့်အတူ ကင်မရာထဲမှ ဓာတ်ပုံထွက်လာလေပြီ။

ဘာပုံများဖြစ်နေလေမလဲ။

* * *



"ဆောရီးကွာ လက်ျာ၊ ငါ. . . ငါ မတော်တဆဖြစ်သွားတာပါ"

တိုးခန့်၏ မျက်နှာက သွေးဆုတ်ဖြူလျော်နေပြီး အထစ်ထစ် အငေါ့ငေါ့ တောင်းပန်နေ၏။

လက်ျာကတော့ ဘာစကားမှ ပြန်မပြောနိုင်၊ သူ့လက်ထဲမှ ပုံပေါ်လာသေးသည့် ဓာတ်ပုံစက္ကူသားဖြူဖြူကိုသာ ငုံ့ကြည့်နေမိသည်။ သူ အသက်ရှူရန်ကိုပင် မေ့လျော့နေ၏။

"ကျွိ"

ထိုစဉ် သူတို့အနားသို့ ကားတစ်စင်း ထိုးရပ်လာ၏။ ကားမောင်းလာသူကို ကြည့်လိုက်တော့ ဇော်ရာ၏ အမေဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"တဲ့. . . သားတို့ ဘာလုပ်နေကြတာလဲ"

သူတို့ ဘာမှပြန်မဖြေနိုင်၊ ဖော်ရာ့မိခင်က ဆက်၍. . .

"စောစောကလေးတင်ပဲ အန်တီ့ဆီကို တိုးခန့်အိမ်က ဖုန်းဆက်ပြီး မေးနေသေးတယ်၊ တိုးခန့်များ ရောက်နေသလားလို့. . . တဲ့၊ ညစာစားပြီးကတည်းက အပြင်ထွက်သွားလို့ စိတ်တိုနေသလား မသိဘူး။ ကဲ. . . လာ. . . လာ ကားပေါ်တက်ကြ။ လမ်းကြုံနေတာပဲ အန်တီ တစ်ခါတည်း ဝင်ပို့ပေးခဲ့မယ်"

"ကဲ. . . ပွတ်နိုက် သူငယ်ချင်း အချိန်မရှိတော့ဘူး။ မနက်ဖြန်ကျမှ ထပ်တွေ့ရအောင်"

"အေး. . . ကင်မရာကိစ္စကို မနက်ဖြန်ကျမှ ဆက်စဉ်းစားကြတာပေါ့"

ဖော်ရာနှင့်တိုးခန့်တို့က ကားပေါ်တက်လိုက်ကြသည်။ ဖော်ရာ့မိခင်က. . .

"ဟဲ့. . . လကျာ်၊ သားကော တက်လေ"

"ကျွန်တော်က ဒီလမ်းထဲမှာတင် နေတာ အန်တီ"

"ကြော်. . . ဟုတ်လား၊ အေး. . . အေး၊ ကဲ အန်တီတို့ သွားပြီနော်"

"ဟုတ်ကဲ့"

မောင်းထွက်သွားသည့် ကားနောက်မြီးမှ မီးနီနီလေးကို ကြည့်ရင်း လကျာ်အောင်တစ်ယောက်တည်း ရပ်ငေးကျန်နေခဲ့သည်။



နောက်ဆုံးတော့ တိတ်ဆိတ်ခြောက်သွေ့နေသော လမ်းမပေါ်
သူတစ်ယောက်တည်း။

ညသည် အသံတိတ်မှောင်မိုက်နေ၏။

ထိုအခါကျမှပင် လကျာ်အောင်က သူကိုင်ထားဆဲဖြစ်သော
တ်ပုံကို ငုံ့ကြည့်လိုက်၏။

"ဟာ. . ."

သူ့အသက်ဝိညာဉ်လွင့်ပါးသွားသလို ခံစားလိုက်ရသည်။

* * *

www.burmeseclassic.com

"ဒါ. . . ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

သူက သွေးရူးသွေးတန်း အော်ဟစ်လိုက်သည်။

မားသဲ၊ မားသဲက ဘယ်လိုလုပ်ပြီး ဒီဓာတ်ပုံထဲကို ရောက်နေ ရတာပါလိမ့်။

ဓာတ်ပုံထဲက နောက်ခံရှုခင်းကို ကြည့်လိုက်တော့လည်း သူ ရပ်နေသောနေရာ၏ နောက်ဘက်ခပ်လှမ်းလှမ်းမှ ဘုရားရှိခိုးကျောင်း ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ သို့သော် သူရပ်ပုံ၏ ဘေး ကပ်လျက်တွင် မားသဲကလည်း ရပ်လျက်သား အတူယှဉ်တွဲပါနေ၏။

ဓာတ်ပုံထဲတွင် သူနှင့် မားသဲတို့နှစ်ယောက်စလုံးသည် ရှေ့ တည့်တည့်ကို စူးစိုက်ကြည့်လျက်။ မျက်လုံးများက ပြူးကျယ်နေကြသည်



ခပ်တို့ကလည်း ဟောင်းလောင်းပွင့်ဟလျက်။

သူတို့နှစ်ယောက်စလုံး၏ မျက်နှာအမူအရာများက တစ်စုံတစ် ခုကို သေမတတ် ကြောက်ရွံ့ထိတ်လန့်နေကြသည့်ပုံမျိုး။ နောက်ပြီး သူတို့ နှစ်ယောက်စလုံးအပေါ်သို့ အရိပ်မည်းမည်းတစ်ခုက ထိုးကျနေသည်။

လက်ကျာအောင်က ဓာတ်ပုံကိုကြည့်နေရာမှ မျက်လုံးကိုခွာပြီး ပတ်ဝန်းကျင်ပတ်ပတ်လည်သို့ ပျာပျာသလဲ ကြည့်လိုက်သည်။

**ဒီအနီးအနားတစ်နေရာရာမှာ မားသဲရောက်နေလေပြီလား။**

"မားသဲရေ. . . မားသဲ"

သူအော်ခေါ်ကြည့်သည်။

"မားသဲရေ. . . ငါခေါ်နေတာ ကြားလား"

သူခေါ်နေသည်ကို ရပ်ပြီး နားစွင့်ကြည့်လိုက်ပြန်သည်။

ပကတိတိတ်ဆိတ်နေ၏။ တုန့်ပြန်သံကို မကြားရ။ သူ ထပ်ပြီး အော်ခေါ်လိုက်ပြန်သည်။

"မားသဲ"

"လက်ကျာရေ"

သူ့နာမည်ကို တုန့်ပြန်ခေါ်လိုက်သံကြားရသောကြောင့် သူ ကြက်သီးတဖြန်းဖြန်းထပြီး တစ်ကိုယ်လုံး တုန်ရင်သွားသည်။

"လက်ကျာရေ. . ."

ဟင်. . . ဒါ. . . ဒါ သေချာပါတယ်၊ ငါ့နာမည်ကို ခေါ်နေ သံ။

www.burmeseclassic.com

www.burmeseclassic.com



သူ သေသေချာချာ နားစွင့်ကြည့်လိုက်သောအခါ. . .

"လက်ျာရေ. . ."

သူ့မိခင်က ခေါ်နေသည့်အသံဖြစ်မှန်း သူသိလိုက်ရ၏။ ခ
အတွင်းမှာပင် လမ်းထိပ်ဆီသို့ စိုးရိမ်တကြီးဖြင့် ရောက်လာသော မေ
ကို တွေ့လိုက်ရလေသည်။

"ဟဲ့. . . သား၊ အမလေး ရှာလိုက်ရတာ"

သူက ကင်မရာကို ဂျာကင်အင်္ကျီဖြင့် လုံးထွေးကိုင်ပြီး က
ကတန်း ဖွက်ထားလိုက်ရသည်။ ဓာတ်ပုံကိုလည်း ဘောင်းဘီအိတ်ထဲ
ထိုးထည့်ရင်း. . .

"ဘာဖြစ်လို့လဲ မေမေ၊ သား ဒီလမ်းထိပ်မှာပဲ ရှိတဲ့ဥစ္စာ"

"မေမေ ခုပဲ မားသဲတို့အိမ်က ပြန်ရောက်တာ ကလေးမ
ပျောက်နေတဲ့ အကြောင်းလည်း ခုလေးတင်ပဲ ကြားခဲ့ရတာ၊ မေ
စိတ်မကောင်းလိုက်တာ၊ အဲဒါ အိမ်လည်း ပြန်ရောက်ရော သားကို
မတွေ့တော့ စိတ်ပူသွားတာပေါ့"

"ဟုတ်တယ် မေမေ၊ ကျွန်တော် လမ်းထိပ်ကို ခဏသွားဦးမ
ဆိုတာ စာတိုလေးရေးပြီး မြင်သာတဲ့နေရာမှာ ကပ်ထားခဲ့ဖို့ မေ့သွား
တယ်"

"ကဲ. . . လာ. . . လာ အိမ်ထဲပြန်ဝင်တော့၊ အပြင်မှာ ေ
လှပြီ"

သူက ခေါင်းညိတ်ပြီး မိခင်ဖြစ်သူ၏နောက်မှ တစ်လှမ်းချင်း



လိုက်ခဲ့သည်။ သူ့စိတ်ထဲတွင် ရှုပ်ထွေးနောက်ကျိနေသည့် ကြောက်လန့်
တုန်လှုပ်ခြင်း၊ စိုးရိမ်ခြင်းများနှင့်အတူ ဘာမှန်းမသိသော အန္တရာယ်တစ်ခု
၏ ရနံ့ကို ရနေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နောက်နှစ်ရက်အကြာ. . .

ပြာလဲ့နေသော ကောင်းကင်တွင် အဖြူရောင်တိမ်တိုက်တွေ တရွေ့ရွေ့ လွင့်မျောနေသည်ကို သူ့အခန်းပြတင်းပေါက်မှတစ်ဆင့် ထိုင်ငေးကြည့်ရင်း အတွေးတွေ ဆောက်တည်ရာမရအောင် ပျံ့လွင့်နေ၏။

တစ်အိမ်လုံးတွင် လက်ျာအောင်မှလွဲ၍ မည်သူမှမရှိ။ အစ်ကိုဖြစ်သူ ဗညားအောင်ကလည်း အလုပ်သွားနေသည်။ မေမေကတော့ ခပ်စောစောကတည်းကပင် ဆေးရုံသို့ သွားနှင့်၏။ ဒီကနေ့ ဖေဖေ ဆေးရုံက ဆင်းရမည့်နေ့ဖြစ်လေသည်။

တကယ်ဆိုလျှင် ဖေဖေ ဆေးရုံက ဆင်းရမည့်နေ့မှာ သူပျော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်နေဖို့ကောင်းသည်။ သို့သော် သူ ဘယ်လိုမှ ပျော်ရွှင်ဖို့ ကြိုးစားကြည့်၍မရဘဲ ဖြစ်နေသည်။ သူ့စိတ်ကို ဖိစီးနေသော ဒုက္ခများကို ခဏဖြစ်ဖြစ် မေ့လျော့ထားနိုင်စွမ်းရှိလျှင်ကောင်းမှာပဲဟု သူတွေးမိသည်။

သို့သော် ဘယ်လိုနည်းဖြင့် သူမေ့ပျောက်နိုင်မည်နည်း။ ယခုအချိန်အထိလည်း မားသဲကို သူတို့ ပြန်ရှာမတွေ့ကြသေး။ မည်သည့်သဲလွန်စမှလည်း မရ။

ဘာမှလည်း လုပ်နိုင်တာ မရှိ။ စောင့်နေရုံသက်သက်မှလွဲ၍ အခြားဘာမှမရှိ။ မျှော်လင့်ခြင်းသက်သက်သာ ရှိတော့သည်။

**'မျှော်လင့်ချက်' ဆိုသည်မှာ တစ်ခုတည်းသက်သတ် ရှိသည့်အခါမျိုးတွင် အလွန်အထီးတျန်ဆန်သောအရာပါလားဟု တွေးမိသည်။**

* * *



အချိန်တွေ ကုန်လွန်သွားသည်နှင့်အမျှ သူ့မှာ အပြစ်မကင်းဟူသော ခံစားချက်က လက်ျာအောင်၏ ရင်ထဲတွင် ပို၍ ပို၍သာ စွဲမြဲလာခဲ့သည်။

မားသဲပျောက်နေရခြင်းသည် သူနှင့် သူ့ကင်မရာကြောင့် မဟုတ်ပါလား။ သို့သော် ဒီအကြောင်းကို ပြောပြလျှင်လည်း မည်သူကမှ လက်ခံယုံကြည်လိမ့်မည် မဟုတ်သည်မှာ သေချာပါသည်။

သူ ဘယ်သူ့ကို ရင်ဖွင့်ပြရမလဲ၊ ဒါမှမဟုတ် သူ ဘယ်သူ့ကို အပြစ်တင်ရမလဲ။

ကင်မရာကို အပြစ်တင်၍ မရသည်ကတော့ သေချာ၏။

ကင်မရာဆိုသောအရာသည် လူတွေကို လှေ့စားပေါ်မှ လိမ့်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့အောင်၊ ယာဉ်တိုက်မှုတွေဖြစ်အောင်၊ လူတွေကို ပျောက်ကွယ်သွားအောင် လုပ်နိုင်စွမ်းရှိသော အရာဝတ္ထုမဟုတ်ချေ။

ကင်မရာဆိုသည်မှာ သူတို့မြင်တွေ့ရသောအရာကိုသာ မှတ်တမ်းတင်နိုင်စွမ်းရှိသည့် ကိရိယာတစ်ခုမျှသာဖြစ်သည်။

သို့ရာတွင် ဒီကင်မရာက ဘာဖြစ်လို့များ အနာဂတ်တွင် ဖြစ်မည့် ကိစ္စများကို ကြိုတင်ပြီး မြင်နေရပါသနည်း။

လကျ်ာအောင်က ပြတင်းပေါက်မှတစ်ဆင့် မားသဲတို့၏ အိမ်ခြံဝင်းရှိရာဆီသို့ ငုံ့ကြည့်နေသည်။ ပြတင်းပေါက်မှန်ကို သူ့နဖူးဖြင့်ထိကာ မှီကပ်ထား၏။ မှန်သားပြင်၏ အတွေ့အထိသည် အေးစက်နေလေသည်။

"မားသဲရေ. . . မင်းဘယ်ကိုရောက်နေတာလဲကွာ"

သူ့နှုတ်မှ တီးတိုးညည်းမိသည်။

မားသဲတို့ ခြံနောက်ဘက်ရှိ သစ်ပင်များသည် ငြိမ်သက်တိတ်ဆိတ်နေကြဆဲပင်ရှိလေသည်။

သူ သက်ပြင်းကို ချလိုက်၏။

ကင်မရာသည် သူဖွက်ထားသည့်စာအုပ်စင်ထောင့်တွင် ရှိနေဆဲပင် ဖြစ်သည်။ ကင်မရာကို သူနေရာသူ သွားပြန်မပို့ဖြစ်သေး။ ဇော်ရာနှင့် တိုးခန့်တို့ကလည်း အဲဒီအကြောင်းကို လေသံမျှပင် မဟတော့။ သူတို့အနေဖြင့် ထိုအိမ်ကြီးဆီသို့ ပြန်မသွားချင်ကြသည်မှာ သေချာသည်။

သူ ဘာလုပ်ရမည်နည်း။

လောလောဆယ်တွင်တော့ သူကိုယ်တိုင်လည်း စိတ်ပြောင်း



သွားပြီဖြစ်သည်။ ကင်မရာကို ချက်ချင်းပြန်မပို့ချင်သေး။

နောက်ထပ်ရက်အနည်းငယ်မျှဖြစ်စေ သူ့လက်ထဲမှာ ထားချင်သေးသည်။ တစ်နည်းနည်းဖြင့် ဒီကင်မရာသည် အနာဂတ်ကို ကြိုတင်ရိုက်ကူးနိုင်ကြောင်း အခြားလူများကို သက်သေပြချင်သေးသည်။

သို့သော် ဒီကင်မရာ သူ့လက်ထဲမှာ ကြာကြာရှိလေလေ အန္တရာယ်ကြီးလေ ဆိုသည်ကိုလည်း သူတွေးမိ၏။

တွေးရင်းတွေးရင်းနှင့် သူ့စိတ်ထဲမှာ ရှုပ်ထွေးလာသည်။ သူ ပြတင်းပေါက်အနီးမှ ဆတ်ခနဲ ထရပ်လိုက်၏။ ဒီနှစ်ရက်လုံးလုံး ဟောဒီနေရာမှာ ထိုင်ပြီး မားသဲတို့ အိမ်ခြံဝင်းဘက်ဆီသို့ တစ်နေကုန် သူထိုင်ကြည့်နေခဲ့ခြင်းဖြစ်၏။

ဒါပဲလား၊ ဘဝဆိုတာ ကိုယ်ပြုပြင်ပြောင်းလဲပစ်လို့ မရနိုင်တဲ့ အနာဂတ်ကို ထိုင်စောင့်ကြည့်နေဖို့အတွက်ပဲလား။

သူ့အကြည့်က စာကြည့်စားပွဲပေါ်သို့ ရောက်သွား၏။ စာကြည့်စားပွဲပေါ်တွင် ဓာတ်ပုံနှစ်ပုံ။

မားသဲ၏ မွေးနေ့ပွဲတုန်းက ခြံနောက်ဘက် သစ်ပင်အောက်တွင် သူ ရိုက်ပေးခဲ့သည့် ဓာတ်ပုံနှစ်ပုံဖြစ်သည်။

ဓာတ်ပုံနှစ်ပုံစလုံးတွင် သစ်ပင်ကြီး၏ ပုံကသာ ထင်ရှားပြတ်သားစွာ ပေါ်နေသည်။ မားသဲ၏ ပုံကတော့ မပါ။

"တောက်"

သူ့ရင်ထဲ၌ ခံပြင်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သူသာ အဲဒီဓာတ်ပုံကို မရိုက်ခဲ့ဘူးဆိုပါလျှင်. . .။

အကယ်၍ သူသာ ဟိုအိမ်ကြီးဆီသို့ မသွားခဲ့ဘူးဆိုပါလျှင်. . .။

အကယ်၍ သူသာ လက်ဆော့ပြီး အဲဒီကင်မရာကို ရှာရှာဖွေဖွေ မယူလာခဲ့ဘူးဆိုပါလျှင်. . .။

သူ့စိတ်တွေ ပေါက်ကွဲထွက်သွားသည်။

သူ့ကိုယ်သူ ဘာလုပ်လို့လုပ်မိမှန်း မသိခင်မှာပင် သူ့လက်များက ဓာတ်ပုံနှစ်ပုံစလုံးကို အပိုင်းပိုင်း စိတ်မွှာသွားသည်အထိ ဆုတ်ဖြဲမိပြီး စက္ကူစများကို ကြမ်းပြင်ပေါ်သို့ လုံးထွေးပစ်ပေါက်ချလိုက်သည်။

ထို့နောက် သူခြေပစ်လက်ပစ်ထိုင်ချလိုက်မိတော့သည်။

အဲသည်နေရာမှာပင် သူ မလှုပ်မယှက် ထိုင်နေလိုက်သည်မှာ နှစ်နာရီတိတိကြာသွားသည်။

နှစ်နာရီတိတိ. . .။

ထို့နောက် တယ်လီဖုန်းသံမြည်လာသဖြင့် သူ ဖုန်းကို ကောက်ကိုင်လိုက်သည်။

တစ်ဖက်မှ ဖုန်းဆက်သူမှာ မားသဲဖြစ်နေသည်။

* * *



"မားသဲ. . . နင် မားသဲနော်၊ တကယ်. . . တကယ်လား ဟင်"

လက်ျာအောင်က ဖုန်းကို ကိုင်ထားရင်း အော်ပြောနေမိသည်။

"အေး. . . ဟုတ်ပါတယ်ဟ ငါပါ"

တစ်ဖက်မှ မားသဲ၏ အသံကလည်း သူ့လိုပင် ဖုံ့ဩနေဟန် ပေါက်နေ၏။ လက်ျာအောင်က. . .

"ဒါပေမဲ့. . . နင် ဘယ်လိုဖြစ်ပြီးတော့. . ."

သူ ဘာဆက်ပြောရမည်ကို မသိ။ သူ့ဦးနှောက်ထဲတွင် စကားလုံးတွေ ရှုပ်ယှက်ခတ်ကာ တိုးဝှေ့နေကြ၏။ မားသဲက. . .

"အေးပါ. . . ဖြည်းဖြည်းပေါ့၊ နင်သိချင်တာတွေအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ငါပြောပြပါ့မယ်၊ နေဦး ခဏကိုင်ထားဦး၊ ဟိုမှာ မေမေ ငိုနေလို့"

သူမ ဖုန်းအနီးမှ အနည်းငယ်ခွာသွားပြီး သူမ၏ မိခင်ကို လှမ်းပြောနေသည့် အသံသဲ့သဲ့ ကြားရ၏။

"မေမေ. . . မငိုနဲ့တော့လေ၊ သမီး ပြန်ရောက်လာပြီပဲဥစ္စာ"

ခဏအကြာတွင် သူမက ဖုန်းကို လာပြန်ကိုင်ပြီး. . .

"ငါ အိမ်ကို ပြန်ရောက်နေတာ နှစ်နာရီလောက် ကြာသွားပြီဟ၊ ဒါတောင် မေမေက ခုချိန်ထိ အငိုမတိတ်သေးဘူး၊ ငါ့ကို မြင်ကတည်းက ငိုလိုက်တာ ခုထိပဲ"

"နင့်အမေမပြောနဲ့ အခု ငါတောင်မှ ရင်ထဲမှာ ငိုချင်သလိုလိုဘာလိုလိုကြီး စိတ်က မယုံနိုင်သလိုပဲဟာ၊ နင်. . . နင် ဘယ်ရောက်နေခဲ့တာလဲ"

ပြန်ဖြေသံမကြားရဘဲ ကြာမြင့်စွာ တိတ်ဆိတ်သွားသည်၊ သည့်နောက်တွင်မှ သူမက. . .

"ငါလည်း မသိဘူး"

"ဘာ. . ."

"ငါ တကယ် မသိတာဟ၊ အရမ်းထူးဆန်းတယ် လက်ျာ၊ အဲဒီအခိုက်အတန့်လေးဟာ တစ်မိနစ်လောက်ပဲ ကြာတယ်ထင်လိုက်ရတယ်၊ ငါ့မွေးနေ့ပွဲမှာ သူငယ်ချင်းတွေနဲ့ အတူတူ ငါရှိနေတယ်။ နောက် တစ်မိနစ်လောက်ကြာတော့ အခု ငါ့အိမ်ရှေ့တံခါးဝမှာ ငါတစ်ယောက်တည်း ရပ်နေလျက်သား ဖြစ်နေပြန်ရော၊ ဒါပေမဲ့ တကယ်တမ်းကျတော့ အဲဒီကြားထဲက အချိန်ကာလဟာ နှစ်ရက်တောင် ကြာသွားပြီတဲ့၊ အဲဒီကြားထဲက အဖြစ်အပျက်တွေ ငါဘာမှ မမှတ်မိတော့ဘူး။ ငါ ဘယ်ရောက်သွားလဲဆိုတာ မသိဘူး၊ ငါ့စိတ်ထဲမှာတော့ ငါ့လှုပ်ရှားမှုတွေအားလုံးဟာ တဆက်တည်းလိုလိုပဲ"



"ဒါဆို နင်ပျောက်သွားတာကော ပြန်ပေါ်လာတာကိုကော နင်ဘာမှမသိဘူးပေါ့"

"အေး. . . ဟုတ်တယ်"

"မားသဲ. . . ဟို. . . ဟိုဓာတ်ပုံလေ၊ ငါ နင့်ကို ရိုက်ပေးတဲ့ဓာတ်ပုံကို မှတ်မိသေးလား၊ အဲဒီဓာတ်ပုံထဲမှာ နင်ပျောက်နေတာလေ၊ ပြီးလည်းပြီးရော အပြင်မှာ နင် တကယ်. . ."

"ငါ တကယ်ပျောက်သွားရော ဆိုပါတော့"

"အေး. . . ဟုတ်တယ်၊ ငါပြောချင်တာ အဲဒါပဲ၊ အဲဒီကိစ္စကို နင် ဘယ်လိုထင်သလဲ မားသဲ"

"ငါ. . . ငါ မပြောတတ်ဘူး လက်ျာ၊ နေဦး. . . နေဦး၊ ဟိုမှာ မေမေငိုနေပြန်ပြီ၊ ငါ သွားချော့လိုက်ဦးမယ်၊ ဖုန်းချလိုက်တော့မယ်နော်. . . ဒါပဲ"

"နေဦးလေ မားသဲ အဲဒီကင်မရာ. . ."

"အေး. . . အဲဒီကင်မရာကိစ္စကို ငါလည်း ပြောချင်ပါတယ်၊ တွေ့တော့မှ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ဟုတ်ပြီလား၊ တဲ့. . . ဒါပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဝလောက်"

လက်ျာအောင်က တယ်လီဖုန်းကို အသာအယာ ပြန်ချထား လိုက်သည်။ သူ့လက်တွေက တုန်ယင်နေ၏။

မားသဲ ပြန်ရောက်လာပြီ။

သူပြန်ရောက်လာသည်မှာ နှစ်နာရီတောင်ကြာပြီဆိုပဲ။

နှစ်နာရီ. . .။ နှစ်နာရီ. . .။ နှစ်နာရီ. . .။

လက်ျာအောင်၏ မျက်လုံးအစုံက နံရံပေါ်ရှိ တိုင်ကပ်နာရီဆီသို့ အကြည့်ရောက်သွားသည်။ ထို့နောက် ကြမ်းပြင်ပေါ်တွင် ကြေမွပြန့်ကျဲနေသော ဓာတ်ပုံအပိုင်းအစများဆီသို့။

လွန်ခဲ့သော နှစ်နာရီကပင် မားသဲနှင့် ပတ်သက်သော ဓာတ်ပုံနှစ်ပုံ သူဆုတ်ဖြဲပစ်ခဲ့သည် မဟုတ်ပါလား။

သူ ဓာတ်ပုံကို ဆုတ်ဖြဲလိုက်သည်နှင့်တစ်ပြိုင်နက် မားသဲ ပြန်ရောက်လာသည့်သဘောဖြစ်နေသည်။

ဒါဆိုလျှင် ဓာတ်ပုံကို ဆုတ်ဖြဲလိုက်ရုံမျှနှင့် ယင်း၏ အကျိုးသက်ရောက်မှုကို ပယ်ဖျက်နိုင်လေမလား။

သူ့ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသွားသည်။ သူ့စိတ်ကူးက ရှူးသွင်ရာကျနေမှန်း သူသိသော်လည်း ဘာမှ မတတ်နိုင်ပါ။

သူ အသိဉာဏ် ကန်းသူတစ်ယောက်လို ဖြစ်နေ၏။ ကမန်းကတန်းထပြီး အံဆွဲကို ဖွင့်သည်။ ပျက်စီးနေသော မော်တော်ကား၏ ဓာတ်ပုံကို ထုတ်ယူလိုက်၏။



ထို့နောက် ဓာတ်ပုံကို အစိပ်စိပ်အမွှာမွှာ ဆုတ်ဖြဲလိုက်သည်။ ပြီးလျှင်ပြီးချင်း အိမ်အောက်ထပ်ဆီသို့ ပြေးဆင်းကာ အိမ်ခြေရင်းဘက်ရှိ ကားဂိုဒေါင်တံခါးကို ဆွဲဖွင့်လိုက်သည်။

ဂိုဒေါင်ထဲတွင် ရစရာမရှိအောင် ပျက်စီးနေသော အပြာရောင်တောရှင် ဝက်ဝွန်ကားလေးကို တွေ့ရသည်။

သူ ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။

သို့သော် ပျက်စီးနေသော ကားလေးက မည်သို့မျှ ပြောင်းလဲသွား။ ပျက်စီးမြဲပျက်စီးလျက်. . .။

နောက်ဆုံးတွင် သူစိတ်လျှော့လိုက်တော့သည်။

**ပျက်စီးသွားသော အနာဂတ်များသည် မည်သို့မျှ ပြန်လည်ပြင်ဆင်နိုင်ခွင့် မရှိတော့ပါကလား။**

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဘုရားကျောင်းရှေ့ မြေနီလမ်းပေါ်သို့ နေရောင်ခြည်၏ အလင်း နွေးထွေးနူးညံ့စွာ ကျရောက်နေသည်။ ကောင်းကင်သည် တိမ်ကင်း ပြီး အပြာရောင်ကြည်လင်တောက်ပနေ၏။

လက်ျာအောင်က မားသဲကို စိုက်ကြည့်လိုက်ပြီး. . .

"နင်က တကယ်ကို နင်နဲ့တူသားပဲ မားသဲ"

ထို့နောက် သူက သူမ၏ လက်မောင်းကို ဆွဲဆိတ်ကြည့်လိုက် ပြီး. . .

"အမယ်. . . တကယ့်မားသဲအစစ်ပဲဟ၊ ဟဲ. . . ဟဲ"

သို့သော် သူမက ပြုံးပြဖော်ပင်မရ။ မားသဲက. . .

"ငါ့မှာတော့ စိတ်ညစ်ရလွန်းလို့ သေတော့မယ်၊ ခေါင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



နောက်နေတာပဲ၊ ငါ့အမေကလည်း မေးခွန်းတွေ မေးလိုက်တာ စုံ
အိမ်နီးနားချင်းတွေကလည်း ဘာတွေမှန်း မသိဘူး၊ ဝိုင်းပြီး စပ်စုလို
ကြတာ၊ ငါ့ကို နိုးရာလိုက်သွားတာလား၊ ဘာလားနဲ့၊ အမေကတော့ အဲ
ကို ငါ့အပြစ်လို့ချည်းပဲ ပြောနေတယ်"

လက်ျာအောင်က သက်ပြင်းက ချလိုက်ရင်း. . .

"ဒါ. . . နင့်အပြစ်မဟုတ်ပါဘူးဟာ၊ ကင်မရာရဲ့ အပြစ်
အဲဒီကင်မရာက မကောင်းဆိုးဝါးပဲ"

မားသဲက ပခုံးကို တွန့်လိုက်၏။ ထို့နောက်. . .

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ငါတော့ မသိတော့ဘူး၊ ဘာ
လည်း မစဉ်းစားတတ်တော့ဘူး"

လက်ျာအောင်က. . .

"ငါ. . . ဒီကင်မရာကို သူ့နေရာမှာသူ သွားပြန်ထားချင်တယ်
ငါတို့ ဟိုအိမ်ကြီးကို တစ်ခေါက်ပြန်သွားရအောင်ဟာ၊ နင် ငါနဲ့အတူ
လိုက်ခဲ့မှာလား"

သူမက တစ်စုံတစ်ရာ ပြန်ဖြေရန် ပြင်လိုက်သည်။ သို့သော်
စကားလုံးတစ်လုံးမှ ထွက်မကျလာနိုင်ဘဲ သူမ၏ ပါးစပ်က ဟောင်
လောင်းပွင့်ဟသွားခဲ့သည်။

သူမ၏ မျက်လုံးများကလည်း ကြောက်ရွံ့ထိတ်လန့်မှုဖြင့် ပြူး
ကျယ်ဝိုင်းစက်လျက်။ လက်ျာအောင်ကို ကျော်ပြီး နောက်ဘက်တစ်နေရာ
ဆီသို့ လှမ်းကြည့်နေသည်။



လက်ျာအောင်က သူ့နောက်ကျောဘက်ဆီသို့ ချာခနဲ လှည့်
ကြည့်လိုက်သည်။

"ဟင်. . ."

သူတို့နှစ်ဦးထံသို့ လျင်မြန်စွာ တည့်တည့်ကြီး ရွေ့လျားလာနေ
သည်ဟုထင်ရသော အနက်ရောင် လူရိပ်။ လက်ျာအောင်သည်လည်း
ကြောက်ရွံ့တုန်လှုပ်မှုနှင့်အတူ မျက်လုံးများ ပြူးသွားရသည်။ နှုတ်ခမ်း
တွေ ခြောက်သွေ့ကာ ပါးစပ်အဟောင်းသားပွင့်လျက်. . .။

ထိုတခဏမှာပင် သူနှင့် မားသဲတို့၏ အမှုအရာများသည်
ဓာတ်ပုံထဲက အမူအရာများအတိုင်း မတော်တဆ ရိုက်မိခဲ့သော ဓာတ်ပုံထဲက အမူအရာများအတိုင်း
ဖြစ်နေကြပြီဆိုသည်ကို သူနားလည်လိုက်တော့သည်။

"အောင်မလေး"

မားသဲက အသံကုန်အော်ပြီး ချာခနဲလှည့်ကာ အိမ်ဘက်ဆီ
သို့ တဟုန်ထိုးပြေးတော့သည်။ သူလည်း ဘာမှန်းမသိဘဲ ကြောက်
ကြောက်လန့်လန့်ဖြင့် နောက်မှ လိုက်ကာ သုတ်ခြေတင်ရတော့သည်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

ခြံရှေ့သို့ ထွက်လာသော မားသဲ၏ အမေနှင့် ပက်ပင်းတိုး
တိုက်မိသည်နှင့် တစ်ပြိုင်နက် အမောတကော ပြေးလာကြသည့် သူတို့
နှစ်ယောက်ကို ဆီးပြီး မေးလိုက်ခြင်းဖြစ်သည်။

မားသဲက. . .

"နောက်မှာ. . . နောက်မှာ လူ. . . လူ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဘယ်မှာလဲ၊ ဘယ်သူမှလည်း မရှိပါလား"

မားသဲ၏ မိခင်က ပြောလိုက်တော့မှပင် သူတို့နှစ်ယောက်စလုံး နောက်ပြန်လှည့်ကြည့်မိကြသည်။

မည်သူမျှ မရှိ။

လမ်းပေါ်တွင် လူသူကင်းရှင်းနေလေသည်။

* * *



သူတို့နှစ်ယောက်စလုံး အမောပြေသွားကြသောအခါ လကျ်ာအောင်က မားသဲကို 'ကဲ... ဘယ်လိုလဲ' ဟူသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။

မားသဲက သူ့ထံမှ မျက်နှာလွှဲသွားသည်။ အကြာကြီး ငြိမ်သက်တာ စဉ်းစားနေ၏။ ထို့နောက် သူမက...

"ဆောရီးပဲဟာ... ဟိုအိမ်ကို ပြန်သွားဖို့ဆိုတာကတော့ ငါ့အနေနဲ့ စဉ်းတောင်မစဉ်းစားရဲတော့ဘူး၊ နင့်ကို မကူညီနိုင်တာ ခွင့်လွှတ်ပါဟာ"

သူမက သည်လောက်ပဲ ပြောသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



မားသဲကို သူအပြစ်မတင်ချင်ပါ။ သူမ၏ ခံစားချက်ကို သူကောင်းစွာ နားလည်သည်။ အခုလို အခြေအနေမျိုးမှာ ဒီကင်မရာနှင့် ဘယ်လိုမှ ပတ်သက်ချင်စိတ် သူမတွင် ရှိလိမ့်မည်မဟုတ်။ သူကိုယ်တိုင်ပင်လျှင် ဒီကင်မရာကို မကောင်းဆိုးဝါးတစ်ကောင်လို ကြောက်ရွံ့စက်ဆုတ်နေမိသည် မဟုတ်ပါလား။

သူ့အိပ်ခန်းထဲသို့ရောက်သောအခါ ဝှက်ထားသောနေရာမှ ကင်မရာကို မုန်းတီးကြောက်ရွံ့စိတ်ဖြင့်ပင် ထုတ်ယူကြည့်မိပြန်သည်။

လက်ကျန်ဖလင်ကွက် အရေအတွက်ကို ကြည့်လိုက်မိတော့ သူ အံ့အားသင့်သွား၏။

"ဟင်..."



ဒိုင်ခွက်ထဲမှာ (၁) ဂဏန်းကို ပြနေသည်။ ဒီကင်မရာသည် တစ်ချိန်လုံး သူ့မျက်စိအောက်က ဘယ်သူမှ ယူသွားခြင်းမရှိတာ သေချာ၏။

သည်လိုဆိုလျှင် ဒီကင်မရာထဲမှ ဖလင်တွေက သူ့အလိုလို လျော့သွားနေတာပါလား။

အခုတော့ ကင်မရာထဲမှ ဖလင်လက်ကျန်ဟူ၍ နောက်ဆုံး ဖလင်တစ်ကွက်စသာ ရှိတော့သည်။

ဒါကို သူ ဘာလုပ်ရမလဲ...။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

**'ကိုယ့်ဘဝ၏ အခက်အခဲကို ရင်ဆိုင်ရာတွင် လူသည် အမြဲတမ်း အထီးကျန်စွာ တစ်ယောက်တည်း ရင်ဆိုင်ရမြဲဖြစ်သည်'** ဟူသော အသိတစ်ခုဖြင့် လကျ်ာအောင် အိမ်အိုကြီးရှေ့သို့ ရောက်လာခဲ့ရတော့သည်။

ဆင်ခြေလျှောကုန်းကလေးထိပ်တွင်ရပ်ရင်း အိမ်အိုကြီးဆီသို့ သူ လှမ်းကြည့်လိုက်၏။ သူ့လက်ထဲတွင်တော့ ကင်မရာကို ကိုင်ထားလျက်သား။

ထိုစဉ် ရှည်လျားသော မြက်ပင်များကြားမှ 'ချွတ်' ခနဲ လှုပ်ရှားသံတစ်ခုကို ကြားရသဖြင့် သူ ရင်ထိတ်သွားသည်။ ဘေးဘက်ကို လှည့်ကြည့်လိုက်တော့ ဘာကိုမှမမြင်ရ။

www.burmeseclassic.com

www.burmeseclassic.com



ဝထမတစ်ခေါက်လာခဲ့စဉ်တုန်းက မြက်ပင်တွေကြားထဲမှ ဖြန့်ခနဲ ခုန်ထွက်လာခဲ့သော ခွေးကလေးကို သူပြန်သတိရလိုက်မိသည်။ သို့ဖြင့် သူ စိတ်သက်သာရာ ရသွား၏။

အချိန်က ညနေ သုံးနာရီကျော်နေပြီ။ သည်နေ့ကျမှ မိုးကောင်းကင်က ထူးထူးခြားခြား အုံ့မှိုင်းနေသည်။ လေကလည်း တဟူးဟူး တိုက်နေသည်။ မှိုင်းညိုသော ကောင်းကင်ပြာနောက်ခံနှင့် အိမ်အိုကြီး၏ အရိပ်သည် တစ္ဆေတစ်ကောင်နှင့် တူနေပေသည်။

"အရင်ဆုံး ဒီအိမ်ကြီးထဲမှာ ဘယ်သူမှ မရှိတာ သေချာအောင် စောင့်ကြည့်ပြီးမှ အထဲဝင်ရမယ်" ဟု လကျ်ာအောင်က တွေးလိုက်သည်။

ထို့နောက် သူက မြက်ပင်ရှည်တွေကြားထဲက ပုန်းလျှိုးဝပ်တွားတာ အိမ်ကြီး၏ ခြေရင်းဘက်ဆီသို့ တိတ်တဆိတ် ရွေ့လျားလာခဲ့သည်။

သူက အိမ်ရှေ့ခန်းမအတိုင်း ဖြတ်သန်းပြီး မဝင်ချင်။ အရင်တစ်ခေါက်တုန်းက သူတို့ ပြန်ထွက်ပြေးလာခဲ့ကြသော လမ်းကြောင်းအတိုင်း မြေအောက်ခန်းနှင့် တိုက်ရိုက်ဆက်ထားသည့် လျှို့ဝှက်တံခါးပေါက်မှ ဝင်ဖို့ ဆုံးဖြတ်လိုက်၏။

လေပြင်းတစ်ချက်တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့ လှုပ်ရမ်းကာ ချောက်ချားဖွယ် ချိုးချိုးချွတ်ချွတ် အသံမျိုးစုံ ထွက်ပေါ်လာသည်။

လကျ်ာအောင်က အသက်ကိုပင် မရှူရဲဘဲ အောင့်ထားလိုက်မိသည်။ ပြတင်းပေါက်မှတစ်ဆင့် အိမ်ထဲသို့ လှမ်းကြည့်ဖို့ သူ ကြိုးစား



သော်လည်း ဘာမှ မမြင်ရ၊ မှောင်မိုက်နေသည်။

ဟော. . . ဟိုမှာ၊ မြေအောက်ခန်းအထွက်တံခါးကို မြင်ရသည်။ ထိုတံခါးက သူတို့ထွက်ပြေးလာခဲ့ကြစဉ်တုန်းကအတိုင်း ပွင့်ဟလျက်သားရှိသည်။

ထိုတံခါးနောက်ကွယ်မှ လှေကားထစ်များအတိုင်း ဆင်းသွားလျှင် လှေကားအဆုံး၌ နောက်ထပ်တံခါးတစ်ချပ်ရှိသည်။ ထိုတံခါးသည် မြေအောက်ခန်းထဲရှိ စားပွဲနှင့် အဝတ်ဗီရိုဟောင်းကြီးကြားရှိ နံရံတွင် ပွင့်နေသော တံခါးဖြစ်၏။

'အဲဒီကနေ လှစ်ခနဲ ဝင်၊ ကင်မရာကိုထားပြီး ချက်ချင်း ပြန်ထွက်လာရုံပဲ၊ ဘာမှ မခက်ဘူး' ဟု သူ့ကိုယ်သူ အားပေးလိုက်သည်။

ဒီမိနစ်ပိုင်းလောက်အတွက် သူ့မှာ သတ္တိတွေရောက်လာပါစေ ဟု ဆုတောင်းမိလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူ အသက်ကို ဝအောင်ရှူသွင်းပြီး ပွင့်နေသောတံခါးရှိရာဆီသို့ ပြေးကပ်လိုက်လေသည်။ ရုတ်တရက် အသံတစ်သံလိုလို ကြားလိုက်ရသောကြောင့် သူ ငြိမ်သက်နေလိုက်ရပြန်၏။

အသေအချာ နားစွင့်ကြည့်လိုက်သောအခါ ဘာသံမှ မကြားရ။

မည်သူမှ မရှိသည်မှာ သေချာသည်။

လှေကားထစ်များအတိုင်း သူတစ်လှမ်းချင်း ဆင်းလာခဲ့တော့သည်။

* * *



လှေကားအဆုံးသို့ ရောက်သောအခါ နံရံရှိ တံခါးကို အသာအယာတွန်းဖွင့်ပြီး ချောင်းကြည့်လိုက်သည်။

ရှေးခေတ်ပုံစံအဝတ်အစား ဗီရိုဟောင်းကြီးကို မြင်ရသည်။ ဗီရိုရှေ့တွင် ပြန့်ကျဲနေသော ရောင်စုံအဝတ်အစားများကိုလည်း တွေ့ရ၏။ ထို့နောက် ကြမ်းပြင်ပေါ်မှ မွေ့ယာအပေါ်က်အမြဲနှင့် ညစ်ပေစုတ်ပြတ်နေသော စောင်ဟောင်းတစ်ထည်။

ကြည့်ရသည်ကတော့ သူတို့ထွက်သွားပြီးကတည်းက ဒီအခန်းထဲသို့ မည်သူမျှ ရောက်သေးပုံမရ။

လက်ျာအောင်က တံခါးကို စိတ်ချလက်ချဖြင့် တွန်းဖွင့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟျှိ"

အခန်းထဲသို့ လှမ်းဝင်လိုက်သော သူ့ခြေထောက်တွေ တုန်ယင်နေလေသည်။

စားရေးစားပွဲက သူနှင့်ခြေလှမ်း ခြောက်လှမ်းစာခန့်သာ ဝေးတော့သည်။ အဲဒီစားပွဲ၏ အထက်နားတွင် လေးထောင့်ပုံ ကနုတ်ပန်းဖော်ထားသော အံဝှက်တစ်ခု ရှိသည်။

ကင်မရာကို အဲဒီအံဝှက်ထဲ ပြန်ထည့်လိုက်ပြီးလျှင် ကိစ္စအားလုံးပြီးပြီ၊

လက်ျာအောင်က ခြေလှမ်းကို စတင်လှမ်းလိုက်သည်။

တစ်လှမ်း. . .။

နှစ်လှမ်း. . .။

သုံးလှမ်း. . .။

ထိုစဉ်မှာပင်. . .

"ဟေ့ကောင်. . . မပြေးနဲ့"

ချောက်ချားဖွယ်ရာ အသံဆိုးကြီးကြောင့် သူ့တစ်ကိုယ်လုံး တုန်ယင်သွားပြီး ချာခနဲ လှည့်ကြည့်လိုက်သည်။

စုတ်ပြတ်ပေရေနေသော အဝတ်အစားများ ဝတ်ဆင်ထားသည့် အသက်ကြီးကြီး လူတစ်ယောက်သည် အိမ်အတွင်း စာကြည့်ခန်းဆီသို့ တက်သော သစ်သားလှေကားပေါ်တွင် ရပ်ရင်း သူ့ကို စိမ်းစိမ်းကြီး ကြည့်နေသည်။



ထိုလူ၏ အသွင်အပြင်က မြင်ရုံနှင့်ပင် စိတ္တဇဝေဒနာရှင်မှန်းသိသာ၏။

'အရှူးဖိုးငိုဆိုတာ သူပဲဖြစ်မယ်' ဟု လက်ျာအောင်က တွေးလိုက်သည်။ ထို့ကြောင့် သူက လက်ထဲမှ ကင်မရာကို မြှောက်ပြပြီး. . .

"ဒီ. . . ဒီမှာ"

ဟု စကားစလိုက်သည်။ သို့သော်. . .

"ဟေ့ကောင်. . . ရှေ့မတိုးလာနဲ့၊ သူခိုး၊ နင် သူခိုးပဲ၊ သေသွားချင်သလား"

အရူးဖိုးငိုက ကြုံးဝါးခြိမ်းခြောက်ရင်း လက်ထဲတွင် ကိုင်လာသော သုံးပေခန့် ရှည်လျားသည့် သံချွန်ကြီးဖြင့် လက်ျာအောင်၏ ရင်ဘတ်ကို ချိန်ရွယ်ထားသည်။

မီးဖိုခန်းထဲမှ မီးဆွသည့် သံချွန်ရှည်ကြီးကို ကိုင်လာခြင်းဖြစ်သည်။

အန္တရာယ်ကတော့ ကြီးနေပြီ။

လက်ျာအောင်က သစ်သားလှေကားရင်းမှာ ဖြစ်သောကြောင့် အရူးဖိုးငိုနှင့် အပေါ်အောက်တည့်တည့်ဖြစ်နေ၏။ သံချွန်နှင့်လှမ်းပစ်လိုက်လျှင် ရှောင်ဖို့မလွယ်။

ထို့ကြောင့် လက်ျာအောင်က အစာတ်နိုင်ဆုံး ဖျောင်းဖျောင်းဖျ ပြောဖို့ ဆုံးဖြတ်လိုက်သည်။

"ကျွန်တော် သူခိုးမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ကင်မရာကို လာ

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ထားတာပါ၊ ဒီမှာလေ ခင်ဗျားရဲ့ ကင်မရာ"

သူက လက်ထဲမှ ကင်မရာကို ပြရင်းပြောသော်လည်း အရူးဖိုးငိုက ချာချာလည်နေသည့် မျက်လုံးရဲရဲကြီးများဖြင့် သူ့မျက်နှာကိုသာ စိုက်ကြည့်နေရင်း. . .

"ဘာကင်မရာလဲ မသိဘူး၊ ငါ မသိဘူး၊ သူခိုး မင်းလိမ်မယ် မကြံနဲ့"

လကျ်ာအောင်သည် သူ့အမှားကို သူချက်ချင်းသိသွား၏။

ဒီကင်မရာသည် ဘယ်လိုနည်းနှင့်မျှ အရူးဖိုးငို၏ ကင်မရာ မဖြစ်နိုင်ပါ။ နောက်ပြီး သူမြင်လိုက်ရသည့်အရိပ်ကလည်း အရူးဖိုးငို၏ ပုံသဏ္ဍာန်နှင့် လုံးဝမတူချေ။

သူ ငိုင်တွေ၍ စဉ်းစားနေစဉ်မှာပင် အရူးဖိုးငိုက ဒေါသတကြီးဖြင့် ရူးသွပ်စွာ အော်ဟစ်လိုက်ပြီး. . .

"သူခိုး. . . ငါ့ပစ္စည်းတွေ လာခိုးတဲ့ သူခိုး၊ နင့်ကို ငါ အမိဖမ်းမယ်၊ ငါလာပြီ"

အရူးဖိုးငိုက သံချွန်ရှည်ကြီးကို မြှောက်ကာ ချိန်ရွယ်ရင်း သစ်သားလှေကားထစ်များအတိုင်း ပြေးဆင်းလာရာ. . .

ဇော်ရာကြောင့် ကျိုးနေသည့် သစ်သားလှေကားထစ်ဆီသို့ လကျ်ာအောင်၏ အကြည့်က ဖျတ်ခနဲ ရောက်သွားသည်။

ထိုစဉ်မှာပင် အရူးဖိုးငို၏ ခြေထောက်က ထိုကျိုးနေသော လှေကားထစ်ပေါ်သို့ တည့်တည့်နင်းချလိုက်ရာ၊ ခြေချော်ကာ ဟန်ချက်ပျက်သွားပြီး ရှေ့သို့ အားလွန်ကာ ထိုးစိုက်ကျလာသည်။



လကျ်ာအောင် ရှောင်ဖို့အချိန်မရတော့. . .

"ဟာ"

"အား"

အရှိန်ဖြင့် ပြုတ်ကျလာသော အရူးဖိုးငို၏ လက်ထဲမှ သံချွန်ရှည်ကြီးက လကျ်ာအောင်၏ ရင်ဘတ်ကို တည့်တည့်စိုက်ဝင်သွားလေတော့သည်။

သူ အံ့အားသင့်နေသောကြောင့် ရုတ်တရက် နာကျင်ဖို့ သတိမရ။ သူ့ရင်ဘတ်ထဲသို့ သံချောင်းရှည်ကြီးတစ်ချောင်း စိုက်ဝင်သွားပုံမှာ သွယ်ကူမြန်ဆန်လွန်းလှသည်ဟု တွေးနေမိ၏။ သူ့လက်ထဲ၌ ကင်မရာကို သည်း ဆုပ်ကိုင်ထားဆဲ။

သည့်နောက်တွင်တော့ အနက်ရှိုင်းဆုံး နာကျင်မှုကို သူ စတင်ခံစားရလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



လက်ျာအောင်က အသက်ကို ခဲခဲယဉ်းယဉ်း ရှူနေရ၏။ ဝင်သက်တစ်ခါ ရှိုက်သွင်းတိုင်း သံချွန်ရှည်ကြီး တန်းလန်း စိုက်ဝင်နေသည့် သူ့ရင်ဘတ်က စူးစူးရှားရှား နာကျင်သွားသောကြောင့် ဖြစ်သည်။

ဝေဒနာက ပြင်းထန်လွန်းသောကြောင့် သူ့မျက်လုံးတွေက ရှိနေ ကာ အမြင်အာရုံတွေ ဝိုးတဝါးဖြစ်လာ၏။ သို့သော် သူ့လက်ကတော့ ကင်မရာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲ။

အဲသည်အချိန်မှာပင် သူ့ထံသို့ ဖြည်းဖြည်းချင်း လျှောက်လာ နေသော အနက်ရောင်လူရိပ်ကို သူမြင်လိုက်ရခြင်းဖြစ်လေသည်။

ဟင်... အဲဒါ ဘယ်သူလဲ၊ အရှူးဖိုးငိုလား။

မဖြစ်နိုင်၊ အရှူးဖိုးငိုက ပြုတ်ကျသည့်အချိန်ဖြင့် သူ့ဘေးနား



လှေကားရင်းတွင် မလှုပ်မယှက်။

ဒါဆို အခုလာနေတာ ဘယ်သူလဲ။

သေချာသည်ကတော့ ယခုမြင်နေရသော အနက်ရောင် လူရိပ်သည် အရင်ကတည်းက အကြိမ်ကြိမ် သူမြင်ခဲ့ရသော လူရိပ်ဖြစ်ကြောင်း သူ မှတ်မိနေခြင်းပင်ဖြစ်၏။

ငါ... ဒဏ်ရာကြောင့် ကယောင်ကတမ်းတွေ မြင်နေမိတာ များလား။

ဟော... အဲဒီလူရိပ်က သူ့အနားရောက်လာပြီ။

လက်ျာအောင်က လှမ်းမေးလိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

ထိုလူရိပ်၏ မျက်နှာကို သဲသဲကွဲကွဲ ပီပီပြင်ပြင် မမြင်ရ။ အနက်ရောင် ပုံသဏ္ဌာန်ကောက်ကြောင်းကိုသာ မြင်နေရခြင်းက ထူးဆန်းလှသည်။

ဘုရားရေ... သူ ငါ့ကို အန္တရာယ်ပြုမလို့များလား။

သူ စဉ်းစားနေစဉ်မှာပင် အနက်ရောင်လူရိပ်က စကားစပြော ၏။

"ငါဟာ... အနာဂတ်ပေါ့"

"ဘာ... ဘယ်သူ"

"ငါက မင်းတို့အားလုံးရဲ့ အနာဂတ်ပဲလေ"

လက်ျာအောင်က ကြားနေရသော သူ့နားကိုပင် သူမယုံချင်၊

www.burmeseclassic.com

www.burmeseclassic.com



စကားလုံးတွေက ထူးဆန်းသလို ထိုလူရိပ်ပြောနေသည့်စကားသံကလည်း သူ့အသံဖြစ်နေ၏။

သေသေချာချာ အားတင်းပြီးကြည့်လိုက်တော့ ထိုလူရိပ်၏ ပုံသဏ္ဌာန်ကောက်ကြောင်းက သူနှင့်တစ်ထပ်တည်းတူနေသလိုလို။

လက်ျာအောင်က အထိတ်တလန့်မေးလိုက်သည်။

"ခင်ဗျား. . . ခင်ဗျားရဲ့အသံက ဘာဖြစ်လို့ ကျွန်တော့်အသံ ဖြစ်နေရတာလဲ၊ ပြီးတော့ ဘာဖြစ်လို့ ခင်ဗျားက ကျွန်တော်နဲ့တူနေရတာ လဲ"

"အခု မင်းစကားပြောနေတာ မင်းရဲ့အနာဂတ်လေ၊ ဒါကြောင့် ငါ့ပုံသဏ္ဌာန်ကို မင်းရဲ့ရုပ်၊ မင်းရဲ့အသံအတိုင်းပဲ မြင်ရ၊ ကြားရမှာပေါ့ မိန်းကလေးတစ်ယောက်က ကြည့်မယ်ဆိုရင်တော့ ငါ့ကို သူနဲ့ ချွတ်စွပ် တူတဲ့ မိန်းကလေးတစ်ယောက်အဖြစ်နဲ့ မြင်ရမှာပဲလေ"

"ဒါ. . . ဒါပေမဲ့ ခင်ဗျားရဲ့မျက်နှာကို ကျွန်တော် သေသေ ချာချာလည်း မမြင်ရပါလား"

ပြောရင်းနှင့်ပင် သူ့စိတ်ထဲ တွေတွေဝေဝေဖြစ်နေသည်။ အမြင် အာရုံကလည်း ဝိုးတဝါး။ ဒါ. . . ဒါ ငါတကယ်ဖြစ်နေတာလား၊ ဒါမှ မဟုတ် သေခါနီးဆဲဆဲမို့လို့ ကယောင်ချောက်ချားမြင်ယောင်နေတာလား

အရိပ်က. . .

"ဟုတ်တယ်၊ ငါ့မှာ မျက်နှာမရှိဘူး"

"ဘာရယ်. . ."



"ငါ့မှာ မျက်နှာမရှိဘူး၊ အနာဂတ်ဆိုတာ ရုပ်ပုံဖော်ပြီးသား အရာတစ်ခု မဟုတ်ဘူးလေ၊ အဲဒါကို ပုံဖော်ရမယ့်လူက မင်းကိုယ်တိုင် ပဲ"

လက်ျာအောင်က အသက်ကို ခဲယဉ်းစွာ ရှူသွင်းလိုက်၏။ စူးရှ ပြင်းထန်သော ဝေဒနာက နှလုံးအိမ်ထဲအထိ အောင့်သွားသည်။

သူ ချောင်းတစ်ချက်ဆိုးလိုက်၏။ ပါးစပ်ထဲမှ သွေးစ အနည်း ငယ် စီးကျလာသည်။ လက်ျာအောင်က. . .

"အဟွတ်. . .။ ခင်. . . ခင်ဗျားက ကျွန်တော်တို့နောက်ကို ဘာဖြစ်လို့ တကောက်ကောက်လိုက်နေရတာလဲ"

"ငါက လူတွေအားလုံးရဲ့အနားမှာ အမြဲတမ်း အရိပ်လို ရှိနေ တာပဲ၊ ဒါပေမဲ့ လူတွေက ငါ့ကို မမြင်ရဘူးလေ၊ မင်းတို့လေးယောက်က ပဲ အနာဂတ်နဲ့ ဆက်သွယ်တဲ့ကင်မရာကို ရထားတော့ ငါ့ကိုမြင်နေရတာ ပေါ့"

"အဲဒီ. . . အဲဒီကင်မရာက အနာဂတ်ကို တကယ်ပဲ ပြနိုင် သလား"

"ငါ ဖြေနေစရာ လိုသေးလို့လား၊ မင်းကိုယ်တိုင် စမ်းကြည့်ခဲ့ပြီး ပြီပဲ၊ ဒါပေမဲ့ ကင်မရာဆိုတာ ရုပ်ဝတ္ထုပစ္စည်းတစ်ခုပဲ၊ သူဖော်ပြနိုင်တဲ့ အနာဂတ်ဟာ ကားတိုက်မှုလိုမျိုး အရေးကြီးတဲ့အဖြစ်အပျက်တွေ ပါနိုင် လည်းပါမယ်၊ မင်းအစ်ကိုရဲ့ဓာတ်ပုံလိုမျိုး သိပ်အရေးမကြီးတဲ့ဟာမျိုး လည်း ဖြစ်ရင်ဖြစ်မယ်၊ သူက မင်းဘာသိချင်တယ်ဆိုတာကို ခွဲခြားပြော

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်မှာ မဟုတ်ဘူး၊ မင်းကိုရိုက်တဲ့ ဓာတ်ပုံမှာတောင်မှ မင်းအခုလိုဖြစ်မယ်ဆိုတာ ပေါ်လို့လား"

သူ့စကားကြောင့် လက်ျာအောင်က နာကျင်စွာဖြင့် ယုံယုံပြုံးလိုက်သည်။

အနာဂတ်ဆိုတာ ငါတို့လူတွေ အတိအကျ ကြိုတင်သိနိုင်ကောင်းတဲ့အရာ ဟုတ်လို့လားဟု တွေးလိုက်၏။

လက်ျာအောင်၏ စိတ်ထဲမှ အတွေးကို ထိုသူ သိနေပုံရသည်။

"မင်းရဲ့အနာဂတ်ကို တိတိကျကျ သိချင်ရင်တော့ ငါကိုယ်တိုင် မင်းရဲ့ရှေ့မှာရောက်နေပြီပဲ၊ ငါ့ကို ဓာတ်ပုံရိုက်လိုက်ရုံပေါ့၊ မင်းဘဝအတွက် နောက်ဆုံးရိုက်သွားဖို့ လက်ကျန်ဖလင်တစ်ကွက် ရှိသေးတယ် မဟုတ်လား"

လက်ျာအောင်က အားတင်းပြီး ခေါင်းညိတ်ပြလိုက်၏။

ငါ့ဘဝအတွက် နောက်ဆုံးရိုက်စရာကျန်သေးတဲ့ လက်ကျန်ဖလင်တစ်ကွက်ဆိုပါလား။

အခုတော့ သူ့ကင်မရာထဲမှာ ဖလင်အရေအတွက်တွေ ဘာကြောင့် အလိုလိုနေရင်း လျော့လျော့သွားရသလဲဆိုသည်ကို သူ သဘောပေါက်နားလည်သွားပြီဖြစ်သည်။

အနာဂတ်ဆိုသည်မှာ သူပိုင်ဆိုင်သော အချိန်ကာလတစ်ခုပင်ဖြစ်သည်၊ ထိုအချိန်ကာလအတွင်းမှာ သူတစ်ခုခုကို လုပ်နေသည်ဖြစ်စေ ဘာမှမလုပ်ဘဲ အိပ်နေသည်ဖြစ်စေ သတ်မှတ်ထားသော အချိန်တွေက



တော့ အလိုလိုလျော့နည်းပျောက်ကွယ်သွားသော ဖလင်ကွက်တွေလို တရွေ့ရွေ့ကုန်ဆုံးနေမည်သာဖြစ်၏။

ယခုနောက်ဆုံး ဖလင်တစ်ကွက်သာ ကျန်တော့သည်။ သူ့အလိုလိုနေရင်း ဒီဖလင်ကွက်ကလေး ပျောက်ကွယ်မသွားခင်. . .

လက်ျာအောင်က နာကျင်နေသည့်ကြားမှ အားတင်းပြီး ပြောလိုက်၏။

"ကျွန်တော်သေသွားပြီးရင် ကျွန်တော့်အနာဂတ်ဟာ ဘာဖြစ်မလဲ။ လူလား၊ တိရစ္ဆာန်လား၊ ဒါမှမဟုတ် အခြားတစ်စုံတစ်ခုလား"

အရိပ်က. . .

"ငါ့မှာပြောခွင့်မရှိဘူး"

"ဒါဆို ခင်ဗျားမှာ ဘာရှိသလဲ"

အရိပ်က တီးတိုးလေသံဖြင့် ပြန်ဖြေသည်။

"အနာဂတ်ဆိုတဲ့အရာမှာ မသေချာခြင်းတစ်ခုပဲ ရှိတယ်"

သူ့အသံက တိုးဖျော့ပါးလွှာလွန်းနေသည်။ ရေခဲမှုန်နှင့်ရေခဲငွေ့တွေ ဝေနေသည့် အသံမျိုး။ အရိပ်က ဆက်ပြောသည်။

"အဲဒီလို မသေချာမရေရာတာကိုက ဘဝရဲ့ အဓိပ္ပာယ်ပဲ၊ ဘာဖြစ်မယ်မှန်းမသိတဲ့ အနာဂတ်ဆီကို သွားဖို့ကြိုးစားရင်း အောင်မြင်လိုက်၊ ဆုံးရှုံးလိုက် ဖြစ်နေရတာကိုက ဘဝရဲ့ အနှစ်သာရပဲ မဟုတ်လား"

ပြင်းထန်စူးရှသော သေအံ့ဆဲဆဲဝေဒနာကြောင့် လက်ျာအောင်၏ နားထဲတွင် မကြားတစ်ချက်၊ ကြားတစ်ချက် ဖြစ်နေသည်၊

www.burmeseclassic.com



သူက ကင်မရာကို သူ့ရင်ဘတ်ပေါ်သို့ရောက်သည်အထိ ဖြည်းဖြည်းချင်း ဆွဲယူလိုက်ပြီး မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"သေပြီးတဲ့နောက်မှာကော ဘဝရဲ့အနှစ်သာရဆိုတာ ရှိဦးမှာလား၊ ဟိုဘက်မှာ ဘာရှိသလဲ"

"အဲဒါ အနာဂတ်ကိစ္စလေ၊ မင်းကို ငါမပြောပြနိုင်ဘူး"

"ဒါပေမဲ့ အဲဒီအနာဂတ်ကို ကျွန်တော်က ဓာတ်ပုံရိုက်ယူနိုင်တယ်ဆိုတာ ခင်ဗျား မမေ့နဲ့"

လက်ျာအောင်က ပြော၊မပြောဆိုဆိုနှင့် သူ့ရှေ့တည့်တည့် လက်တစ်ကမ်းအကွာတွင် ရှိနေသော အနာဂတ်ကိုချိန်ပြီး ကင်မရာခလုတ်ကို နှိပ်လိုက်သည်။

"ဖျောက်"

မော်တာရစ်သံသဲ့သဲ့နှင့်အတူ ဓာတ်ပုံတစ်ချပ်ထွက်လာသည်။

* * *



သူ ပြုံးလိုက်သည်။

သူ့လက်ထဲမှာ ကိုင်ထားသော ဓာတ်ပုံသည် ဘာပုံဖြစ်မလဲ။

သူ့ရင်ဘတ်ဆီမှ စူးရှသောဝေဒနာသည် ထူးဆန်းစွာပင် တဖြည်းဖြည်း ပါးလျလာသည်။

သူ အသက်ရှူသွင်းလိုက်သည်။

ဘဝဆိုသည်မှာ ချိုမြိန်လွန်းလှပါကလား။

သူ့လက်ထဲမှ ဓာတ်ပုံကို ကြည့်မည်ဟု စိတ်ကူးလိုက်သည်။ ထို့နောက် အဲဒီစိတ်ကူးကို သူ့ဘာသာသူ ချက်ချင်းပင် ငြင်းပယ်လိုက်၏။

ဟင့်အင်း. . . သူမသိချင်တော့ပါ။

အနာဂတ်ဟာ ဘယ်လိုပုံစံမျိုးပဲ ဖြစ်ဖြစ်ပေါ့။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူက လက်ထဲမှ ခတ်ပုံကို မကြည့်တော့ဘဲ အသာအယာ လွှတ်ချလိုက်သည်။

ခတ်ပုံလေးက ကြမ်းပြင်ပေါ်သို့ မှောက်လျက်သား ကျသွား၏။

သူအသံမထွက်ဘဲ အော်ဟစ်ရယ်မောလိုက်သည်။

သေခြင်း၏ ဟိုမှာဘက်တွင် ဘာပဲရှိရှိ သူကတော့ ခုန်ဆင်း ပစ်လိုက်ဖို့ရန် အသင့်ဖြစ်နေလေပြီ။

❑



ရွှေအိမ်မှူးစာပေ

# သတိုးဝေ

## တစ္ဆေ တစ် ကောင် ရဲ့ ညစာ

(ဒုတိယလုံးချင်းဝတ္ထု)

သရဲပုံပြင်များကို နားထောင်ဖူးကြပါသလား။ ကျွန်မကတော့ နားထောင်မည့်သူရှိလျှင် သရဲပုံပြင်များ လုပ်ကြံဖန်တီး၍ ပြောပြရသည်ကို အလွန်ဝါသနာပါ ပါသည်။ အထူးသဖြင့် ကျွန်မ၏မောင်လေး ဖိုးသားက သရဲဆိုလျှင် အလွန်ကြောက်တတ်သည်။ သူ့အသက်က ၉ နှစ်သာရှိသေး၏။

ကျွန်မက သူ့ကို မကြာခဏဆိုသလို သရဲပုံပြင်များပြောပြီး ခြောက်လန့်တတ်သည်။ ဟိုနေရာမှာ နာနာဘာဝကောင်တစ်ကောင် တွေ့ ခြင်ပြီး ဒီနေရာမှာ နာနာဘာဝကောင်တစ်ကောင်တွေ့ခြင်ပြီ စသဖြင့် ကျွန်မက ပေါက်ကရတွေ လုပ်ကြံဖန်တီး၍ ပြောတိုင်း သူ့ခမျာ နေစရာမရှိအောင် ကြောက်လန့်နေတတ်၏။

အဲဒါကြောင့်ပင်ဖြစ်မည်ထင်သည်။

တကယ့် နာနာဘာဝ မိစ္ဆာတစ်ကောင်ကို ကျွန်မ တွေ့သောအခါ တွင်ကား ကျွန်မပြောသည့်စကားကို မည်သူကမှ မယုံကြည်ကြတော့။ သူတို့ယုံကြည်လာသည့်အခါတွင်ကား အလွန်နောက်ကျသွားလေပြီ။ ထိုအချိန်တွင် ထိုနာနာဘာဝမိစ္ဆာကောင်သည် ကျွန်မတို့အိမ်ထဲသို့ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်ရှိနေပြီး ဖြစ်လေတော့သည်။

ဒီအကြောင်းကို အစမှ ပြန်ပြောရမည်ဆိုလျှင်...

www.burmeseclassic.com

www.burmeseclassic.com

# တာရာမင်းဝေ

## ဘယ်ဖက်လက်ထဲမှာ ဝှက်ထားတဲ့ပုံပြင်

### သက်တူရွယ်တူ

တစ်ခါက ဟိမဝန္တာတောတန်းရဲ့ ညောင်ပင်ကြီး တစ်ပင်အောက်မှာ ဆင်ကြီးတစ်ကောင်နေတယ်။ သစ်ကိုင်းပေါ်မှာ မျောက်၊ သစ်ပင်ထိပ်ဖျားမှာ ခါတို့နေကြတယ်တဲ့။

အဲဒီသစ်ပင်ကြီးကို အမှီပြုပြီး အတူတကွနေထိုင်ကြပေမယ့် သူတို့ချင်း မသင့်မြတ်ကြဘူး။ ပြောရရင်တော့ 'မတည့်အတူနေ' တွေပေါ့။ တစ်နေ့မှာ သူတို့ရဲ့ သစ်ပင်ကြီးအောက်ဆီကို အလွန်လှပမွှေးမြတဲ့ သစ်သီးတစ်လုံး ပြုတ်ကျလာတယ်။ ပိုင်ဆိုင်မှုဟာ အပြိုင်ဖြစ်နေတယ်။ အဲဒီတော့ မျောက်ကပြောတယ် . . .

"ဒါဆိုရင်လည်း ငါတို့ထဲက အသက်အကြီးဆုံးသူကို ဦးစားပေးမယ်ကွာ၊ သူအရင်စားပြီးမှ သူ့ထက်ငယ်သူစား၊ နောက်ဆုံးကျမှ အငယ်ဆုံးတစားပေါ့ကွာ"

"ဒါဖြင့် အသက်ကို တွက်ကြည့်ကြရအောင်"

ရိုးအလှတဲ့ ဆင်ကြီးက အရင်စပြောတယ်။

"ငါ ဆင်ပေါက် ငယ်ငယ်လေးတုန်းက ဒီညောင်ပင်ဟာ ငါ့ဗိုက်အောက်ကိုတောင် မထိသေးဘူး"

မျောက်က ပြောတယ်။

"ငါထိုင်တက်ခါစအရွယ်မှာပဲ ဒီညောင်ပင်ရဲ့ အညွန့်တွေကို လှမ်းဆွဲကစားခဲ့တာ"

ခါကပြောတယ်။

ဒီညောင်ပင်က ငါမစင်စွန့်လို့ပေါက်တဲ့ ညောင်ပင်ကွ၊ အစက ဒီမှာ တောင်မရှိဘူး"

အဲဒီတော့ ခါက သူတို့သုံးယောက်ထဲမှာ အသက်အကြီးဆုံး ဖြစ်သွားတော့တာပေါ့။ မျောက်က အလတ်၊ ဆင်က အငယ်ဆုံး။ အဲဒါ အဆုံးအဖြတ်ပဲ။

ဆင်က အငယ်ဆုံးဖြစ်နေတော့ သက်ပြင်းချရင်း ပြောတယ်။

"အဲဒါဆိုရင်လည်း ဒီသစ်သီးကို အစ်ကိုကြီးခါက အရင်စားပါ၊ ဦးဦးဖျားဖျား ဦးချရတာပေါ့၊ ပြီး အစ်ကိုလတ်ဖြစ်တဲ့ မျောက်က ဆက်စားပေါ့။ ခင်ဗျားတို့စားပြီး ကျန်တာကိုမှ အငယ်ဆုံးဖြစ်တဲ့ ကျွန်တော်က စားပါ့မယ်"

ခါက တဟားဟားရယ်တယ်။ မျောက်ကလည်း လိုက်ရယ်တယ်။ ဆင်ကြီးမှာတော့ မျက်နှာငယ်ကလေးနဲ့၊ ရယ်လို့အားရတဲ့အဆုံးမှာ ခါက သစ်သီးကို စ,စားတယ်။

"ဂစ်"

တစ်ချက်နှစ်ချက်ပဲ မြို့ချရသေးတယ်။ ခါဟာ တစ်ကိုယ်လုံးပြာနှမ်းပြီး သေဆုံးသွားတယ်။ အသက်ကြီးတယ်ဆိုပြီး ဦးဦးဖျားဖျားစားချင်တဲ့ ခါကတော့ (အရပ်စကားနဲ့ပြောရရင်) 'ကြွ' သွားပါပြီ။ မျောက်မှာ (နဂိုမှ ဂဏှာမငြိမ်ရတဲ့ကြားထဲ) ထိုင်ရမလို ထရမလိုဖြစ်ပြီး

"ဒါ . . ဒါ အဆိပ်သီးပဲကွ"

"အင်း . . ."

"ဒါဖြင့်လည်း လွှင့်ပစ်လိုက်ရအောင်ကွာနော်၊ ဘာဖြစ်လို့စားနေတော့မှာလဲ။ မင်းနဲ့ငါကြားမှာလည်း အကြီးအငယ် မခွဲခြားပါနဲ့တော့။ သက်တူရွယ်တူတွေလိုပဲ သဘောထားကြတာပေါ့ကွာ . . နော် . . . နော် . . . နော်"

သစ်ကိုင်းတွေကို လေတိုးသံက 'ရှဲ'ခနဲ မြည်သွားပါတော့တယ်။

www.burmeseclassic.com